# စာတွေဖတ်တဲ့ကလေးငယ်

(မိဘဆရာ နှင့်အုပ်ထိန်းသူများအတွက်–)

ခိုင်စွမ်း

# စာတွေဖတ်တဲ့ကလေးငယ်

## ykEdSwrf


| | |
|---|---|
| မျက်နှာဖုံးဒီဇိုင်း | - |
| စာမျက်နှာဖွဲ့စည်းမှု | - |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - ---- ပုံနှိပ်တိုက် |
| ထုတ်ဝေသူ | - ----၊ ---- စာပေ၊ (မြဲ -) |
| | - အမှတ် --၊ -- လမ်း၊ |
| | - --- မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | - --- စာပေ |
| တန်ဖိုး | - --- ကျပ် |
| အုပ်ရေ | - --- |
| ထုတ်ဝေသည့်အကြိမ် | - ၂၀၁၉၊ ---- လ၊ (ပထမအကြိမ်) |

နိုင်စွမ်း

စာတွေဖတ်တဲ့ကလေးငယ်

ရန်ကုန်၊ --- စာပေ၊ ပထမအကြိမ်၊ ၂၀၁၉

စာ - ၊ ၁၃.၄ × ၂၁ စင်တီမီတာ

(၁) စာတွေဖတ်တဲ့ကလေးငယ်


## rmwdm


**နိဒါန်း** ၇

**အခန်း(၁)** ၁၁

သားသမီးတွေကိုပေးတာတွေ ၁၁

ဘယ်အချိန်မှစတင်သင်ကြားရမလဲ ၁၂

အဲဒီကလေးကသိနိုင်လို့လား၊ သင်ယူနိုင်လို့လား ၁၂

အရေးကြီးတဲ့ချိန်ကဘယ်တော့လဲ ၁၃

အတူတကွစာဖတ်ကြရအောင် ၁၅

ဘယ်လိုစာတွေကကလေးတွေကိုဖတ်ပြရင်ကောင်းမလဲ ၁၅

အချိန်ဘယ်လောက်ပေးပြီးဖတ်ပြရမှာလဲ ၁၆

ကလေးငယ်ရဲ့အချိန်ကိုအလေးထားပါ ၁၆

ကလေးကိုစဉ်းစားတတ်အောင်လမ်းသွယ်ပေးပါ ၁၇

**အခန်း(၂)** ၂၁

စဉ်းစားတတ်တဲ့ကလေးငယ် ၂၁

ကလေးငယ်စဉ်းစားမိရာကိုအလေးထားပါ ၂၂

ခြသေ့်ကြီးကသူဖမ်းဆီးစားသောက်ဖို့ဘယ်လိုစဉ်းစားသလဲ ၂၃

ပုံပြင်တွေဖတ်ပြတဲ့အခါ ၂၄

ကဗျာတွေလည်းဖတ်ပြဖို့ ၂၅

**အခန်း(၃)** ၂၇

စာအုပ်တွေရွေးချယ်ကြစို့ ၂၇

ကလေးတွေကိုစကားပြောတာသင်ရအောင် ၂၈

စွမ်းအင်ရှိသောစကားလုံးများ ၂၉

ကလေးများအတွက်စာအုပ် ၃၂

**အခန်း(၄)** ၃၅
စာအုပ်ဆိုတာဘယ်လိုမျိုးလဲ ၃၅
စာအုပ်ဖတ်ပြရင်းကလေးကိုဘာတွေပြောမလဲ ၃၆
မိခင်ဘာသာစကား ၃၆
**အခန်း(၅)** ၄၇
မိခင်ဘာသာစကားသင်ပေးတဲ့အခါ ၄၇
စကားမပီစာမပီ ၄၈
**အခန်း(၆)** ၅၃
မိဘနဲ့သားသမီးဆက်ဆံရေး ၅၃
**အခန်း(၇)** ၅၉
မိဘတွေရဲ့အိမ်ထောင်ရေးနဲ့ကလေးတွေအတွက်စိတ်ဓာတ်ရေးရာ ၅၉
အပေးအယူစိတ်ဓာတ်မွေးပေးရမယ် ၆၀
ပုံပြင်ပြောပြဖို့ပူဆာရင် ၆၁
အပျော်ခရီးထွက်ပြီးသင်ကြားပေးခြင်း ၆၁
**အခန်း(၈)** ၆၅
နယ်ပယ်သစ်အတွေ့အကြုံသစ်တွေနဲ့ရင်းနှီးအောင်မိတ်ဆက်ပေးပါ ၆၅
စွမ်းအင်ရှိသောစကားလုံးများ ၆၈
ကလေးများအတွက်စာအုပ် ၇၁
ဘာကြောင့်နယ်ပယ်သစ်တွေနဲ့ထိတွေ့စေတာလဲ ၇၂
**အခန်း(၉)** ၇၅
ငယ်ရွယ်စဉ်လိုင်အကြမ်းဖက်မခံရအောင်ပြုစုပျိုးထောင်ပါ ၇၅
**အခန်း(၁၀)** ၇၉
စကားပြောဖို့ပြင်ဆင်ရမယ့်နည်းလမ်းများ ၇၉
မိဘတွေအရေးအကြီးဆုံးသိမှတ်ထားရမှာတွေ ၈၈
**အခန်း(၁၁)** ၉၁
မိဘတွေရဲ့အခန်းကဏ္ဍ ၉၄
ဘာဖြစ်လို့ခွဲအိပ်သင့်တာလဲ ၉၆
ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိလာစေတယ် ၉၇
**အခန်း(၁၂)** ၁၀၅
အဲလစ်ကလေး၏ထူးဆန်းသောအိပ်မက် ၁၀၅
**အခန်း(၁၃)** ၁၁၅
ရသေ့ဗေဒင် ၁၁၅
**အခန်း(၁၄)** ၁၂၁
**အခန်း(၁၄၊ က)** ၁၂၅
ကလေးနှင့်အနုပညာ ၁၂၅
**အခန်း(၁၄၊ ခ)** ၁၃၁
ကလေးတွေနဲ့ဆက်ဆံရေး ၁၃၁
ကလေးကြောင့်လား၊မိဘကြောင့်လား ၁၃၂
**အခန်း(၁၄၊ ဂ)** ၁၃၅
ကလေးတွေနဲ့ဆက်ဆံရေး(၂) ၁၃၅
**အခန်း(၁၄၊ ဃ)** ၁၃၉
ကလေးတွေနဲ့ဆက်ဆံရေး(၃) ၁၃၉
**အခန်း(၁၄၊ င)** ၁၄၅
ကလေးနှင့်သီပွဲ ၁၄၅
ရေပေါ်မှာပေါ်နေတဲ့ကြက်ဥ ၁၄၅
**အခန်း(၁၄၊ စ)** ၁၅၁
ကလေးနှင့်သီပွဲ ၁၅၁

**အခန်း(၂၀၊ ဆ)** ၁၅၅
ကလေးနှင့်အနုပညာ ၁၅၅
ကလေးတို့ဆွဲတဲ့ပန်းချီပုံလေးတွေ ၁၅၇

## နိဒါန်း

မိဘတိုင်းက ကိုယ့်ရဲ့ကလေးကို "ဂုဏ်ယူရတဲ့ သားလေးတွေ၊ ဂုဏ်ယူရတဲ့ သမီးလေးတွေ" ဖြစ်ချင်ကြတာဟာ လူသားရဲ့ ချစ်ခြင်းနဲ့ စေတနာ အတိပြီးသော အတ္တဖြစ်ပါတယ်။ ဒီ အတ္တက အလွန်ကို လှပ အေးမြတဲ့ မေတ္တာပါ။ သို့ပေမယ့် အလွန်လှပ အေးမြတဲ့မေတ္တာက တခါတလေ ကလေး တွေအတွက် အလွန်ပူလောင်တဲ့ ခံစားမှုတွေ ဖြစ်စေတတ်ပါတယ်။ မိဘ ဖြစ်စေချင်တဲ့အတိုင်း မဖြစ်တဲ့အခါ ဂရုဏာဒေါသတွေနဲ့ ကလေးကို ဆုံးမတဲ့ အခါတွေမှာပေါ့။

ဒီတော့ ကိုယ့်ရဲ့ သားသမီးတွေ အတွက် ဘယ်တော့မှ မပူလောင်စေမယ့် ပြောဆို ဆုံးမ လမ်းပြ လမ်းညွှန် ဆွဲဆောင်ရာကို လိုက်ပါပြီး ဂုဏ်မြင့် ဂုဏ်တင့်တဲ့ ကလေးတွေ ပြုစုပျိုးထောင်နိုင်ဖို့အကြောင်း ပြောပြချင်ပါတယ်။ အခုလို ပြောပြတဲ့ အခါ အမေရိကန်နိုင်ငံ ပညာရေးဌာန (U.S. Department

of Education) က ထုတ်ဝေတဲ့ Children to become Reader (စာဖတ်တဲ့ ကလေးတွေ ဖြစ်လာဖို့) စာအုပ်ကို အခြေခံပြီး ပြောပြမှာ ဖြစ်တယ်။

စာအုပ်မှာ လော်ရာဘုရှ်ရဲ့ စကားနဲ့ စဖွင့်ပါတယ်။ အဲဒါကတော့ "As parents, the most important thing we can do is read to our children early and often. Reading is the path to success in school and life. When children learn to love books, they learn to love learning." (Laura Bush) ဖြစ်ပါတယ်။

"မိဘတွေ အနေနဲ့ ကလေးတွေအတွက် ကျမတို့ အရေးအကြီးဆုံး လုပ်ဆောင်ပေးရမှာက ငယ်ရွယ်စဉ်ကတည်းက စာဖတ်စေဖို့ပါ။ စာဖတ်ခြင်းဟာ ကျောင်းတွင်းမှာရော အပြင်လောကအတွက်ပါ အောင်မြင်ရေး လမ်းကြောင်းပါ။ ကလေးတွေကို စာအုပ်စာပေ ချစ်တတ်ဖို့ သင်ပေးတာဟာ အသိဗဟုသုတနဲ့ ဉာဏ်ပညာကို လေ့လာသင်ယူစေတာဖြစ်တယ်" တဲ့။

ပြီးတော့ When children learn to read, they have the key that opens the door to all the knowledge of the world. Without this key, many children are left behind. လို့လည်း စာအုပ်အမှာမှာ ဖော်ပြပေးထားပါတယ်။

ကလေးတွေကို စာဖတ်ဖို့ သင်ကြားပေးတာဟာ သူတို့လက်ထဲကို သော့တချောင်း ထည့်ပေးလိုက်တာပါ။ ဘယ်လိုသော့မျိုးလဲ ဆိုတော့ လောကရဲ့ အသိပညာ တံခါးပေါက်တွေကို ဖွင့်နိုင်တဲ့ သော့ပါပဲ။ တကယ်လို့ အဲဒီလို သော့ မရှိဘူးဆိုရင်... ကလေးတွေဟာ နောက်ကျကျန်ရစ်ခဲ့မှာပဲ ဖြစ်တယ်။ ဒါကြောင့် ကလေးတွေကို စာဖတ်လာအောင်၊ စာဖတ်ချင်အောင်၊ စာဖတ်ခြင်းက ရလာတဲ့ အကျိုးကျေးဇူးတွေကို သိမြင်အောင် မိဘတွေက ကလေးငယ်ရွယ်စဉ်ကတည်းက ပြုစုပျိုးထောင်ဖို့ လိုပါတယ်။

ဒီတော့ ကလေးတွေကို စာအုပ်စာပေ လေ့လာဖတ်ရှုဖို့ လေ့ကျင့်





သင်ကြားပေးဖို့ ဘယ်အရွယ်က စတင် သင်ကြားပေးရမလဲ။ ကလေးဆိုတာ ဘယ်အသက်အရွယ်ကို ခေါ်တာလဲဆိုတဲ့ မေးခွန်းတွေ ပေါ်လာပါတယ်။

မြန်မာတို့ရဲ့ အသက်အရွယ်နဲ့ ပတ်သက်ပြီး ဖွင့်ဆိုပြချက်တွေ အများအပြားရှိပေမယ့် ဒီနေရာမှာတော့ ရှုပ်ထွေးမှုတွေ နည်းစေဖို့ ယေဘုယျ ဖွင့်ဆိုချက်အရပဲ တင်ပြသွားပါမယ်။

မွေးသည်မှ အသက် ၁ နှစ် အတွင်း အရွယ်ကို Baby လို့ ခေါ်ပါတယ်။ အသက် ၁ နှစ်က ၃ နှစ် အရွယ်ကိုတော့ Toddler (တောက်တက်တောက်တက် လမ်းလျှောက်စအရွယ်) လို့ သတ်မှတ်ပြီး၊ ၃ နှစ်နဲ့ ၄ နှစ် အရွယ်ကိုတော့ Preschooler (မူကြိုအရွယ်)လို့ ခေါ်ပါတယ်။ အသက် ၅ နှစ်ကနေ ၆ နှစ်ကိုတော့ Kindergartener (မူလတန်းအရွယ်) သို့မဟုတ် Early first-grader (ပထမ သင်ကြားရမယ့်အရွယ်)လို့ သတ်မှတ်ပါတယ်။

ဒီတော့ မွေးသည်မှ မူလတန်းအရွယ်ကို အကြမ်းအားဖြင့် ကလေးလို့ သတ်မှတ်ပြီး သူတို့ကို စာအုပ်စာပေ လေ့လာဖတ်ရှုဖို့ သင်ကြားပေးမယ့် အကြောင်း ဆက်လက်ပြောပြမှာပါ။

# အခန်း(၁)

## သားသမီးတွေကိုပေးတာတွေ

တကယ်တော့ မိဘတွေက သားသမီးတွေကို ပေးတဲ့အရာတွေထဲမှာ (H) သုံးလုံး ဖြစ်ပါတယ်။ အဲဒီထက်လည်း အများကြီး ပိုနိုင်ပါသေးတယ်။ အခြေခံကျတဲ့ အဲဒီ H သုံးလုံးက Healthy (ကျန်းမာရေး), Happiness (ပျော်ရွှင်ရေး), နဲ့ Habitability (လူ့အသိုက်အဝန်းမှာ ပါဂင်ဂင်ဆံ့ ရှင်သန်နိုင်ရေး)တို့ ဖြစ်ပါတယ်။ ကိုယ့်သားသမီး ကျန်းမာဖို့အတွက် မိဘတွေ လိုလားသလို ပျော်ရွှင်စေချင်တာလည်း မိဘတိုင်းရဲ့ အနှိုင်းမဲ့ လိုလားချက်ပါ။ ဒါပေမယ့် လူ့အသိုက်အဂန်းမှာ ပါဂင်ရှင်သန်ခွင့်ကိုကျတော့ မိဘတွေ စဉ်းစားသတိမူမိတာ နည်းနေတတ်ပါတယ်။

တကယ်တော့ လူ့အသိုက်အဂန်းမှာ ပါဂင်ရှင်သန် နေထိုင်နိုင်ဖို့ ဆိုတာက အသိပညာ၊ အတတ်ပညာ လေ့လာသင်ယူ မှတ်သားနိုင်မှသာ

ဖြစ်မှာပါ။ အင်္ဂလိပ်လို Habitable ဆိုတာက Suitable to live in. လို့ အောက်စဖို့ဒ်အဘိဓာန်မှာ ဖွင့်ဆိုပါတယ်။ ပါဂင်ပေါင်းစည်း ရှင်သန်နေထိုင်နိုင်သောလို့ ကောက်ယူရမှာ ဖြစ်ပါတယ်။ ဒါကြောင့် Habitability ကို ပါဂင်ဆံ့ရှင်သန်နိုင်ခြင်းလို့ ပြောတာပါ။

အဲဒီလို လူ့အဖွဲ့အစည်းအတွင်း ပါဂင်ပေါင်းစည်း ရှင်သန်နေထိုင်နိုင်ဖို့ဆိုရင် အသိပညာ ဉာဏ်အလိမ္မာက ဦးဆောင်နိုင်မှာ ဖြစ်ပါတယ်။ အသိပညာ ဉာဏ်အလိမ္မာရဖို့ဆိုရင် မိဘတွေက နေရာတိုင်း၊ ရှုထောင့်တိုင်းမှာ ကလေးငယ်ကို သွန်သင်ပေးနိုင်ဖို့အတွက် ရည်ရွယ်ပြောပြတာ ဖြစ်ပါတယ်။

## ဘယ်အချိန်မှစတင်သင်ကြားရမလဲ

ပထမဆုံးအနေနဲ့ လူသားရယ်လို့ ဘယ်အချိန်မှာ ဖြစ်လာတာလဲဆိုတဲ့ အကြောင်းကို ပြောပြချင်ပါတယ်။ ပညာရှင်တွေ အမျိုးမျိုးပြောဆိုတာတွေကို မပြောတော့ဘဲ (နားနဲ့မနာ ဖဂါးနဲ့နာ) ယောက်ျားသုတ်ကောင်နဲ့ မိန်းမမျိုးဥကနေ သန္ဓေသားလောင်းနဲ့ သန္ဓေသားဖြစ်ပေါ်လာပုံကို ကြည့်ကြရအောင်ပါ။ အသေးစိတ်ကိုတော့ နောက်အခန်းတွေမှာ ဆက်လက်ရှင်းပြပါမယ်။

အရမ်း အသေးစိတ်လွန်းတာတွေ ချန်ထားပြီး အခုတော့ အမျိုးသမီးကိုယ်ဂန်သန္ဓေတည်ပြီလို့ သိလိုက်တဲ့အချိန်ကစပြီး ကလေးငယ်ကို မိဘတွေက စတင်သင်ကြားဖို့ပါ။ မိဘတွေအနေနဲ့ ယောက်ျားလေးလား၊ မိန်းကလေးလား မသိသေးပေမယ့် ကိုယ့်ရင်သွေးရှိနေပြီဆိုတာ သိတဲ့အချိန်ကစပြီး မိခင်ရဲ့ဂမ်းဗိုက်ထဲက ကလေးကို စတင်နှုတ်ဆက်ပြီး စကားတွေ မကြာခဏ ပြောပြရပါမယ်။ သီချင်းလေးတွေ ဆိုပြရမှာ ဖြစ်ပါတယ်။

## အဲဒီကလေးကသိနိုင်လို့လား၊ သင်ယူနိုင်လို့လား

တကယ်တော့ လောကကြီး တခုလုံးဟာ Wave လို့ ခေါ်တဲ့ လှိုင်းတွေနဲ့ တည်ဆောက်ထားတယ်၊ လှိုင်းတွေနဲ့ ဆက်သွယ်တယ်၊ အလင်း အပူ အသံ လျှပ်စစ်တွေကိုလေ့လာရင် လှိုင်းရဲ့သဘောကို အလွယ်တကူ သိမြင်ကြမှာပါ။ အဲဒီလိုပဲ စိတ်ရဲ့ လှိုင်းတွေရှိနေတယ်ဆိုတာကို မမေ့ပါနဲ့။

မိခင်ဂမ်းတွင်းက ကလေးငယ်ရဲ့ ဦးနှောက် ဖြစ်တည်ဖို့ တာစူနေချိန်မှာပဲ အပြင်ဘက်က ချစ်ခြင်းမေတ္တာရဲ့ စိတ်လှိုင်းတွေ ပို့လွှတ်ပေးဖို့ လိုပါတယ်။ ကလေးငယ်အနေနဲ့ ဖမ်းယူလက်ခံနိုင်စွမ်းမရှိပေမယ့် ပို့လွှတ်တဲ့လှိုင်းတွေနဲ့ သူ့ဘဂ ဖြစ်တည်မှု စတင်ကတည်းက ယဉ်ပါးစေဖို့နဲ့ ကလေးငယ်ရဲ့ ဦးနှောက်ကို ဖွံ့ဖြိုးအားကောင်းစေဖို့ပါ။ ဒါကြောင့် မိခင် ဖခင်တွေ အနေနဲ့ စောစောကပြောခဲ့သလို ကလေးငယ်ကို မကြာခဏ နှုတ်ဆက်မယ်၊ စကားလေးတွေ ပြောမယ်၊ သီချင်းလေးတွေ ဆိုပြဖို့ လိုပါတယ်။

အဲဒီနောက် မိဘတွေရဲ့ ကလေးငယ်က ယောက်ျားလေး ဖြစ်တယ်၊ မိန်းကလေး ဖြစ်တယ်ဆိုတာ သိလာတဲ့အခါမှာတော့ သူတို့နဲ့ ဆက်စပ်တဲ့ စကားတွေပြောဖို့လည်း လိုအပ်ပါတယ်။

## အရေးကြီးတဲ့ချိန်ကဘယ်တော့လဲ

ဦးနှောက်ဖွံ့မှုဆိုင်ရာ လေ့လာသုတေသီတွေရဲ့ မှတ်တမ်းအရ Baby လို့ ခေါ်တဲ့ မွေးစမှ ၁ နှစ်အတွင်း ကလေးငယ်တွေဟာ အမြင်ထက် ကြားရတဲ့ အသံတွေကို လေ့လာမှတ်သားမှုတွေ ပိုမိုလုပ်ဆောင်နိုင်တယ်လို့ ဆိုပါတယ်။ သူ့ဂန်းကျင် မိဘတွေအပါအဂင် မွေးချင်း ညီအစ်ကိုမောင်နှမတွေနဲ့ ဆွေးမျိုးသားချင်းတွေ ပြောဆိုတာတွေကိုမှတ်သားလေ့ရှိပါတယ်။ ဒါကြောင့် မိဘတွေအနေနဲ့ ကလေးနဲ့ စကားတွေ ပြောပြောနေဖို့ လိုပါတယ်။

ကလေးတွေက မိဘတွေရဲ့ ပြောဆိုတာတွေ၊ သီချင်းဆိုတာတွေ၊ ပြုံးတာတွေ၊ ကိုယ်အမူအယာတွေကို ကြားသိတွေ့မြင်ပြီး ပြန်လည် တုံ့ပြန်လာတာဖြစ်လို့ ငယ်စဉ်ကတည်းက အရေးတကြီး သင်ကြားပြုမှု ပြုရမှာပါ။

မိဘတွေရဲ့ ပြောဆိုပြုမူတာတွေကို လေ့လာမှတ်သားတော့တာပါပဲ။ ဒါဟာ ကိုယ့်ကလေးငယ်ကို စာဖတ်သူတဦးဖြစ်ဖို့ ပထမဆုံးသော သင်ကြားမှု ခြေလှမ်းဖြစ်ပါတယ်။

ဘာမှ မသိသေးတဲ့ ကလေးငယ်ကို စကားတွေပြောပြ၊ ပြုံးပြ၊ ရယ်ပြ၊ သီချင်းတွေဆိုပြ ဆိုတဲ့ အလုပ်တွေက အမှန်တကယ် ထိရောက်ပါ့မလား၊ ပိုလွန်းရာ ကျမနေဘူးလားလို့ မေးစရာရှိပါတယ်။

ပိုလွန်းရာ မကျသလို တကယ့်ကို ထိရောက်ပြီး ကလေးအတွက် အကျိုးရှိပါတယ်။ မိတွေရဲ့ ချော့မြှူမှုမရဘဲ ကြီးပြင်းတဲ့ကလေးနဲ့ မိဘတွေက ချော့မြှူပြီး ကြီးပြင်းရတဲ့ ကလေးတွေရဲ့ ဦးနှောက်ဖွံ့ဖြိုးမှုတွေက လုံးဝခြားနားပါတယ်။ ချော့မြှူမခံရဘဲ ကြီးပြင်းလာတဲ့ ကလေးက လောကဝန်းကျင်နဲ့ ထိတွေ့ဆက်ဆံရတဲ့ ဆက်သွယ်ပေးတဲ့ အသံတွေ၊ အပြုအမူတွေကို လေ့ကျက်မှုမရှိတာကြောင့်ပြန်လည်တုံ့ပြန်ရာမှာမာကျောအေးစက်နေတတ်ပါတယ်။

ချော့မြှူခံရတဲ့ ကလေးကျတော့ အပြုအမူ အပြောအဆို အသံတွေရဲ့ သဘောကို ချက်ချင်းလေ့ကျက်မိပြီး သင့်တင့်တဲ့ တုံ့ပြန်မှုပေးနိုင်တာ တွေ့ရပါတယ်။ ဒါကြောင့် ကလေးငယ်ကို ဦးစားပေး ဂရုစိုက်ပြီး စကားတွေပြောဖို့၊ သီချင်းဆိုပြဖို့ အကြံပြု တိုက်တွန်းတာ ဖြစ်ပါတယ်။

ဒီနေရာမှာ အလွန်ကောင်းတဲ့ ဥပမာတခုက ကျေးညီနောင် ပုံပြင်ပါပဲ။ အလွန်မြင့်မားတဲ့ သစ်ပင်ကြီးပေါ်ကနေ လေမုန်တိုင်း တိုက်ခတ်ခံရပြီး အသိုက်ပျောက်သွားတဲ့ ကျေးညီနောင် ၂ ကောင်အနက် တကောင်က သူတော်ကောင်းရသေ့ဆီရောက်တော့ ယဉ်ကျေးလိမ္မာပြီး သိမ်မွေ့နူးညံ့တဲ့ စကားကို ဆိုတတ်တယ်။ ဒါပေမယ့် ခိုးသားဓားပြတွေဆီ ရောက်သွားတဲ့ တကောင်ကတော့ ရုန့်ရင်းကြမ်းတမ်းတဲ့စကားတွေ ဆိုတတ်တယ်ဆိုတာ မမေ့ပါနဲ့။





လူသားတယောက် ဖြစ်လာမယ့် ကလေးငယ်တဦးကို ပုံစံသွင်းပေးတာက သူရှင်သန်ကျင်လည်ရတဲ့ ဝန်းကျင်ဖြစ်ပါတယ်။ ဝန်းကျင်ရဲ့ စေ့ဆော်မှုက ကလေးငယ်ရဲ့ အတွေးစိတ်ကူးနဲ့ သင်ယူမှုကို ပြဋ္ဌာန်းပေးတာဖြစ်လို့ လက်ဦးဆရာ မည်ထိုက်စွာ ပုပ္ပာစရိယ မိနဲ့ဘဆိုပြီး ရှေးလူကြီးတွေ ပြောခဲ့တာဖြစ်တယ်။

ဒီနေရာမှာ မိဘတွေကို ထပ်ပြီး ပြောဖို့လိုတာက လောကကြီးမှာ ချွင်းချက်ဆိုတဲ့ Exception ဆိုတာ ရှိနေနိုင်တယ် ဆိုတာပဲ။ ဟုတ်ပါတယ်... ချွင်းချက်ဆိုတာ ရှိနေနိုင်ပါတယ်။ ဒါပေမယ့် ချွင်းချက်ဖြစ်နေတဲ့ အကြောင်းအရာတွေကို နောက်ပိုင်းမှာ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ အဲဒီ ချွင်းချက်ထဲမှာပါနေတဲ့ ကမ္ဘာကျော်ပုဂ္ဂိုလ်တွေဟာ စာဖတ်ခြင်းနဲ့ ဆက်စပ်နေတာ တွေ့နိုင်ပါတယ်။ ဥပမာ အမေရိကန်သမ္မတ လင်ကွန်း၊ စာရေးဆရာ ဂျက်လန်ဒန်တို့ အကြောင်းပါ။ သူတို့ဟာ စာတွေဖတ်ပြီး မှတ်ပြီး ကမ္ဘာကျော်အောင် ဖြစ်လာကြသူတွေပေါ့။

## အတူတကွစာဖတ်ကြရအောင်

ကလေးငယ်ဟာ ငယ်ရွယ်လွန်းနေလို့ ၁ နှစ်မပြည့်သေးဘူး ဆိုပေမယ့် သင့်ရဲ့ ပေါင်ပေါ်မှာထား၊ စာအုပ်ကို ရှေ့မှာထားပြီး စာဖတ်ပြဖို့ လိုပါတယ်။ ရုပ်ပုံတွေပါတဲ့ ပုံပြင်တွေ ဖတ်ရှုပြဖို့ပါ။ ကလေးငယ်က သင်ဖတ်ပြတဲ့ အသံတွေကိုသာမက သူမြင်ရတဲ့ ရုပ်ပုံတွေကိုပါ မြင်တွေ့ပြီး မှတ်သား သင်ယူနိုင်ဖို့ပါ။ ကလေးငယ်ကိုလည်း (သူမြင်သာအောင်) ပုံလေးတွေ ထောက်ပြ၊ ပုံပြင်လေးကို ဆက်ပြောလိုက်နဲ့ပေါ့။

## ဘယ်လိုစာတွေကကလေးတွေကိုဖတ်ပြရင်ကောင်းမလဲ

ပုံပြင်တွေကို ဖတ်ရှုပြတဲ့နေရာမှာ သုဝဏ္ဏသာမလိုမျိုး၊ ဒါမှမဟုတ်

တောတွင်းသား မောဂ္ဂလီလိုမျိုးတွေက ကလေးတွေ ဆွဲဆောင်မှု အများကြီး ပေးနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကလေးအနေနဲ့ သူ မသိမမြင်သေးတဲ့ အရပ်ဒေသက ပုံပန်းကျွာန်တွေကို သိမြင်လာစေဖို့ပါ။ ရွှေယုန်နဲ့ ရွှေကျား ပုံပြင်၊ ယုန်နဲ့လိပ် ပုံပြင်နဲ့ တခြား စိတ်ဝင်စားစရာ ပုံပြင်တွေလည်း ရှိနေတယ် မဟုတ်လား။

## အချိန်ဘယ်လောက်ပေးပြီးဖတ်ပြရမှာလဲ

အချိန်ရရင် ရသလောက် ကလေးကို စာဖတ်ပြဖို့လိုပေမယ့် လူ တယောက်ရဲ့ စိတ်ဝင်စား မှတ်မိနိုင်စွမ်းက ၂၅ မိနစ်ကနေ ၄၅ မိနစ်လောက်ပဲ ရှိပါတယ်။ ကျန်တဲ့ အချိန်တွေက သူ့ကို ငြီးငွေ့လာစေနိုင်ပါတယ်။ ဒါကြောင့် ကလေးငယ် တဦးအတွက် အချိန်တွေ အများကြီးယူပြီး စာအုပ်စာတမ်း ဖတ်ပြဖို့ မဖြစ်သင့်သလို ကလေးရဲ့ စဉ်းစားဉာဏ် မှတ်ဉာဏ်တွေကို ဖွံ့ဖြိုး စေဖို့ ၁၅ မိနစ်ကနေ နာရီဝက် မိနစ် ၃၀ အတွင်းသာ ဖြစ်သင့်ပါတယ်။

## ကလေးငယ်ရဲ့အချိန်ကိုအလေးထားပါ

ကလေးငယ်က အိပ်ချင်နေတဲ့အချိန်၊ ဒါမှမဟုတ် ကလေး အနားယူ သင့်တဲ့အချိန်ကိုတော့ မိဘတွေက သိထားဖို့တော့ လိုပါတယ်။ ကလေးငယ် အိပ်ချင်နေတဲ့ အချိန်တွေမှာ စာတွေ ဖတ်ပြတာ၊ စကားတွေ ပြောပြတာက ကလေးငယ်ကို အနှောင့်အယှက် ဖြစ်စေတဲ့အပြင် မိဘတွေရဲ့ စေတနာ ကနေ ဝေဒနာဆိုသလို ဖြစ်သွားစေနိုင်ပါတယ်။

ဒါကြောင့် မိဘတွေအနေနဲ့ ကလေးငယ် အိပ်ရာနိုးစ ဒါမှမဟုတ် ရွှင်လန်းတက်ကြွနေတဲ့ အချိန်ဖြစ်ဖို့ လိုပါတယ်။ အခုပြောတာက Baby လေးတွေအတွက် ပြောတာပါ။ ကလေးငယ်ကို မိဘတွေရဲ့ ပေါင်ပေါ်မှာ ထားပြီး ရုပ်ပုံတွေပါတဲ့ ပုံပြင်တွေဖတ်ဖို့ လိုပါတယ်။ ကလေးငယ်ရဲ့ဆန့်ထုတ်





လိုက်တဲ့ လက်ကလေးတွေ၊ ခြေထောက်လေးတွေကိုလည်း သတိပြုဖို့ လိုပါ တယ်။ ဒါဟာ ကလေးငယ်ရဲ့ စိတ်ဝင်စားမှုနဲ့ လေ့လာသင်ယူနေမှုကို ပြပါတယ်။

ကလေးငယ်ရဲ့ လိုလားမှုနဲ့ မလိုလားမှုတွေကိုလည်း မိဘတွေက သိမြင် ဖို့ပါ။ ကလေးငယ် သိချင်စိတ်များနေတယ်လို့ ယူဆရရင် ကလေးငယ်ကို ရုပ်ပုံတွေ များများပြသဖို့ မမေ့ပါနဲ့။ တကယ်လို့ ကလေးငယ်ရဲ့ စိတ်ဝင်စားမှု နည်းသွားပြီ...၊ ဒါမှမဟုတ် ကလေးငယ်က တခြားတခုကို စိတ်ဝင်စားတာမျိုး ဖြစ်သွားပြီဆိုရင်လည်း ကလေးငယ် စိတ်ဝင်စားတဲ့ အရာအတိုင်း မိဘ တွေက လက်ခံပေးရမှာ ဖြစ်တယ်။

ကလေးငယ်ကို စာဖတ်သူဖြစ်အောင် လေ့ကျင့်သင်ကြားပေးဖို့ အကောင်းဆုံးသော အချက်ကတော့ နေ့စဉ် ပုံမှန် ဖတ်ပြ ပြောပြဖို့နဲ့ အချိန် တခုသတ်မှတ်ပြီး အဲဒီအချိန်အတိုင်း ကလေးကို သင်ကြားသွားဖို့ပါ။ အဲဒီလို နေ့စဉ် ပုံမှန်သတ်မှတ်ချိန်အတိုင်း သင်ကြားပေးခြင်းအားဖြင့် သင့်ကလေး ငယ်အတွက် အဲဒီအချိန်ရောက်တိုင်း ပြုလုပ်နေကျ အလုပ်တခုကို အမြဲ မှတ်မိစေဖို့ ဖြစ်ပါတယ်။ အထူးသဖြင့် Toddler လို့ခေါ်တဲ့ တောက်တက် တောက်တက် လမ်းလျှောက်စ၊ စကားတွေ ပြောချင်လွန်းတဲ့အရွယ်မှာ အချိန်မှန် သင်ကြားပေးဖို့ လိုပါတယ်။

## ကလေးကိုစဉ်းစားတတ်အောင်လမ်းသွယ်ပေးပါ

အများအားဖြင့် မိဘတွေ အများစုက ကိုယ့်ရဲ့ ကလေးကို အတော်ဆုံး၊ အထက်မြက်ဆုံး လူရည်ချွန်တွေ ဖြစ်စေချင်ကြတာ များပါတယ်။ သို့ပေမယ့် ကိုယ့်ရဲ့ ကလေးကို ဘယ်လို အတော်ဆုံး၊ အထက်မြက်ဆုံး လူရည်ချွန် ဖြစ်အောင် လုပ်ပေးဖို့လိုတယ် ဆိုတဲ့အကြောင်းကိုတော့ မစဉ်းစားမိကြတာ များပါတယ်။ မိဘတွေကို အပြစ် ပြောဆိုနေတာ မဟုတ်ပါ။ မိဘတွေအနေနဲ့

ကလေးနဲ့ပတ်သက်ပြီး မစဉ်းစားမိလိုက်တဲ့ ကွက်လပ်ငယ်လေး ဖြည့်ဆည်းပေးဖို့ ကြိုးစားနေတာ ဖြစ်ပါတယ်။

ဒီနေရာမှာ မိဘတွေကို ဘဝရဲ့အောင်မြင်ရေး ရှင်သန်ရပ်တည်ရေး အတွက် အရေးအကြီးဆုံးက ဘာလဲဆိုရင် ဆင်ခြင်ဉာဏ်ဆ စဉ်းစားတတ်ဖို့ပဲ ဆိုတာ ပြောချင်ပါတယ်။ မိမိတို့ရဲ့ ကလေးက စဉ်းစားဆင်ခြင်တတ်မယ်၊ လိုက်လျောညီထွေ အဆင်ပြေအောင် နေတတ်ထိုင်တတ်တယ်ဆိုရင် သူဟာ ရှင်သန်ရပ်တည်ရေးအပြင် အောင်မြင်မှုလည်း အပြည့်အဝရရှိပြီး ဘဝတသက်တာ နေထိုင်ရှင်သန်သွားနိုင်မှာ သေချာပါတယ်။ အဲဒီလို ရှင်သန်ရပ်တည်ရေးနဲ့ အောင်မြင်ရေး အတွက် အသိ ပညာ ဗဟုသုတတွေက သူ့ကို ကူညီထောက်မ ပေးနိုင်ပါတယ်။

အဲဒီ အသိပညာ ဗဟုသုတတွေဘယ်ကရမလဲ။ စာဖတ်ခြင်းက ရပါမယ်။ စာဖတ်ခြင်းကပဲ ရနိုင်ပါတယ်။ မိဘတွေအနေနဲ့ ကိုယ့်ကလေးကို ကိုယ် သိမြင်ထားတာတွေ၊ ဆောင်ရန်ရှောင်ရန်တွေ အများအပြားတော့ သင်ကြားပေးနိုင်မှာပါ။ ဒါပေမယ့် သူ့ဘဝ တလျှောက်လုံးအတွက် လုံလောက်တဲ့ အသိပညာပေးနိုင်တာမျိုးက မရှိသလောက် ရှားပါးနေနိုင်ပါတယ်။ ဒါပေမယ့် ကိုယ် မပေးနိုင်တဲ့ ဘဝလမ်းညွှန်ကို စာဖတ်ခြင်းကနေ မိဘတွေကိုယ်စား ပေးစွမ်းနိုင်တယ်ဆိုတာ သိမြင်စေလိုပါတယ်။

မိဘတွေအနေနဲ့ သားသမီးကို နေရာတကာ တောက်လျှောက် လိုက်ကြည့်နေတာမျိုး မလုပ်နိုင်သလို ကလေးငယ်သိလိုတဲ့ အကြောင်းအရာ အချက်အလက်တွေ အားလုံးကိုလည်း မိတွေ သိရှိသွန်သင်နိုင်မှာ မဟုတ်ပါ။ ဒါပေမယ့် ကလေးငယ် သိချင်တာတွေ သိနိုင်ဖို့အတွက် စာဖတ်ခြင်းကနေ ပေးစွမ်းနိုင်တယ်ဆိုတာ မမေ့ပါနဲ့။ ဒါကြောင့် စာတွေဖတ်ချင်တဲ့ ကလေးငယ် ဖြစ်အောင် ပြုစုပျိုးထောင်ထားရင် ကလေးငယ်ဟာ ဘယ်တော့မှ နောက်ကျကျန်ရစ်မှာ မဟုတ်ဘူးဆိုတာ မိတွေအနေနဲ့ သိမြင်စေချင်ပါတယ်၊ သတိပြုမိစေချင်ပါတယ်။

# အခန်း(၂)

## စဉ်းစားတတ်တဲ့ကလေးငယ်

ကိုယ့်ရဲ့ ကလေးကို စဉ်းစားတတ်အောင် ဘယ်လိုသင်ကြား ပေးမလဲ။ မိဘတွေအနေနဲ့ ကလေးကို ပုံပြင်တပုဒ် ပြောပြတယ် ဆိုပါတော့။ ဥပမာ KEEP YOUR EYES OPEN (သင့်ရဲ့ မျက်စေ့ကို ဖွင့်ထားပါ) ဆိုတဲ့ ပုံပြင် ဆိုပါစို့။ အင်္ဂလိပ်လိုပဲ ဖြစ်ဖြစ်၊ မြန်မာလိုပဲ ဖြစ်ဖြစ် ကလေးကို ပြောပြနိုင်ပါတယ်။ တကယ်လို့ အင်္ဂလိပ်လိုပြောပြီး မြန်မာလို ဘာသာပြန်ပြရင် ကလေးအနေနဲ့ ဘာသာစကား နှစ်ခုကို ရင်းနှီးသွားစေနိုင်ပါတယ်။

Once upon a time, (တခါတုန်းကပေါ့) there was a lion (ခြင်္သေ့ကြီး တကောင် ရှိတယ်) that (ဘယ်လို ခြင်္သေ့ကြီးလဲဆိုတော့ ...) grew so old that he was unable to kill any prey for his food. (အလွန်ကို အိုမင်းနေပြီ

ဖြစ်တဲ့ ခြင်္သေ့အိုကြီးပေါ့၊ သူဟာ သူ့အတွက် သားကောင်အစားအစာကို ဖမ်းယူသတ်ဖြတ် မစားသောက်နိုင်လောက်အောင်ကို အိုမင်းနေပြီကွဲ။)

So, (ဒါနဲ့...) he said to himself, (သူဟာ သူ့ကိုယ်သူ ပြောတယ်) "I must do something to stay my stomach else I will die of starvation. (အင်း... ငါ့ဝမ်းစာစားရဖို့ တခုခုတော့ လုပ်ကို လုပ်ရမယ်၊ မလုပ်နိုင်ရင်တော့ ငါ ငတ်ပြီး သေလိမ့်မယ်...။)"

ဒီနေရာမှာ မိဘတွေအနေနဲ့ "အဲဒီ ခြင်္သေ့ကြီး ဘာလုပ်မယ်ထင်လဲ"လို့ ကလေးငယ်ကို မေးရမယ်။ Toddler အဆင့်နဲ့ Preschooler အရွယ်တွေမှာ စိတ်ကူးဉာဏ် ရင့်သန်အောင်၊ စဉ်းစားဉာဏ် ရင့်သန်အောင် သင်ကြားပေးဖို့ အကောင်းဆုံး အရွယ်ဖြစ်တယ်လို့ သုတေသီတွေရဲ့ တွေ့ရှိချက်မှာ ဖော်ပြထားတယ်။ ဒါကြောင့် ပုံပြင်တွေပြောရင်း၊ ဖတ်ပြရင်းနဲ့ မကြာခဏဆိုသလို "နောက်ထပ် ဘာတွေ ဖြစ်လာမယ်လို့ သား/ သမီး ထင်လဲ"လို့ မေးဖြစ်အောင် မေးစေလိုပါတယ်။

## ကလေးငယ်စဉ်းစားမိရာကိုအလေးထားပါ

မေးခွန်းပဲမေးပြီး သူ့ကို အဖြေအတိအကျပေးဖို့ မဟုတ်ပါဘူး။ အဖြေအတိအကျက ပုံပြင်ထဲမှာ ပါပြီးသားမဟုတ်လား။ ပုံပြင်ကို အစအဆုံး မပြောသေးဘဲ "သားရေ... သို့မဟုတ် ... သမီးရေ... နောက်ထပ်ဘာဖြစ်လာဦးမယ် ထင်သလဲကွဲ့"လို့ မေးရပါမယ်။ ပြီးတော့မှ ပုံပြင်ကို ဆက်ပြောပြပါ။

He kept thinking and thinking (သူဟာ စဉ်းစားပြီး စဉ်းစားနေရင်း...) and at last an idea clicked him. (နောက်ဆုံးမှာတော့ စိတ်ကူးတခု ရသွားတယ်။) He decided to lie down in the cave pretending to be ill (သူဟာ ဂူထဲ လဲလျောင်းနေပြီး ဖျားနာနေမကောင်းချင်ယောင်ဆောင်နေဖို့ ဆုံးဖြတ်လိုက်တယ်) and then who-so-ever will come to enquire





about his health, will become his prey. (အဲဒီလိုလဲလျောင်းနေရင်း သူ့ဆီကို ကျန်းမာရေးအခြေအနေ လာပြီးစုံစမ်းတဲ့ ဘယ်လို အကောင်ပဲ ဖြစ်ဖြစ်၊ ဘယ်လိုသတ္တဝါပဲဖြစ်ဖြစ် သူ့အတွက် စားစရာသားကောင်အဖြစ် ဖမ်းဆီးစားသောက်ဖို့ပေါ့...)

## ခြင်္သေ့ကြီးကသူ့ဖမ်းဆီးစားသောက်ဖို့ဘယ်လိုစဉ်းစားသလဲ

The old lion put his wicked plan into practice and it started working. Many of his well-wishers got killed. But evil is short lived. (ခြင်္သေ့အိုကြီးဟာ သူ့ရဲ့ ကောက်ကျစ်ယုတ်မာတဲ့ အစီအစဉ်ကို သေချာစီစဉ်ပြီး လုပ်ငန်း စပါတော့တယ်။ စိတ်ကောင်း စေတနာကောင်းနဲ့ သူ့ရဲ့ ကျန်းမာရေးကို လာမေးတဲ့ သတ္တဝါလေးတွေ တော်တော်များများဟာ ခြင်္သေ့အိုကြီးရဲ့ သတ်ဖြတ်မှုခံရပြီး အစာဖြစ်သွားတော့တာပေါ့။ သို့ပေမယ့် မကောင်းမှုဆိုတာ ကြာရှည် မတည်နိုင်ဘူးလေ...။

One day, a fox came to visit the ailing lion. (တနေ့မှာတော့...၊ မြေခွေးလေးတကောင်ဟာ ခြင်္သေ့အိုကြီးဆီ ကျန်းမာရေး အခြေအနေ မေးမြန်းဖို့ ရောက်လာသတဲ့။) As foxes are clever by nature, the fox stood at the mouth of the cave and looked about. (မြေခွေးတွေဟာ ပင်ကိုယ် သဘာဝအရ ပါးနပ်ကြတာဆိုတော့...၊ ဂူထဲကို ချက်ချင်းမဝင်သေးဘဲ ဂူဝမှာရပ်ပြီး ဂူထဲကို လှေ့လာစူးစမ်းကြည့်ရှုတယ်။) His sixth sense worked and he came to know the reality. (သူ့ရဲ့ ဆဋ္ဌမအာရုံ အသိကနိုးကြားလာပြီး ခြင်္သေ့အိုကြီးရဲ့ အခြေအနေမှန်ကို သိသွားသတဲ့။)

So, he called out to the lion from outside and said, (ဒါနဲ့ မြေခွေးလေးဟာ ဂူအပြင်ဘက်ကနေပြီး ခြင်္သေ့ကြီးကို လှမ်းအော်ပြီး မေးလိုက်တယ်) "How are you, sir? (နေကောင်းရဲ့လား ခင်ဗျာ)"

The lion replied, (ခြင်္သေ့ကြီး ပြန်ပြောတာက...) "I am not feeling well at all. (ကျုပ် နေထိုင်လို့ လုံးဝကို မကောင်းပါဘူးဗျာ။) But why don't you come inside? (ဒါနဲ့... ဘာကြောင့် ဂူအတွင်းထဲကို ဝင်မလာရတာလဲ)" တဲ့။

Then the fox replied, (မြေခွေးကလည်း ပြန်ပြောတယ်...) "I would love to come in, sir! (ကျနော် ဝင်တော့ ဝင်လာချင်တာပေါ့ဗျာ။) But on seeing, (ကျနော် မြင်မိသလောက်တော့...) all foot prints going to your cave and none coming out, (ခြေရာတွေကို ကြည့်တော့ ခင်ဗျားရဲ့ ဂူထဲကို အဝင်ခြေရာတွေပဲတွေ့ရပြီး၊ အထွက်ခြေရာ လုံးလုံး မတွေ့ရဘူးဗျာ။) I would be foolish enough to come in. (ခင်ဗျားဆီ ဝင်လာရင် ကျုပ် မိုက်မဲရာ ကျမှာပေါ့)"

Saying so, the fox went to alert the other animals.

အဲဒီလိုပြောပြီး မြေခွေးလေးဟာ တခြားသတ္တဝါတွေကို သတိပေးဖို့ ထွက်ခွာလာတော့သတဲ့။

ပုံပြင်ပြီးတော့ ကလေးငယ်ကို "မြေခွေးက ဘာကိုကြည့်ပြီး ခြင်္သေ့ အိုကြီးရဲ့ အကြံအစည်ကို သိသွားရတာလဲ"လို့ မေးရမယ်။ ပြီးတော့ မြေခွေး လေး ဘာလုပ်သလဲ။ "တခြားသတ္တဝါတွေကို သတိပေးဖို့ ဘာကြောင့် ထွက်ခွာလာလဲ" ဆိုတာမျိုးပါ။

## ပုံပြင်တွေဖတ်ပြတဲ့အခါ

မိဘတွေအနေနဲ့ ကလေးငယ်ကို ပုံပြင်တွေဖတ်ပြတဲ့အခါ အရေးအကြီး ဆုံးက ပုံပြင်ထဲမှာပါတဲ့အကြောင်းအရာနဲ့ လိုက်လျောညီထွေဖြစ်မယ့် လေသံ (Tone Color)ကို အသုံးပြုပြီး ဖတ်ပြဖို့ လိုပါတယ်။ Tone Color ဆိုတာ ကြောက်စရာ အကြောင်းအရာကို ကြောက်စရာလေသံနဲ့ ဖတ်ပြ





ပြောပြဖို့ပါ။ ဒါမှမဟုတ် သနားစရာ အကြောင်းအရာဆိုရင် သနားစဖွယ် လေသံနဲ့ ဖတ်ပြ ပြောပြဖို့ပါပဲ။

Tone Color နဲ့ ပတ်သက်ပြီး အရှင်းဆုံးပြောရရင် သီချင်းတွေမှာ တွေ့နိုင်ပါတယ်။ လွမ်းမောဖွယ်သီချင်းကို လွမ်းမောဖွယ် ခံစားရတဲ့အတိုင်း လွမ်းလွမ်းဆွေးဆွေး ဆိုပြတာ ဖြစ်ပြီး၊ ရိုသလိုလို ထေ့သလိုလို ငေါ့သလိုလို သီချင်းတွေကို ရိတဲ့ ထေ့တဲ့ ငေါ့တဲ့ လေသံနဲ့ ဆိုရမှာ ဖြစ်သလို သတ္တိသွေးကို ဖော်ကျူးတဲ့ သီချင်းမျိုးဆိုရင် ကြောက်ရွံ့စိုးရိမ်တဲ့ လေသံနဲ့ မဆိုကြဘူး မဟုတ်လား။

အဲဒီ လေသံအရောင်အသွေးက ကလေးငယ်ရဲ့ သိစမ်းချင်စိတ်ကို နှိုးဆွပေးတာဖြစ်သလို ပုံပြင်ကို ပိုပြီး စွဲလမ်းမှတ်မိစေမှာဖြစ်တယ်။ စာဖတ် ခြင်းနဲ့ စာရွတ်ခြင်း မတူပါဘူး။

အရင်ခေတ်တွေတုန်းကတော့ စာဟောဆရာ၊ စာပြောဆရာဆိုပြီး ရှိခဲ့ ပါတယ်။ အခုခေတ်မှာတော့ ပျောက်ကွယ်တဲ့ အနေအထား ရောက်နေပါပြီ။ စာပြောဆရာ သို့မဟုတ် စာဟောဆရာက သူပြောပြတဲ့ ဇာတ်လမ်း ဇာတ်ကွက်ထဲက လူ သို့မဟုတ် တိရစ္ဆာန်ရဲ့ ခံစားမှုအတိုင်း ပုံပေါ်အောင် အသံနဲ့ တန်ဆာဆင် ပြောပြပါတယ်။ အဲဒီလိုပဲ မိဘတွေအနေနဲ့ ကလေးကို စာဖတ်ပြတဲ့အခါ လေသံ အရောင်အသွေးလို့ခေါ်တဲ့ Tone Color နဲ့ ပြောပြ ဖို့ပါ။

## ကဗျာတွေလည်းဖတ်ပြဖို့

မိဘတွေအနေနဲ့ ကိုယ့်ရဲ့ ကလေးငယ်ကို ကဗျာလေးတွေလည်း ရွတ်ဖတ်ပြဖို့ လိုပါတယ်။ ပုံပြင်တွေက ကလေးငယ်ရဲ့ စဉ်းစားဉာဏ်ကို ရင့်သန်စေသလို ကဗျာလေးတွေ ဖတ်ပြခြင်းကလည်း ကလေးငယ်ရဲ့ သံတူ ကြောင်းကွဲ၊ ကြောင်းတူ သံကွဲ စကားလုံးအသစ်တွေ စိတ်ကူးသစ်တွေ

ရရှိစေနိုင်ပါတယ်။ ကာရန်ရဲ့ သဘောနဲ့ အသံရဲ့ သဘောတွေ နားလည်သိမြင်လာပြီး အသံအသစ် စကားလုံးအသစ်တွေလည်း ရရှိပြည့်စုံစေနိုင်တယ်လို့ သုတေသီတွေရဲ့ လေ့လာတွေ့ရှိချက်မှာ ဖော်ပြထားပါတယ်။

ဥပမာ - "ည အခါ ၊ လ သာသာ၊ ကစားမှာလား၊ နားမှာလား"၊ "ရွှေဂကပါ၊ ပန်းမာလာ၊ အညှာမရှိ၊ ငုံးတိတိ" ဆိုတဲ့ အတိုဆုံး ကလေးကဗျာလေးတွေမှာ ကာရန်ရဲ့သဘောကို ကလေးတွေ သိနိုင်၊ မြင်နိုင်၊ ကြားနိုင်တယ် မဟုတ်လား။ "က - ကန်စွန်းပင်၊ ရေမှာရှင်၊ ခ - ခရေကုံး၊ မလေးပြုံး" ဆိုတဲ့ ကာရန်နဲ့ ငယ်စဉ်ကတည်းက ရင်းနှီးသွားစေတဲ့ ကဗျာလေးတွေပေါ့။

ဒီထက်ပိုပြီးပြောရရင် မောင်ခွေးဖို့ကဗျာများ၊ ထီးကလေးနဲ့မနီ ကဗျာတွေအပါအဝင် ကဗျာလေးတွေကို ကလေးတွေ မဖတ်တတ်ပေမယ့် အသံရဲ့ သဘောတွေ ကလေးတွေသိမြင်စေဖို့ ငယ်ရွယ်စဉ်ကတည်းက ထိတွေ့ပေးဖို့ မိဘတွေကို အကြံပြုလိုပါတယ်။





## အခန်း(၃)

### စာအုပ်တွေရွေးချယ်ကြစို့

ကလေးငယ်အတွက် ဘယ်လိုစာအုပ်မျိုးတွေက အသင့်တော်ဆုံးလဲ ဆိုတာ မိဘတွေကိုယ်တိုင်က မရွေးချယ်တတ်ရင် ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာတော့ စာကြည့်တိုက်မှူးဆီ အကူအညီတောင်းလို့ ရပါတယ်။ ကျနော်တို့ဆီမှာတော့ အဲဒီလို အခွင့်အရေးတော့ မရှိသေးဘူး။ ဒါကိုလည်း အလေးထားရမယ့် အခြေအနေပါ။ ဘာပဲဖြစ်ဖြစ် ကလေးတို့အတွက် အသင့်လျော်ဆုံးလို့ ယူဆရတဲ့ စာအုပ်တချို့ကိုတော့ အကြံပြုတင်ပြပါမယ်။

Morality လို့ခေါ်တဲ့ ကိုယ်ကျင့်သိက္ခာကို မြှင့်တင်ပေးတဲ့ စာအုပ်မျိုးတွေ၊ ကလေးပီပီ စိတ်ဝင်စားကြတဲ့ စွန့်စားခန်း စာအုပ်မျိုးတွေ၊ ရယ်မောပျော်ရွှင်ဖွယ် စာအုပ်မျိုးတွေ၊ ကိုယ့်ဒေသကိုယ့်ဝန်းကျင်က လူမျိုးတွေ၊ လူမျိုးစုတွေ၊ ဘာသာစကားနဲ့ ဘာသာရေးတွေအကြောင်း စာအုပ်တွေဖြစ်ဖို့

လိုပါတယ်။ အရင်ခေတ်တခုတုန်းကတော့ ပညာရေးစနစ်မှာတော့ Looking at the Children of Other Land ဆိုတဲ့ စာအုပ် ရှိခဲ့ဖူးပါတယ်။ ကလေးတွေကို ကိုယ့်ဒေသ ဂန်းကျင်သာမက တခြားဒေသက လူတွေ၊ လူမျိုးစုတွေ အကြောင်း၊ သူတို့ နေထိုင်ကျင်လည်ရတဲ့ အနေအထားတွေအကြောင်း ပြုစုထားတဲ့ စာအုပ်ပါပဲ။

ဒီနေရာမှာ အရေးတကြီး ပြောပြချင်တာက ကလေးတွေကို ဖတ်ပြပြောပြမယ့်စာအုပ်ဟာ "ဖုတ်၊ ပြိတ္တာ၊ တစ္ဆေ၊ စုန်း၊ သရဲ" အကြောင်းတွေ ရေးထားတဲ့ စာအုပ်မဖြစ်ဖို့ အရေးကြီးပါတယ်။ အဲဒီ စာအုပ်မျိုးတွေက ကလေးငယ်ရဲ့ စဉ်းစားတွေးခေါ်မှုကို အထောက်အပံ့ လုံးဝမပြုတဲ့အပြင် ကလေးကို ကြောက်ရွံ့စိုးထိတ်ပြီး၊ အကြောင်းနဲ့အကျိုး၊ အကျိုးနဲ့အကြောင်းကို မစဉ်းစားတတ်အောင် ဖြစ်သွားစေနိုင်ပါတယ်။ ဒါကြောင့် အဲဒီလို စာအုပ်မျိုးကို ငယ်ရွယ်စဉ်မှာ ဖတ်ရှုမပြဖို့လည်း လေးလေးနက်နက် တိုက်တွန်းပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ အကြောက်တရားနဲ့ စိုးရိမ်စိတ်တွေ ခံစားနေရတဲ့ ကလေးငယ်ဟာ မှန်ကန်မျှတတဲ့ စဉ်းစားမှု တွေးခေါ်မှု ဘယ်လိုမှ မရှိနိုင်တော့တာကြောင့်ပါ။ စာအုပ်ရွေးချယ်တာနဲ့ပတ်သက်ပြီး နောက်အခန်းတွေမှာ ဆက်လက်တင်ပြပေးပါမယ်။

## ကလေးတွေကိုစကားပြောတာသင်ရအောင်

ကျနော်တို့ ဂန်းကျင်မှာ ကလေးငယ်ကို စကားပြောတာ သင်ဖို့ဆိုရင် "စကားစရင် အဆဲသင်" ဆိုတဲ့ ဆိုးလို ဖြစ်နေတာ ရှိနေတာ တွေ့ရပါတယ်။ ကိုယ့်ကလေးကို စကားသင်တဲ့အခါမှာ အရေးကြီးတဲ့ စကားလုံးတွေရဲ့ စွမ်းအားအကြောင်း ပြောပြချင်ပါတယ်။ စကားလုံးတွေဟာလည်း လှိုင်းတွေပါ။ ဆိုးဂါးတဲ့လှိုင်းတွေဟာ ကလေးအတွက် အန္တ ရာယ် အင်မတန်မှ ကြီးမားပါတယ်။





## စွမ်းအင်ရှိသောစကားလုံးများ

ငယ်စဉ်ကလေးဘဝက စကား စပြောတတ်စဉ် ကာလကစပြီး လူတွေဟာ စကားပေါင်းများစွာကို တဖြည်းဖြည်း ပြောဆိုလာကြပါတယ်။ အဲဒီလို ပြောဆိုလာရာမှာ စာသင်ကျောင်းမှာ စာမေးပွဲအတွက် စိတ်မအေးရဖြစ်တာတွေ၊ ဒေါသဖြစ်ရတာတွေ၊ လုပ်ငန်းခွင်မှာ စိတ်အနှောင့်အယှက်ဖြစ်စရာတွေ၊ စိတ်ညစ်စရာတွေ၊ စကားအတိုက်အခံ ပြောရတာတွေ၊ ငြင်းခုံရတာတွေဟာ သင့်ပတ်ဝန်းကျင်မှာ ဖြစ်နေကြုံနေရမှာ ဖြစ်ပါတယ်။

အဲဒီလိုပြောတဲ့ စကားတွေက သင့်ရဲ့ ကျန်းမာရေးအတွက်လည်း ကြီးမားတဲ့ သက်ရောက်မှုတွေရှိနေသလို ဘဂအောင်မြင်ရေးအတွက်သာမက ကလေးငယ်ရဲ့ ဘဂရှေ့ရေးအတွက်ပါ အရေးပါ ပါတယ်။ ဒါကြောင့် အရေးပါတဲ့ အပိုင်းတပိုင်းကို ဖောက်သည်ချ ပြောပြပါမယ်။

ဂျပန်လူမျိုး သိပ္ပံပညာရှင် ဒေါက်တာမာဆာရုအီမိုတိုရဲ့ The Hidden Messages In Water စာအုပ်မှာ စကားလုံးတွေရဲ့ အကျိုးသက်ရောက်မှုကို စာအုပ်တအုပ် ရေးသားဖော်ပြထားပါတယ်။ အဲဒီ စာအုပ်ထဲမှာ ဒေါက်တာမာဆာရုအီမိုတိုက စကားလုံးများ၊ အတွေးအခေါ်၊ ဂီတအနုပညာ၊ ပန်းချီ၊ လူတွေရဲ့ ကျန်းမာရေးနဲ့ မော်လီကျူးအဆင့်မှာ ရှိနေတဲ့ ရေရဲ့ ဆီလျော်ညီညွတ်ခြင်းကို နှိုင်းယှဉ် ဖော်ပြထားပါတယ်။

ဒေါက်တာမာဆာရုအီမိုတိုရဲ့ လေ့လာတွေ့ရှိချက်အရ လူသားတယောက်ရဲ့ ဘဝဖြစ်တည်မှုကို မိခင်ရဲ့ သားအိမ်ထဲမှာ ၉၉ ရာခိုင်နှုန်း အရည်ကြည်အဖြစ်နဲ့ စတင်ခဲ့တဲ့အကြောင်းနဲ့ စတင် ဖော်ပြပါတယ်။ မိခင်ဝမ်းဗိုက်မှ ကျွတ်ပြီးမွေးဖွားလာတဲ့အခါမှာ ရေဟာ ၉၀ ရာခိုင်နှုန်း ကျန်ရှိနေပါတယ်။ ကြီးပြင်းအရွယ်ရောက်လာတဲ့ အခါမှာရေပါဝင်နှုန်း ၇၀ ရာခိုင်နှုန်းကို

လျော့ကျသွားပါတယ်။ သေဆုံးချိန်မှာတော့ရေဟာ ၅၇ ရာခိုင်နှုန်းပဲ ကျန်ရစ်တယ်လို့ ဆိုပါတယ်။

ဒါကိုကြည့်ခြင်းအားဖြင့် လူသားတွေအတွက် ရေဟာ အဓိက ပါရှိတည်ရှိနေပါတယ်ဆိုတာ တွေ့မြင်နိုင်ပါတယ်။

အဲဒီအချက်ကိုယူပြီးဒေါက်တာမာဆာရုမိုတိုက ပေါင်းခံရေထည့်ထားတဲ့ ပုလင်းပေါင်းများစွာကို တပုလင်းစီကို စကားတမျိုးပြောပြီး စမ်းသပ်လေ့လာခဲ့ပါတယ်။ အဲဒီလေ့လာမှုကို ဓာတ်ပုံရိုက်ယူထားပါတယ်။ အဲဒီရေတွေထဲကို စကားတွေ ပြောလိုက်တဲ့အခါမှာ ရေရဲ့တုံ့ပြန်မှုကို အံ့သြဖွယ်ရာ တွေ့ရှိခဲ့ရပါတယ်။

ရေပုလင်းတွေထဲကို စကားတမျိုးစီပြောပြီး စမ်းသပ်တဲ့အခါ အပြုသဘောဆောင်တဲ့ စကားလုံးတွေဖြစ်တဲ့ "love" နဲ့ "thank you" ဆိုတဲ့ စကားတွေကို ပြောထည့်လိုက်တဲ့ ရေရဲ့မော်လီကျူးတွေဟာ သိမ်မွေ့လှပတဲ့ ဖွဲ့စည်းမှု ဖြစ်ပေါ်သွားတာ တွေ့ရပါတယ်။

ဒါပေမယ့် အဆိုးသဘောဆောင်တဲ့ "I hate you." နဲ့ "You are stupid." စတဲ့ စကားတွေ အပြောခံရတဲ့ ရေပုလင်းထဲက မော်လီကျူးတွေကတော့ ဆိုးရွားကျဲပြန့်သွားတဲ့ပုံတွေ ဖြစ်ပေါ်လာတာတွေ့ရပါတယ်။ အဲဒီလို စကားလုံးတွေကိုတင် မဟုတ်ပါဘူး၊ ဂီတအမျိုးအစား အမျိုးမျိုးကိုလည်း ရေကတုံ့ပြန်တဲ့ မော်လီကျူးတွေပါ မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။

ဒါဟာအင်မတန် အံ့သြစရာကောင်းတဲ့ ရှုထောင့်တခုဖြစ်ပြီး ရေနဲ့ဖွဲ့စည်းထားတဲ့ လူသားတွေဟာ နေ့စဉ် ပြောဆိုသုံးစွဲတဲ့ စကားလုံးတွေကို ဆင်ခြင်ရွေးချယ်ရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ကိုယ့်ရဲ့ ကလေးငယ်တွေအတွက် စဉ်းစားရမယ့်အချက်ပါ။

လူသားတယောက်အနေနဲ့ ဖြစ်ပေါ်လာတဲ့ စိတ်ခံစားချက်တွေအပေါ် မတည်ပြီး ပြုမူပြောဆိုတတ်တာကြောင့် ပြောဆိုသုံးစွဲတဲ့ စကားလုံးတွေကို





မပြောလိုက်ခင်မှာ ဆင်ဆာလုပ်ဖို့ဆိုတာ မလွယ်ကူလှပါဘူး။

ကိုယ်ချစ်ခင်သူများနဲ့ ရန်ဖြစ်တယ်၊ စကားများတယ်ဆိုရင်၊ လုပ်ငန်းခွင်အစည်းအဝေးမှာ ငြင်းခုံပြောဆိုရတယ်ဆိုရင် အနည်းနဲ့အများဆိုသလို stress (စိတ်ဖိစီးမှု)ကို ခံစားရတယ်ဆိုတာ ထပ်ဆင့် သိမြင်လာရပါတယ်။ ကျနော်တို့အနေနဲ့ ဒါတွေကို ဆင်ခြင်လို့ ရနိုင်ပါတယ်။

အကြောင်းအရာ တခုခုနဲ့ပတ်သက်ပြီး တယောက်ယောက်နဲ့ ရန်ဖြစ်မယ်၊ စကားများတော့မယ်ဆိုရင် စကားတခွန်း နှုတ်က ပြောမထွက်လိုက်ခင်မှာ တခဏအနားယူပြီး အသက်ကို ဝအောင်ရှုလိုက်ပါ။ ပြီးတော့ စိတ်ထဲကနေ "ငါသိတယ်၊ ငါတို့ ၂ ယောက်... တယောက်စီမှာ အံ့သြစရာကောင်းတဲ့ စိတ်ကောင်းလေးတွေ ရှိတယ်။ အဲဒါကို မင်းဆီမှာလည်း ငါတွေ့မြင်ချင်တယ်၊ ငါ့ဆီကလည်း မင်းကို မြင်စေချင်တယ်"လို့ တွေးလိုက်ပါ။

ပြီးရင် နောက်ထပ် အသက်ဝဝ ရှုလိုက်ပါ။ အဆိုးသဘောဆောင်တဲ့ စကားလုံးများကို ပြောမယ့်အစား အပြုသဘောဆောင်တဲ့ စကားလုံးများကိုသာ ရွေးချယ်သုံးစွဲလိုက်ခြင်း အလေ့အထကို မွေးမြူလို့ရပါတယ်။

အတွေးတွေနဲ့ သုံးစွဲတဲ့ စကားလုံးတွေဟာ နှစ်လိုပျော်ရွှင်ဖွယ် ဖြစ်နေမယ်ဆိုရင် အဲဒါရဲ့ နောက်ဆက်တွဲ အကျိုးဆက်အနေနဲ့ ရှိနေတဲ့ စိတ်ဆင်းရဲစရာ၊ စိတ်မချမ်းမြေ့စရာတွေဟာ တဖြေးဖြေး ပျောက်ကွယ်သွားပါတယ်။ နေ့စဉ်ဘဝမှာ ခံစားနေရတဲ့ tension (စိတ်ဖိစီးမှု)တွေ တဖြေးဖြေး လျော့ပါးလာပြီး အပြုသဘောဆောင်တဲ့ စကားလုံးတွေကို ဘဝတလျှောက် သုံးစွဲသွားမယ်ဆိုရင် သက်ရှည်ကျန်းမာ အောင်မြင်ပျော်ရွှင်မှာပါ။

ထပ်ဆင့်တွေးယူမယ်ဆိုရင်တော့ စွမ်းအင်ရှိတဲ့ စကားလုံးတွေကို အဆိုးဘက်ကို မရှိစေဘဲ အကောင်းဘက်ကို ရည်ရွယ်သုံးစွဲနိုင်မယ်၊ အကောင်းဘက်ကို ရည်ရွယ်သုံးစွဲသွားမယ်ဆိုရင် ဘဝတခုလုံး အောင်မြင်ရေးအတွက် အကူအပံ့အဖြစ် ရှိနေမှာဖြစ်တဲ့အကြောင်း သိမြင်အသုံးချနိုင်ဖို့

ဖြစ်ပါတယ်။

အဲဒါကတော့ စကားလုံးတွေရဲ့ စွမ်းအားက ကိုယ့်ရဲ့ ကလေးငယ်လို စကားလုံးတွေရဲ့ စွမ်းအားအကြောင်း ပြောပြဖို့မဟုတ်ဘဲ မိဘတွေ သိမြင်ပြီး ကိုယ့်ကလေးငယ်ကို ပြောပြသွန်သင်နိုင်ဖို့ပါ။

## ကလေးများအတွက်စာအုပ်

ဒီနေရာမှာ မဖြစ်မနေ ပြောပြဖို့လိုတာက ကျနော်တို့ဆီမှာ ကလေးတွေအတွက် အထူးထုတ်ပေးထားတဲ့ စာအုပ်မျိုးတွေ မရှိသေးတာပါ။ ကလေးတွေက စာအုပ်ကို ကိုင်မယ်၊ စာရွက်တွေ လှန်မယ်ဆိုရင် အချိန်မရွေး စုတ်ပြဲသွားနိုင်တဲ့ စက္ကူစာအုပ်တွေပဲ ရှိတာကိုး။ စာအုပ် မပျက်စီးအောင်လို့ ကလေးကို ပေးမဖတ်ဘဲ၊ ပေးမကြည့်ဘဲနဲ့ မိဘတွေက သီးသန့်လုပ်လိုက်ရတော့ စာအုပ်နဲ့ကလေးက ဝေးကွာသွားတာတွေ အမြဲတွေ့နေရပါတယ်။

တချို့နိုင်ငံတွေမှာတော့ အလွယ်တကူ ဆုတ်ဖြဲမပျက်စီးနိုင်တဲ့ ကတ်ကူစာအုပ်လိုမျိုး၊ တချို့ကျတော့လည်း ပလပ်စတစ်လို ပျော့ပျောင်းနိုင်တဲ့ စာအုပ်မျိုးတွေနဲ့ ကလေးတွေအတွက် သီးခြား စာအုပ်မျိုးတွေ ရှိနေပါတယ်။ ကလေးက ဆွဲယူလှန်လှောကြည့်မယ်ဆိုရင်တောင် အလွယ်တကူ မပျက်စီးတဲ့ စာအုပ်မျိုးတွေပေါ့။

အဲဒီလို စာအုပ်တွေ ရှိမယ်ဆိုရင်တော့ ကလေးအနေနဲ့ စာအုပ်ကို သူကိုယ်တိုင် လှန်လှောပြီး စိတ်ဝင်စားစရာ ရုပ်ပုံတွေ၊ စာကြောင်းတွေကို စာမဖတ်တတ်သေးပေမယ့် စာအုပ်ကို ကြည့်နိုင်မယ်ပေါ့။

သို့ပေမယ့် အဲဒီလိုစာအုပ်မျိုးမရှိတဲ့အတွက်အားငယ်စိတ်ပျက်စရာတော့ မဟုတ်ပါ။ လုပ်နိုင်စရာတွေ အများကြီး ရှိနေပါတယ်။ ကလေးကို ဖတ်ပြပြောပြတဲ့ စာအုပ်တအုပ်ကို ကလေး အသေအချာမှတ်မိအောင် မျက်နှာဖုံးကို ပြထား၊ နောက်နေ့ ဆက်ပြောမယ်ဆိုရင် အဲဒီစာအုပ်ထဲကနေ ဖတ်ပြ ပြောပြမှာဖြစ်လို့ ကလေးမှတ်မိအောင် ရွေးချယ်နိုင်တဲ့ အနေအထားတခုကို ဖန်တီးယူဖို့တော့ ဖြစ်နိုင်ပါတယ်။

## အခန်း(၄)

### စာအုပ်ဆိုတာဘယ်လိုမျိုးလဲ

ကလေးကို စာအုပ်ဆိုတာ ဘယ်လိုမျိုးလဲဆိုတာလည်း ပြောပြဖို့ လိုပါတယ်။ အထူးသဖြင့်တော့ တောက်တက်တောက်တက် အရွယ် ၂ နှစ်သားမှာပေါ့။ သူတို့ဟာ စာအုပ်ကို စိတ်ဝင်စားလာတဲ့ အရွယ်ပါ။ ဒါပေမယ့် ကလေးကိုပြောပြရမှာက စာအုပ်ဆိုတာ ဖတ်ဖို့ဖြစ်တယ်၊ ဆုတ်ဖြဲဖို့ မဟုတ်ဘူး၊ ဟိုပစ် ဒီပစ်နဲ့ မြှောက်ကစားရတဲ့ အရာမဟုတ်ဘူး ဆိုတာကို ပြောပြဖို့ပါ။ ၃ နှစ် အရွယ်ရောက်ပြီ၊ ဒါမှမဟုတ် မူကြိုအရွယ်ရောက်ပြီ ဆိုရင်တော့ စာအုပ်တအုပ်မှာ ပါတဲ့အကြောင်းအရာတွေ ပြောပြရတော့မယ်။

စာအုပ်တစ်အုပ်မှာ အဖုံးပါရတယ်။ အစ စာမျက်နှာရှိသလို အဆုံး စာမျက်နှာ ပါရတယ်။ တကယ်လို့ စာအုပ်အတွင်းက စာမျက်နှာတွေ ဆုတ်ဖြဲမိပြီး မပါတော့ရင် အဲဒီစာအုပ်ရဲ့ အရေးကြီးတဲ့ စာမျက်နှာတွေ ဖတ်မရတော့

တာမျိုးမဖြစ်ဖို့ ကလေးကို ပြောပြရပါမယ်။ စာအုပ်မှာ စာမျက်နှာအလိုက် နံပါတ်တွေပါတယ်။ အဲဒီစာမျက်နှာနံပါတ်တွေက စာအုပ်ရဲ့ အပေါ်ပိုင်းနဲ့ အောက်ခြေတွေမှာ ပါလေ့ရှိတယ် စသဖြင့် ကလေးကို ပြောပြဖို့ပါ။

မိဘတွေအနေနဲ့ ကလေးငယ်ကို စာအုပ်ကို မပျက်စီးအောင်၊ စာရွက်တွေ မဆုတ်မဖြဲအောင် ပြောပြရမှာပါ။ တကယ်လို့ ဆုတ်ဖြဲပစ်မိပြီဆိုရင် ကိုယ် သိချင်တဲ့အကြောင်းအရာတွေ မသိဘဲဖြစ်သွားရင် နမြောစရာကောင်းသလို အဲဒီထဲမှာ ဘာတွေ ရေးသားထားတယ်ဆိုတာ မသိရတော့တဲ့ အကြောင်း ပြောပြသွန်သင်ပြရမှာ ဖြစ်တယ်။

## စာအုပ်ဖတ်ပြရင်းကလေးကိုဘာတွေပြောမလဲ

စာအုပ်ဖတ်ပြရင်း ကလေးကို သိမြင်စေတာတွေ အကြောင်း ပြေပြပါဦးမယ်။

တကယ်တော့ ကလေးတွေဟာ အစဦးပိုင်းမှာ အသံတွေကို လေ့ကျက်ကြတယ်၊ မှတ်သားကြတယ်လို့ ပြောခဲ့ပါတယ်။ နည်းနည်း အရွယ်ရောက်လာတဲ့အခါ ကလေးတွေဟာ အသံအပြင် အမြင်ကိုပါ လေ့လာသင်ယူလာကြတာ တွေ့ရတယ်။ ဒီတော့ မိဘတွေအနေနဲ့ ကိုယ့်ရဲ့ ကလေးငယ်ကို စာအုပ်ကို ဘယ်လိုကိုင်တယ်၊ ဘယ်လို စာရွက်တွေကို လှန်တယ်၊ ပြီးတော့ စာအုပ်ထဲမှာပါတဲ့ အကြောင်းအရာတွေကို ဖတ်တယ်ဆိုတာ ကလေးတွေ မြင်အောင် ပြသဖို့နဲ့ ပြောပြဖို့ လိုလာပါပြီ။

## မိခင်ဘာသာစကား

မိခင်ဘာသာစကားဆိုတာ ဥပမာ ဗမာလို ရေးတဲ့ စာအုပ်ဆိုရင် ကလေးကို စာအုပ်အတိုင်း ဖတ်ပြဖို့ပါ။ သို့ပေမယ့် စာအုပ်ထဲ ဇာတ်ကောင်တွေရဲ့ စရိုက်သဘာဝအတိုင်း လေသံ (Tone Color) အဖိအဖော့ အတိုး





အလျှော့အတိုင်း ဖတ်ပြဖို့ လိုပါတယ်။ Tone Color အတိုင်း ပြောတဲ့ စကားတွေရဲ့အဓိပ္ပာယ် အပြောင်းအရွှေ့ကို ကလေးငယ် သိမြင်စေဖို့ ဖြစ်ပါတယ်။

ဥပမာ - OK ဆိုတဲ့ စကား ဆိုပါတော့။ OK ရဲ့ မူရင်း အဓိပ္ပာယ်က အေးအေးဆေးဆေး ဖြစ်တယ်၊ အဆင်ပြေတယ်၊ အားလုံး ကောင်းမွန်တယ်လို့ ဆိုလိုတယ်။

အဲဒီမှာ OK ကို အသံမြှင့်ပြီး သိချင်တဲ့အတိုင်း (အိုကေး)လို့ ပြောလိုက်ရင်... Are you ok? လို့ ပြောလိုက်ရင် မင်း အဆင်ပြေရဲ့လားလို့ အဓိပ္ပာယ် ပြောင်းသွားတယ်။

တကယ်လို့ OK, OK ဆိုပြီး စိတ်မရှည်တဲ့ လေသံနဲ့ ပြောတယ်ဆိုရင်တော့ တခြားအဓိပ္ပာယ် ပြောင်းသွားပါတယ်။ အဲဒါက စိတ်မရှည်ခြင်း၊ စိတ်ပျက်ခြင်း၊ မလိုလားခြင်းတွေရဲ့ အသွင်ဆောင်ပါတယ်။

ဒါကြောင့် ကလေးကို စကားသင်တဲ့အခါ အဆဲထက် Tone color ကို သင်ပြပေးဖို့ လိုပါတယ်။ ဒါကြောင့် အင်္ဂလိပ်စာမှာ အသုံးအများဆုံးဖြစ်တဲ့ စကားလုံးတွေကို ဖော်ပြပါမယ်။ ကလေးတိုင်းရော လူကြီးတွေရော မဖြစ်မနေ သုံးစွဲတဲ့ စကားလုံးတွေပါ။ စုစုပေါင်း စကားလုံး ၁၀၀၀ ရှိပါတယ်။

ဒါတွေကို ကလေးတွေကို ပြောပြ၊ အသံထွက်ပြီး၊ ပြောပြဖို့ပါ။ အဲဒီ စကားလုံးတွေက သင့်ရဲ့ ကလေးငယ် သင်ယူ လေ့လာမှုကို နှိုးဆွပေးမယ့် စကားလုံးတွေပါ။

a able about above accept across act actually add admit afraid after

afternoon again against age ago agree ah ahead air all allow almost

alone along already alright also although always am amaze an and

anger angry animal annoy another answer any anymore anyone

anything anyway apartment apparently appear approach are area

aren't arm around arrive as ask asleep ass at attack attempt

attention aunt avoid away baby back bad bag ball band bar barely

bathroom be beat beautiful became because become bed bedroom

been before began begin behind believe bell beside besides best

better between big bit bite black blink block blonde blood blue

blush body book bore both bother bottle bottom box boy boyfriend

brain break breakfast breath breathe bright bring broke broken

brother brought brown brush build burn burst bus business busy but

buy by call calm came can can't car card care carefully carry case





cat catch caught cause cell chair chance change chase check cheek

chest child children chuckle city class clean clear climb close clothes

coffee cold college color come comment complete completely

computer concern confuse consider continue control conversation

cool corner couch could couldn't counter couple course cover

crack crazy cross crowd cry cup cut cute dad damn dance dark

date daughter day dead deal dear death decide deep definitely desk

did didn't die different dinner direction disappear do doctor does

doesn't dog don't done door doubt down drag draw dream dress

drink drive drop drove dry during each ear early easily easy eat

edge either else empty end enjoy enough enter entire escape

especially even evening eventually ever every everyone everything

exactly except excite exclaim excuse expect explain expression eye

eyebrow face fact fall family far fast father fault favorite fear feel feet

fell felt few field fight figure fill finally find fine finger finish fire first fit

five fix flash flip floor fly focus follow food foot for force forget form

forward found four free friend from front frown fuck full fun funny

further game gasp gave gaze gently get giggle girl girlfriend give

given glad glance glare glass go God gone gonna good got gotten

grab gray great green greet grin grip groan ground group grow

guard guess gun guy had hadn't hair half hall hallway hand handle





hang happen happy hard has hate have haven't he he'd he's head

hear heard heart heavy held hell hello help her here herself hey hi

hide high him himself his hit hold home hope horse hospital hot hour

house how however hug huge huh human hundred hung hurry hurt I

I'd I'll I'm I've ice idea if ignore imagine immediately important in

inside instead interest interrupt into is isn't it it's its jacket jeans jerk

job join joke jump just keep kept key kick kid kill kind kiss kitchen

knee knew knock know known lady land large last late laugh lay

lead lean learn least leave led left leg less let letter lie life lift light like

line lip listen little live lock locker long look lose lost lot loud love

low lunch mad made make man manage many mark marry match

matter may maybe me mean meant meet memory men mention met

middle might mind mine minute mirror miss mom moment money

month mood more morning most mother mouth move movie Mr.

Mrs. much mum mumble music must mutter my myself name near

nearly neck need nervous never new next nice night no nod noise

none normal nose not note nothing notice now number obviously of

off offer office often oh okay old on once one only onto open or

order other our out outside over own pack pain paint pair pants

paper parents park part party pass past pause pay people perfect

perhaps person phone pick picture piece pink piss place plan play





please pocket point police pop position possible power practically

present press pretend pretty probably problem promise pull punch

push put question quick quickly quiet quietly quite race rain raise

ran rang rather reach read ready real realize really reason recognize

red relationship relax remain remember remind repeat reply respond

rest return ride right ring road rock roll room rose round rub run

rush sad safe said same sat save saw say scare school scream

search seat second see seem seen self send sense sent serious

seriously set settle seven several shadow shake share she she'd

she's shift shirt shit shock shoe shook shop short shot should

shoulder shouldn't shout shove show shower shrug shut sick side

sigh sight sign silence silent simply since single sir sister sit situation

six skin sky slam sleep slightly slip slow slowly small smell smile

smirk smoke snap so soft softly some somehow someone

something sometimes somewhere son song soon sorry sort sound

space speak spend spent spoke spot stair stand star stare start state

stay step stick still stomach stood stop store story straight strange

street strong struggle stuck student study stuff stupid such suck

sudden suddenly suggest summer sun suppose sure surprise

surround sweet table take taken talk tall teacher team tear teeth

television tell ten than thank that that’s the their them themselves

then there there’s these they they’d they’re thick thing think third





this those though thought three threw throat through throw tie tight

time tiny tire to today together told tomorrow tone tongue tonight

too took top totally touch toward town track trail train tree trip

trouble true trust truth try turn twenty two type uncle under

understand until up upon us use usual usually very visit voice wait

wake walk wall want warm warn was wasn’t watch water wave

way we we’ll we’re we’ve wear week weird well went were

weren’t wet what what’s whatever when where whether which

while whisper white who whole why wide wife will wind window

wipe wish with within without woke woman women won’t wonder

wood word wore work world worry worse would wouldn’t wow

wrap write wrong yeah year yell yes yet you you’d you’ll you’re

you've young your yourself

ဒီစကားလုံးတွေနဲ့ ကလေးငယ်ကို အလျဉ်းသင့်တိုင်း ပြောပြ မိတ်ဆက်ပေးဖို့လိုပါတယ်။ ဒါက အင်္ဂလိပ်ဘာသာနဲ့ ပတ်သက်ပြီး ပြောတာပါ။





အခန်း(၅)

## မိခင်ဘာသာစကားသင်ပေးတဲ့အခါ

မိဘတွေအနေနဲ့ ကိုယ့်ကလေးကို မိခင်ဘာသာစကား သင်တဲ့အခါ အရေးကြီးတဲ့ အချက်တချို့ကို ပြောပြချင်ပါတယ်။ ပထမဆုံးအနေနဲ့ စကားသံကို ပီပီသသ ဆိုပြဖို့၊ ပီပီသသ ပြောပြဖို့၊ ပီပီသသ ဖတ်ပြဖို့ လိုပါတယ်။ တကယ်လို့ စကားသံက ပီပီသသ မရှိဘူးဆိုရင် ကလေးကလည်း မပီသတဲ့ စကားသံကို အမှန်ထင်သွားပြီး အသေ မှတ်သားသွားနိုင်ပါတယ်။ အဲဒီလို မှတ်သားသွားရင် ကလေးအတွက် အလွန်ကို နစ်နာစေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ ပြောတဲ့စကားကို စာနဲ့ ပြန်ရေးတဲ့အခါ အလွဲလွဲ အချော်ချော်တွေ ဖြစ်သွားနိုင်တာကြောင့်ပါ။

ဥပမာ ပြောရရင် "စကားကို ပီပီသသ ပြောရတယ်"ဆိုတဲ့ စကားကို ကလေးကို ပြောတဲ့အခါ "ဂျဂါးကို ပီပီတတ ကြောရတယ်" ဆိုပြီး ပြောပြတာ

မျိုး၊ နောက်ပြီး "ထမင်း စားပြီးပြီလား"လို့ မေးတာကို "အမင်း ချားပြီးပြီလား" ဆိုတာမျိုး၊ "ထမင်း မစားရသေးဘူး"လို့ ပြောတာကို "ထမင်း မစားက သေးဘူး"လို့ ပြောတာမျိုးတွေ ရှောင်ရပါမယ်။

တချို့မိဘတွေက ကလေးကို ပြောတဲ့အခါ ချစ်စဖွယ်ဖြစ်အောင်ဆိုပြီး "ဟင်း မချက်ရသေးဘူး" ဆိုတာကို "ဟင်း မချက်က သေးဘူး"လို့ ပြောတာတွေ၊ "အဲဒီအကြောင်း မသိရသေးဘူး" ဆိုတာကို "အဲဒီ အကြောင်း မသိက သေးဘူး"လို့ ပြောတာမျိုးတွေ အပါအဝင် တခြား စကားကို မပီမသ ပြောတာမျိုးတွေနဲ့ ကလေးကို သင်ပြ မပေးသင့်ပါဘူး။

တကယ်လို့ အဲသလို အလွဲလွဲအချော်ချော် စကားတွေကို ကလေးက မှတ်သားပြီး ကလေးကျောင်းတက်တဲ့အခါ ကလေးက မပီမသတဲ့ စကားတွေ ပြောမိသွားပြီး အတန်းထဲက တခြားကလေးတွေရဲ့ ရယ်စရာ ဖြစ်သွားတဲ့ အပြင် "အဟား" ခံရနိုင်ပါတယ်။ အဲဒီလို တခြားသူတွေရဲ့ "အဟား" ခံလိုက်ရတဲ့ကလေးမှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ် (Confidence) ပျောက်သွားပြီး စိတ်အားငယ်နေရတတ်ပါတယ်။ အဲဒီထက် ပိုဆိုးတာက ကလေးငယ်က စာရေးပြီး ပြောတဲ့အခါမှာတော့ အသံထွက်အမှားကြီးကို စာလုံးပေါင်းတွေ၊ သတ်ပုံတွေနဲ့ပြန်ရေးတဲ့အခါ ဘယ်လိုမှ မှန်မှန်ကန်ကန် မဖြစ်နိုင်တော့တာပဲ။

တကယ်လို့ ကလေးက အမှန်ကိုသိပြီး ပြုပြင်ယူတယ်ဆိုရင်လည်း အများတွေနဲ့ နေသားကျ ပြောဆိုနေတာကို ချက်ချင်း ပြောင်းယူ ပြုပြင်ယူဖို့ ဆိုတာ ဘယ်လိုမှ လွယ်လွယ်ကူကူ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် "စကားကို ပီပီသသ၊ ကြည်ကြည်မြမြ ပြောဆိုပြဖို့၊ သင်ပြပေးဖို့" မိဘတွေကို သတိပေးတာပါ။

## စကားမပီစာမပီ

စကားသံ ဆိုတာ ဘာသာစကားတခုရဲ့ အရေးအကြီးဆုံး အခြေခံ ဖြစ်ပါ





တယ်။ အရေးအကြီးဆုံးဖြစ်တဲ့ ဘာသာစကားရဲ့ အခြေခံ စကားသံကိုတောင် မှန်မှန်ကန်ကန် မပြောတတ်ရင်...၊ အဲဒီ စကားသံကို စာနဲ့ ပြန်ရေးတဲ့အခါ မှာလည်း ဘယ်လိုမှ မှန်ကန်မှု မရှိနိုင်ပါဘူး။ ပြီးတော့ ကိုယ့်မိခင် ဘာသာ စကားကိုတောင် ပီပီသသ ကြည်ကြည်မြမြ မပြောနိုင်တဲ့ သူဟာ တခြား ဘာသာစကားတခုကို လေ့လာ ကျွမ်းကျင်ဖို့ဆိုတာ အလွန်ကို ခက်ခဲပါတယ်။ အပေါ်ယံသဘောလောက်ပဲ သင်ယူတတ်မြောက်နိုင်ပြီး နက်ရှိုင်းရှိုင်း ကျယ်ကျယ်ပြန့်ပြန့် လေ့လာဖို့ အတွက် ခက်ခဲနေမှာ ဖြစ်ပါတယ်။ ဒါကြောင့် စကားကို ပီပီသသမပြောတတ်ရင် စကားကို ပြန်ရေးပြမယ့်စာလည်း ပီပီ သသ မဖြစ်နိုင်ပါ။

စကားကို ပီပီသသ မပြောကြတဲ့ မိဘတွေ အတော်များများ တွေ့ဖူး ပါတယ်။ သူတို့ရဲ့ ကလေးတွေကို လေ့လာကြည့်တော့ စကားသံကိုဖြစ်သလို ပြောနေကြတာ တွေ့ရပါတယ်။ ငယ်ရွယ်စဉ် ကလေးဘဝမှာ အဆင်ပြေသလို ဖြစ်နေပေမယ့် ကြီးပြင်းလာတဲ့အခါ အများနဲ့ ပေါင်းသင်းဆက်ဆံတဲ့ မပီသတဲ့ စကားသံ အပြောအဆိုတွေကြောင့် ကိုယ့်ကလေးငယ် ခြေတလှမ်း နောက်ကျနေတတ်ပါတယ်။

စကားမပီတဲ့ လူတယောက်ဟာ ဘယ်လို လူအများရဲ့ လေးစားစရာ မဖြစ်နိုင်ပါ။ အထူးသဖြင့် ကိုယ့်သားသမီးကို နိုင်ငံရေး ခေါင်းဆောင် ဖြစ်စေ လိုသူများ၊ အနုပညာရှင် ဖြစ်စေလိုသူများ၊ အပြောအဟောနဲ့ ဆက်စပ်တဲ့ စာပေဂီတ စတဲ့ အနုပညာတွေမှာ ထွန်းထွန်းပေါက်ပေါက်ဖြစ်ဖို့ မလွယ်ကူပါ။

ဒါကြောင့် စကားမပီရင် ရေးတဲ့စာလည်း ပီပြင်လှပမှာ မဟုတ်သလို မပီတဲ့ စကားသံကြောင့် ရှက်ရွံ့ဖွယ်ဖြစ်သွားပြီး ကလေးအတွက် ဘဝ တလျှောက် အားနည်းချက်သဖွယ် ဖြစ်သွားမှာကို အလွန်စိုးရိမ်ရပါတယ်။

ဒီနေရာမှာ နည်းနည်းမေးစရာရှိတာက မြန်မာစကားကို တိုင်းရင်းသား တွေလည်း ပြောဆိုသုံးစွဲနေကြတဲ့အခါ အသံထွက်တွေ မှားနေတာ မရှိဘူး

လားဆိုတဲ့ အချက်ပါ။ ဟုတ်ပါတယ်။ ရှိပါတယ်။ ဒါပေမယ့် တိုင်းရင်းသားတွေအနေနဲ့ သူတို့ရဲ့ မိခင်ဘာသာစကားကို ပြောတဲ့အခါ ပီပီသသ ပြောကြတာများပါတယ်။ အခု ပြောနေတာက မိခင်ဘာသာစကားကို ပြောပြနေတာဖြစ်လို့ ကိုယ့်မိခင်ဘာသာ စကားကို ပီပီသသပြောပြဖို့ အကြံပြုတိုက်တွန်းတာ ဖြစ်ပါတယ်။

အတွေ့အကြုံလေးတခု ပြောပြချင်ပါတယ်။ ကျနော့်ဇာတိ ကျေးရွာရမည်းသင်းမြို့နယ် တောင်ကန်ကြီးကျေးရွာမှာ တွေ့ကြုံခဲ့ရတာပါ။ ကျနော့်ဇာတိ ရွာသူရွာသားတွေ အများစုပြောတဲ့ စကားက "စ" နဲ့ "သ" မကွဲပြားတာပါ။ ဥပမာ - "ထမင်းစားပါဦး"လို့ ပြောရင် "ထမင်းသားပါဦး" လို့ ပြောတာမျိုးပါ။ နောက်ပြီး "ဂက်"ကို "ဂစ်"လို့ ပြောတာ၊ "ကြက်"ကို "ကြစ်"လို့ ပြောတာတွေက နေ့စဉ်ပြောနေကျ စကားပါ။

အဲဒီမှာ ကျနော့် မိတ်ဆွေတဦးနဲ့အတူ ရွာကို အလည်အပတ် သွားရောက်တော့ ခင်မင်ဖော်ရွေလှတဲ့ ရွာသားတွေက ထမင်းစားနေတဲ့ အခိုက်အတန့်နဲ့ ကြုံကြိုက်ရင် "ထမင်း သားပါဦး"လို့ ပြောတော့ မိတ်ဆွေက ကောင်းကောင်း နားမလည်ဘဲ ဖြစ်သွားရတယ်။ ပြုံးပြုံးရွှင်ရွှင်နဲ့ နှုတ်ဆက်ဖိတ်ခေါ်နေတာထက် ပြောလိုက်တဲ့စကားကို နားမလည်သလို ဖြစ်သွားတာကြောင့်ပါ။

ဒါနဲ့ အကြောင်းစုံ ရှင်းပြလိုက်တော့ သူက "ဟုတ်ကဲ့ သားပါ ခင်ဗျာ... သားပါ"လို့ ဒေသိယ စကားအတိုင်း ပြောလိုက်တော့ အားလုံးက ဝိုင်းရယ်မောကြပါတယ်။ သူတို့ ရယ်မောတာက ရွာသားတဦးလို ပြောတာဖြစ်ပေမယ့် တမင်ပြောနေသလိုဖြစ်နေလို့ ရယ်မောကြတာပါ။

နောက်ပြီး ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်း၊ ပျဉ်းမနား၊ လယ်ဝေးဒေသက လူအများစုဟာ "ရှ" နဲ့ "ချ" မပီကြပါဘူး။

"မပီတော့ ဘာဖြစ်လဲ၊ ဘာ အရေးကြီးလဲ၊ နားလည်ရင် ပြီးတာပဲ





မဟုတ်လား"လို့ ပြောစရာရှိပါတယ်။ ဟုတ်ပါတယ်။ နားလည်ရင် ပြီးပြည့်စုံသွားပါပြီ။

ဒါပေမယ့် "မင်း ချမ်းလား"လို့ မေးတာကို "မင်း ရှမ်းလား"လို့ အသံထွက်ပြီးမေးမိတော့ ပြန်ဖြေတဲ့အဖြေက "မဟုတ်ဘူး၊ ရှမ်းပြည်မှာ နေတာကြာလို့ ရှမ်းတွေ ပြောသလို စကားသံက ဂဲသွားတာပါ"ဆိုပြီး ရှင်းပြတယ်။ အဲဒီမှာ အမေးစကားက တခြား၊ ပြန်ဖြေတဲ့ အဖြေကတမျိုး ဖြစ်သွားရပါတယ်။ အဲဒီ အဖြစ်အပျက်ဟာ ဘာမှ မဟုတ်ဘူး၊ ပျော်စရာ အဖြစ်အပျက်လို့ ယူဆလို့ ရပါတယ်။ သို့ပေမယ့် ကျနော့်ကိုယ်တိုင် အခမ်းအနားတခုမှာ ကျေးဇူးတင်စကားပြောဖို့ ဖြစ်လာတဲ့အခါမှာ စကားကို ပီသအောင် ကြိုးစားပြီး ပြောရပါတယ်။ ကိုယ်တိုင်က ပီသအောင်ပြောမှ မပီသလို ဖြစ်သွားတာတွေလည်း ရှိပါတယ်။

နောက်ထပ် "ချ" နဲ့ "ရှ" မပီတဲ့ အတွက်ကြောင့် ရယ်စရာ ဖြစ်သွားရတဲ့အကြောင်း ပြောပြပါဦးမယ်။ လက်ဘက်ရည်ဆိုင်မှာ သူငယ်ချင်းတွေ အတူတကွ သောက်နေကြတုန်း တယောက်က ပြောပါတယ်။ "ဟေ့ကောင်... အရှင်းရှင်းတွေပဲ ... ချင်းလိုက် ချင်းလိုက်"ဆိုပြီး ပြောပါတယ်။

ဒေသသား အချင်းချင်းအနေနဲ့ နားလည်နိုင်ကြပေမယ့် တခြားဒေသက ပုဂ္ဂိုလ်တွေအတွက် ရုတ်တရက် နားမလည်သလို ဖြစ်သွားနိုင်ပါတယ်။

အခုပြောနေတာက ဒေသိယစကားနဲ့ ဒေသိယလေသံ တွေဟာ နိုင်ငံတကာက လေ့လာနေသူတွေအနေနဲ့ လွဲမှားစေနိုင်တဲ့အကြောင်း ဖြစ်ပြီး ဒေသခံတွေအနေနဲ့ အသံထွက်မှန်အောင်ပြောဖို့ တိုက်တွန်းနေတာ မဟုတ်ပါ။ "ဦးထွန်းလွင်"ကို "ဦးထွင်းလွန်"လို့ ပြောတာမျိုးကို စကားအရ နားလည်ပေးနိုင်ပေမယ့် စာနဲ့ရေးပြရင် ဘယ်လိုမှ နားလည်ပေးဖို့အကြောင်း မရှိနိုင်ပါ။ တက်တက်စင် လွဲနေနိုင်ပါတယ်။

တကယ်တော့ မိခင်ဘာသာစကားအကြောင်းနဲ့ ဒေသိယ ဘာသာစကား

အကြောင်းကို ကျမ်းတစောင် ပေတဖွဲ့ ရေးသားတင်ပြဖို့ သင့်ပါတယ်။ ဒါပေမယ့် လုံလောက်တဲ့ အချိန်ကာလ ငွေကြေးနဲ့ သုတေသနပြု လေ့လာတင်ပြဖို့ မလွယ်ကူတာတဲ့အတွက် အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် "စာတွေဖတ်တဲ့ ကလေးငယ်"ကို contribute လုပ် တင်ပြလိုက်ရပါတယ်။

နောင် အလျဉ်းသင့်ရင်တော့ မိခင်ဘာသာစကား သင်ကြားခြင်း အကြောင်း အသေးစိတ် လေ့လာတင်ပြလိုပါသေးတယ်။ အဲသလို လေ့လာတင်ပြမှုက ကျနော်တို့ဆီမှာ မရှိသေးပါဘူး။ မရှိသေးတဲ့အတွက် အမေရိကန် ပညာရေးဌာနက ထုတ်ဝေတဲ့စာစောင်ကို အခြေခံပြီး ပြန်လည်တင်ပြတာ၊ contribute လုပ်ရတာ ဖြစ်ပါတယ်။





## အခန်း(၆)

### မိဘနဲ့သားသမီးဆက်ဆံရေး

မိဘနဲ့ သားသမီး ဆက်ဆံရေး အကြောင်းပြောဖို့က အတော့်ကို ကျယ်ပြန့်လှပါတယ်။ ကျနော်တို့ရဲ့ Culture လို့ခေါ်တဲ့ ဓလေ့ထုံးတမ်း အစဉ်အလာမှာ မိဘက အထက် သားသမီးက အောက် ဆိုတဲ့ အနေအထား မျိုးရှိနေတာ တွေ့ရတယ်။ အဲဒီလိုမျိုး အနေအထားက သားသမီးတွေရဲ့ ဖြန့်ကျက် တွေးခေါ်စဉ်းစားမှုအတွက် အကန့်အသတ် ဖြစ်စေနိုင်ပါတယ်။ အနန္တ ငါးဂင်ဆိုပြီး အမြင့်မားဆုံးအဆင့်မှာ ရှိနေတယ်ဆိုပြီး ပြောဆိုကြ၊ ဆက်ဆံကြတာတွေလည်း ရှိနေတာပါပဲ။

ကောင်းတဲ့ဘက်ကနေ ကျေးဇူးတရားနဲ့ ချစ်ခြင်းမေတ္တာကို အခြေခံ ကြည့်ရင် သင့်လျော်တဲ့ အနေအထားရှိတယ်လို့ ဆိုနိုင်ပါတယ်။ တန်ဖိုး ထားခြင်း၊ အလေးအနက်ထားခြင်းအပြင် စွန့်လွှတ်အနစ်နာခံခြင်း ဆိုတာ

တွေ တွေ့ရမှာပါ။ သို့ပေမယ့် သားသမီးတွေနဲ့ မိဘ ဆက်ဆံရေးမှာ အရမ်းကို ကွာလှမ်းသွားတာမျိုးတွေ ခံစားမိသွားစေနိုင်တာလည်း ထပ်ဆင့် စဉ်းစားမိလာပါတယ်။

ဥပမာ - အသေဂနစ ဇာလာနံ ၊ ပဏ္ဍိတာနဥ္စ သေဂနာ၊ ပူဇာစ ပူဇနေရာနံ ဧတံမင်္ဂလံမုတ္တမံ ဆိုတဲ့ မင်္ဂလာတရားတော်လာ အကြောင်းကို အနည်းငယ် ဆွေးနွေးကြည့်ကြရအောင်ပါ။ ဒီဆွေးနွေးချက်ဟာ မင်္ဂလာတရားတော် အပေါ် အမြင်ဆိုးနဲ့ ဆွေးနွေးတာမဟုတ်ဘဲ မင်္ဂလာတရားတော်ကနေ ထပ်ဆင့် စဉ်းစားဆင်ခြင်သုံးသပ်ဖွယ် ကိစ္စကို ဆွေးနွေးတာ ဖြစ်ပါတယ်။ အထူးသဖြင့် ကလေးတို့ရဲ့ ကျိုးကြောင်းပြ စဉ်းစားတတ်မှုကို ရှေ့ရှုပြီး ဆွေးနွေးတာ ဖြစ်ပါတယ်။

ပထမဆုံး အချက်ဖြစ်တဲ့ "အသေဂနစ ဇာလာနံ" ဆိုတဲ့ ဟောပြောညွှန်ပြချက်ရဲ့ အဓိပ္ပာယ်က "လူမိုက်တွေကို ရှောင်ကြဉ်ရမယ်၊ မပေါင်းသင်းရဘူး၊ ကင်းအောင် နေရမယ်"ဆိုတာကို လေ့လာရအောင်ပါ။ မိဘတွေအနေနဲ့ ကလေးငယ်ကို သွန်သင်တဲ့အခါ အဲဒီလို သွန်သင်တယ် ဆိုပါတော့။

ကလေးက လူမိုက်ဆိုတာ ဘယ်လိုမျိုးလဲ၊ ဘယ်သူတွေဟာ လူမိုက်တွေလဲဆိုတာ မရွေးချယ်တတ်သေးတဲ့အရွယ် ဖြစ်နေတယ် မဟုတ်လား။ ဒီတော့ လူမိုက်ဆိုတာကို မဖြစ်မနေ အဓိပ္ပာယ်ဖွင့်ပြ၊ ပြောပြဖို့ လိုတာပေ့ါ။ မိဘတွေ ကိုယ်တိုင်က ဘယ်လိုလူဟာ လူမိုက်လဲဆိုတာ မသိရှိရင် ကလေးငယ်ကို ပြန်ပြောပြဖို့ အင်မတန်ခက်ပါတယ်။ ဒီတော့ မိဘတွေ ကိုယ်တိုင်က လူမိုက်ဆိုတာကို အသေအချာသိရှိပြီးမှ ကလေးငယ်ကို ပြောပြဖို့ လိုတာပေ့ါ။

ကလေးကတော့ "ဖေဖေ... မေမေ... လူမိုက်ဆိုတာ ဘယ်သူ့ကို ခေါ်တာလဲဟင်"လို့ မေးမှာပဲ။ အဲဒီအချိန်မှာ မိဘတွေကိုယ်တိုင်က လူမိုက်ဆိုတာ ပြောပြမပေးနိုင်ရင် ကလေးငယ်ရဲ့ စဉ်းစားတွေးခေါ်မှုနဲ့ ဉာဏ်ရည်ကို နိမ့်ပါး





စေနိုင်ပါတယ်။ အကြောင်းကတော့ "ငါ ပြောတာမှတ်ထား"ဆိုသလို ဖြစ်သွားတဲ့အခါ ကလေးရဲ့ သိစမ်းချင်စိတ်နဲ့ ကလေးရဲ့ စဉ်းစားနိုင်တဲ့ စိတ်ကလေးကို ပိတ်ပစ်ရာ ကျပါတယ်။ အဲဒီမှာ ကျနော်တို့ လူ့အဖွဲ့အစည်းအတွက် အပိတ်စနစ် (Close System) တွေဖြစ်ပြီး ကလေးရဲ့ အတွေးအခေါ်ကို ဖွင့်ပေးနိုင်မယ့် (Open System) ပိတ်သွားတော့တာပါပဲ။

ပြတင်းတံခါးတွေ ပိတ်သွားတဲ့အခါ အခန်းဟာ မှောင်သွားသလိုမျိုးပဲ ကလေးရဲ့ စဉ်းစားတွေးခေါ်မှု၊ သိစမ်းချင်မှုတွေကို ပိတ်လိုက်သလို ဖြစ်သွားတဲ့အခါ ကလေးငယ်ရဲ့ ဘဝ အခန်းငယ်လေးဟာလည်း ပိတ်သွားပြီး အမှန်ကို မမြင်တော့လောက်အောင် ဖြစ်သွားစေတတ်ပါတယ်။ ဒါကြောင့် လူမိုက်ဆိုတာ ဘယ်လိုလူကိုခေါ်တယ်ဆိုတာ ရှင်းပြနိုင်ဖို့ မိဘတွေအနေနဲ့ အရေးတကြီး လိုပါတယ်။

ဒီတော့ ကလေးကို ရှင်းပြဖို့ "လူမိုက်" ဆိုတာ ဘယ်လိုလူမျိုးကို ခေါ်သလဲဆိုတာ ကလေးနားလည်အောင် ပြောပြဖို့ ပထမဆုံး အချက်အနေနဲ့ "လူမိုက်ဆိုတာ မိုက်မဲတဲ့ လူတွေပေ့ါ၊ ဘယ်လို မိုက်မဲတာလဲ ဆိုတော့ ကိုယ့်ရဲ့ ကိုယ်ကျိုးကိုသာကြည့်ပြီး တခြားလူတွေအတွက် မစဉ်းစား ထည့်မတွက်တာ လူမိုက်ပဲ"လို့ ပြောပြရပါမယ်။

ဥပမာ - လူအများရှိနေတဲ့ နေရာမှာ ဆေးလိပ်သောက်နေတဲ့ လူဟာ တခြားသူတွေကို အလေးဂရုမထားဘဲ သူ့ကိုယ်ကျိုးအတွက်ပဲ ကြည့်ပြီး သောက်နေတတ်လို့ အဲဒီလူဟာ လူမိုက်ဖြစ်တယ်၊ ကိုယ်ချင်းစာမှု မရှိဘူး၊ အဲဒီလို လူမျိုးနဲ့ ဝေးဝေးရှောင်ရမှာ ဖြစ်သလို အဲဒီလိုလူ ပြုမူတာမျိုးလည်း ရှောင်ကြဉ်ရမှာ ဖြစ်တယ်ဆိုတဲ့ အကြောင်း ပြောပြရမှာပါ။

တကယ်တော့ "အသေဂနစ ဇာလာနံ" ဆိုတာ အထက်က ပညာရှင်တွေ ပြောပြသလို ကလေးက နားမလည်နိုင်တဲ့အတွက် အဲဒါကို ကလေးနားလည်အောင် ပြောပြရမှာဖြစ်တယ်။ လူမိုက်ဆိုတာ ကိုယ်ချင်းစာစိတ် မရှိတဲ့လူ၊

သူ့ကိုယ်ကျိုးအတွက်ပဲ ကြည့်တတ်သူ၊ တခြားသူတွေကို ထည့်သွင်းမစဉ်းစားတတ်သူ ဖြစ်တယ်ဆိုတဲ့အကြောင်း ပြောပြဖို့ပါ။

ဘယ်သူသေသေ၊ ငတေမာ ပြီးရောဆိုသလို ကိုယ့်အတ္တ အကျိုးအတွက် ဘယ်သူ့ကိုမှ စာနာထောက်ထားမှု မရှိတဲ့သူဟာ လူမိုက်ဖြစ်တယ်၊ ဒီလို လူမျိုးတွေနဲ့ ကင်းအောင်နေဖို့၊ အပေါင်းအသင်း မလုပ်ဖို့ဆိုတာ ပြောပြရမှာ ဖြစ်တယ်။

နောက်ပြီး "ပဏ္ဍိတာ နဉ္စသေဝနာ" ဆိုတာကိုလည်း ကလေးတွေကို ရှင်းပြပေးပါဦး။

ပဏ္ဍိတာ ဆိုတာ ပညာရှိပဲ။ ဘာ ပညာတွေ ရှိတဲ့သူလဲ။ အများသူငါတွေ အပေါ် သိမြင်တတ်သူ၊ ဘာတွေ သိမြင်တာလဲဆိုတော့ အများသူငါ လူအများရဲ့ အကျိုးစီးပွားနဲ့ အများသူငါ လူအများအတွက် ကောင်းကျိုးတွေ ကူညီပေးသူ လုပ်ဆောင်ပေးသူပေါ့။ ဒါက ကလေးတွေ အလွယ်သိမြင်ဖို့ ပြောရမှာတွေပေါ့။

တကယ်လို့ အများသူငါတွေအတွက် ကောင်းကျိုးတွေ လုပ်ဆောင်ပေးသူ၊ အများသူငါအတွက် ထည့်သွင်းစဉ်းစားသူဟာ ပညာရှိသူ ဖြစ်သလို အဲဒီလိုလူဟာ စာနာစိတ်ရှိသူပဲ ဖြစ်တယ်။ စာနာစိတ်ရှိတဲ့သူဟာ လူ့အဖိုးတန် ဖြစ်တယ်၊ အဲဒီလိုလူမျိုးနဲ့ ပေါင်းသင်းဆက်ဆံသင့်တယ် ဆိုတာလည်း ပြောပြဖို့ပါ။

နောက်တချက်ဖြစ်တဲ့ "ပူဇာစ ပူဇနေရာနံ" ဆိုတာကိုလည်း ပြောပြပေးပါဦး။ "ပူဇော်ထိုက်သူကို ပူဇော်ခြင်း"ပေါ့။ ပူဇော်ဆည်းကပ် ကိုးကွယ်သင့်တဲ့သူကို ရွေးချယ်ဆည်းကပ်ဖို့ပါ။ တနည်းအားဖြင့် လေးစားချစ်ခင်အားထားသင့်တဲ့သူတွေဆိုရင် လေးစားချစ်ခင် အားထားဖို့ပါ။

ဒီနေရာမှာ ဘယ်လိုလူတွေ၊ ဘယ်လိုပုဂ္ဂိုလ်တွေက လေးစားချစ်ခင်အားထားသင့်သလဲ ဆိုတဲ့မေးခွန်းက ကလေးတို့ မမေးမြန်းပေမယ့် မိဘ





တွေက ရှင်းလင်းပြောပြရမှာပါ။ လေးစားချစ်ခင် အားထားသင့် အတုယူသင့်တဲ့သူတွေဆိုတာ ဘယ်လိုလူတွေလဲ၊ ဘယ်လို ပုဂ္ဂိုလ်မျိုးတွေလဲဆိုတာ ရှင်းပြရပါမယ်။

ဥပမာ - ဗိုလ်ချုပ်အောင်ဆန်းလို ပုဂ္ဂိုလ်မျိုးကို ဘာကြောင့် အလေးထားချစ်ခင်ရသလဲ၊ သူ့ အပေါ် ဘာကြောင့် ယုံကြည်လေးစားပြီး ဘာကြောင့် ဂါရဝပြုကြတာလဲ ဆိုတာပေါ့။ သူဟာ အများပြည်သူရဲ့အကျိုး၊ တိုင်းပြည်အကျိုးအတွက် သူ့အတ္တ ကိုယ်ကျိုးကိုမကြည့်ဘဲ လုပ်ကိုင်ဆောင်ရွက်တာကြောင့်ဖြစ်တယ်ဆိုတဲ့အကြောင်း ပြောပြရမှာပါ။

အခုလို ပြောတာက လူမှုဂန်းကျင်မှာ ကလေးတွေရဲ့ သိမြင်မှု ခံစားမှုတွေးတောမှုကို ဖြန့်ကြက်နိုင်ဖို့ အလေးထားပြောတာ ဖြစ်ပါတယ်။ ဘာသာရေးအနေနဲ့ ပြောတာမဟုတ်ပါ။ တကယ်တော့ လောကနီတိဆိုတာ လောကမှာ ရှင်သန်နေထိုင်တဲ့ လူတွေ အချင်းချင်းကြား နီတိဆိုတဲ့ ကျင့်ဝတ်သို့မဟုတ် ကျင့်ကြံနေထိုင်ရမယ့် အခြေခံအကြောင်းအကျိုးတွေရဲ့ တရားသာဖြစ်ပါတယ်။ ဒီလို ကျင့်ကြံပြုမူနေထိုင်တာဟာ ဘယ်ဘာသာဝင်ဖြစ်ဖြစ်၊ ဘယ်လူမျိုးဖြစ်ဖြစ် အဲဒီ နီတိနဲ့အညီ ကျင့်ကြံနေထိုင်ဖို့ ဖြစ်ပါတယ်။

အခုပြောပြတဲ့ စကားတွေကို အနှစ်ပြန်ချုပ်ရရင် သေချာတာက ကလေးတွေရဲ့ တွေးတောသိစမ်းချင်စိတ်ကို ဖွင့်ပေးဖို့၊ သူတို့လေးတွေ အလွယ်တကူနားလည်နိုင်ဖို့နဲ့ သူတို့ရဲ့ ဖြန့်ကြက်တွေးလာမယ့် အတွေးတွေ၊ စိတ်ကူးတွေ၊ ဆုံးဖြတ်နိုင်စွမ်းတွေကို စေ့ဆော်ပြည့်စုံစေဖို့ ဖြစ်ပါတယ်။

အဲဒီလို မိဘတွေက ခြေခြေမြစ်မြစ် ပြောပြပေးနိုင်ခြင်းအားဖြင့် ကလေးတွေကလည်း မိဘတွေကို ပိုမို အားကိုးလေးစားမှာဖြစ်သလို ကလေးရဲ့ဘဝတလျှောက် လမ်းမမှားနိုင်တဲ့ သွန်သင်ခြင်းကို ရောက်ရှိမှာ ဖြစ်ပါတယ်။ အများအားဖြင့် မိဘတွေက မိဘနေရာဆိုပြီး အထက်က နေကြတယ်၊ အထက်စီးကနေ ပြောဆိုဆုံးမကြတာတွေ အများကြီး တွေ့ရှိရပါတယ်။

တကယ်တော့ အဲဒီလို အထက်စီးကနေပြီး အပိတ်စနစ်နဲ့ မဆုံးမသင့်ပါဘူး။ စာတွေဖတ်တဲ့ ကလေးငယ် ဖြစ်ဖို့ "ကလေးတို့ရေ... ဒါကတော့ ဖေဖေ မေမေက လောကနီတိထဲမှာ ပါတဲ့လူတွေ ကျင့်ကြံရမယ့်ကျင့်ဝတ်ကို ပြောပြတာကွဲ့။ သားတို့ သမီးတို့ အကျယ်တဝင့်ဖတ်ဖို့တော့ လိုဦးမယ်။ အဲဒီစာအုပ်က ဟောဒါလေးပဲ"လို့ ပြောပြပြီး ကလေးတွေကို ပြောပြ သွန်သင်ပြဖို့ပါ။

နောက်တခန်းမှာတော့ မိဘတွေရဲ့ အိမ်ထောင်ရေးနဲ့ ကလေးရဲ့ စိတ်ဓာတ်ရေးရာကို ဆက်လက်တင်ပြပေးပါမယ်။





အခန်း(၇)

## မိဘတွေရဲ့အိမ်ထောင်ရေးနဲ့ကလေးတွေအတွက်စိတ်ဓာတ်ရေးရာ

တကယ်တော့ မိဘတွေရဲ့ အိမ်ထောင်ရေး အဆင်ပြေခြင်း/ မပြေခြင်းနဲ့ သားသမီးတွေရဲ့ဘဝ အနာဂတ်အရေး တောက်ပခြင်း မတောက်ပခြင်းတွေက တိုက်ရိုက်ဆက်နွယ်နေပါတယ်။ အိမ်ထောင်ရေး အဆင်ပြေတဲ့...၊ နားလည်ပေးမှု အပြည့်ရှိတဲ့ မိသားစုတွေဟာ ဘဝမှာ ကျေနပ်ပျော်ရွှင်ရသလို ကလေးတွေရဲ့ ဘဝအတွက်လည်း အတွေးစိတ်ကူးသစ်တွေ ရရှိအောင်မြင်စေနိုင်တယ်လို့ လေ့လာတွေ့ရှိမှုတွေက ဆိုပါတယ်။

တချို့ မိဘတွေက မိဘတွေ ဖြစ်တာဟာ သားသမီးတွေနဲ့ ဘာမှ မဆိုင်ဘူးလို့ ယူဆတာတွေရှိပါတယ်။ မိဘနှစ်ပါးကြား အဖုအထစ် အကြိတ်အခဲတွေက ကလေးအတွက် စိတ်ရှုပ်၊ စိတ်ပျက်စရာတွေ ဖြစ်စေနိုင်ပါတယ်။ ပြီးတော့ ကလေးရဲ့ရှေ့မှာ မိဘနှစ်ယောက်က နင်ပဲငဆ ပြောဆိုရန်ဖြစ်

အော်ဟစ်နေတာမျိုးလည်း မဖြစ်သင့်ပါဘူး။ ကလေးသိသင့်တာမျိုး သိစေပြီး မသိသင့်တာမျိုးကို မသိစေဖို့ ဖြစ်ပါတယ်။

ဘာတွေက သိစေသင့်သလဲဆိုရင် ကလေးရဲ့ ကိုယ်ကျင့်သိက္ခာနဲ့ ပတ်သက်တာတွေ၊ အသိပညာတွေနဲ့ ဆက်စပ်တာတွေ၊ တခု ရချင်ရင် တခု ပေးဆပ်ရတဲ့သဘော စတဲ့အချက်တွေက သိစေသင့်တာတွေ ဖြစ်ပါတယ်။

## အပေးအယူစိတ်ဓာတ်မွေးပေးရမယ်

မိဘတွေ အနေနဲ့ ကိုယ့်သားသမီး ဆုံးမတဲ့နေရာမှာ အတင်းအကျပ်နဲ့ ဖွတ်ပြောဆိုတာမျိုး၊ ရိုက်နှက်စေခိုင်းတာမျိုး လုံးဝ မလုပ်သင့်ပါဘူး။ တချို့ မိဘတွေက ကိုယ့်သားသမီးကို ဆုံးမတာ ဘယ်သူမှ ဝင်ပြောစရာ မလိုဘူး၊ အပူမပါဘူးဆိုပြီး ပြောဆိုတာတွေ ရှိပါတယ်။ ဟုတ်ပါတယ်။ ကိုယ့်သားသမီး တော့ ကိုယ်သားသမီးပါပဲ။ ဒါပေမယ့် လူသားတဦးလည်း ဖြစ်တယ်ဆိုတာ လည်း လက်ခံထားပေးပါဦး။ ဥပဒေကတော့ မိဘတွေ ဆရာတွေဆိုပြီး သားသမီးကို၊ တပည့်တွေကို အတင်းအကျပ်ခိုင်းခွင့်၊ ရိုက်နှက်ခွင့် မပြုထား ဘူးဆိုတာလည်း နားလည်ထားဖို့လိုပါတယ်။

ဒါဆို သားသမီးတွေ ဘယ်လို ဆုံးမရမလဲ။ အပေးအယူ စိတ်ဓာတ် မွေးမြူပေးပြီး ဆုံးမဖို့ အကြံပြုချင်ပါတယ်။ There is no free lunch. ဆိုတဲ့ အလကားရတဲ့ နေ့လယ်စာရယ်လို့ မရှိ ဆိုတာကို ကလေးကို သင်ပြပြောပြ ပေးဖို့လိုပါတယ်။ အထူးဖြင့် တခုခု လိုချင်ရချင်ရင် အဲဒီအတွက် တခုခု ပေးဆပ်ရမှာ ဖြစ်တယ်။

ကလေးသဘာဝ ကစားစရာ အရုပ်တခုခုလိုချင်လို့ ပူဆာတယ် ဆိုပါ တော့။ မိဘတွေအနေနဲ့ ကလေးကိုအလိုလိုက်ပြီး ချက်ချင်း ဝယ်မပေးသင့် ပါဘူး။ ဥပမာ - ကလေးက နေမကောင်းဘူး၊ ဆေးထိုးဆေးသောက် ကြောက်နေတယ်ဆိုပါတော့ ဒါဆိုရင် သားသမီးကို ဖေဖေ မေမေက ဝယ်





ပေးမယ်... ဒါပေမယ့် ဆေးတော့ သောက်ရမယ်။ ဆေးသောက်မယ် ဆိုရင် တော့ ဝယ်ပေးမယ်... စသဖြင့် အပေးအယူတာမျိုး လုပ်ပေးရပါမယ်။

တခါတလေ တချို့ကလေးတွေက ကျန်းမာကြံ့ခိုင်ရေးအတွက် နွားနို့ မသောက်ချင်တာမျိုး၊ အရည်ရွှမ်းတဲ့ အသီးအနှံ မစားချင်တာမျိုးတွေ ဆိုရင် လည်း အပေးအယူတခုခုနဲ့ ကလေးကို လေ့ကျင့်ပေးသွားရမှာပါ။

## ပုံပြင်ပြောပြဖို့ပူဆာရင်

တခါတလေ ကလေးက ထမင်းမစားချင်ဘူး... ပုံပြင်ပြောပြဖို့ပဲ ပြောနေ တယ်ဆိုရင်... ကလေးကို ထမင်းလေး ကုန်အောင် စားလိုက်နော်၊ စားပြီးရင် ပုံပြင်ပြောမယ်ဆိုပြီး သွန်သင်သွားရမှာပါ။ လိုအပ်ရင် ကလေးကို စာအုပ်စင် ပေါ်မှာ ထားထားတဲ့ ပုံပြင်စာအုပ်ကို သွားအယူခိုင်းတာမျိုးတွေကလည်း ကလေးကို အပေးအယူ လေ့ကျင့်ပေးတာပဲ ဖြစ်ပါတယ်။

## အပျော်ခရီးထွက်ပြီးသင်ကြားပေးခြင်း

တခါတုန်းကပေါ့...၊ မိသားစု တစုဟာ မြို့ပတ်ရထားစီးပြီး အပျော်ခရီး (Picnic) တခု ထွက်လာခဲ့တယ်။ မိဘ နှစ်တွေရယ်၊ အသက် ၉ နှစ်ခန့် အရွယ် သားတယောက်နဲ့ ၃ နှစ် အရွယ် သမီးလေးတို့ပါ။

သူတို့ ခရီးစထွက်ကတည်းက သားကြီးဖြစ်သူကို ဘူတာထဲက ဆိုင်းဘုတ်တွေ အဖတ်ခိုင်းတယ်။ သားဖြစ်သူကလည်း အားလုံးကို လိုက်ဖတ်ပြီး လက်မှတ်ဝယ်ရမယ့်နေရာနဲ့ မီးရထားအချိန်စာရင်းကို ပြော တယ်။ အဲဒီအချိန်မှာ ဖခင်ဖြစ်သူက "တော်သေးတယ်ကွာ၊ ငါ့သားကြီး ပါလာလို့...၊ နို့မဟုတ်ရင် လက်မှတ်ဝယ်ရမယ့်နေရာကို ဖေဖေ အလွယ်တကူ သိမှာ မဟုတ်ဘူး။ ဖေဖေက မီးရထားနဲ့ ခရီးသွားနေကျ မဟုတ်ဘူး။ ပြီးတော့ ဖေဖေက သားကြီးလို မျက်စေ့မရှင်ဘူး"လို့ သားကြီးကို ပြောတယ်။

သားကြီးဖြစ်သူကလည်း သူ့ရဲ့ ဖတ်မှတ်မှုနဲ့ လေ့လာသိရှိမှုကို ဖခင်က အသိအမှတ်ပြုတော့ အရင်ကထက် ပိုပြီး လေ့လာစိတ်တွေ ဖြစ်သွားတယ်။ သူ့ရဲ့ လေ့လာမှုကိုလည်း သူကိုယ်တိုင် ကျေနပ်သွားတယ်လေ။

ဒီလိုနဲ့ မိခင်ဖြစ်သူက စားစရာတချို့ ထည့်ထားတဲ့ခြင်းကို ဆွဲလာသလို၊ ဖခင်ဖြစ်သူကလည်း ကလေးတွေအတွက် လိုအပ်မယ့် အရာတချို့ ထည့်ထားတဲ့ အိတ်တလုံးဆွဲလာရင်း သမီးငယ်ကို ချီပိုးလာတယ်။ ပြီးတော့ သူတို့ဟာ မြို့ပတ်ရထားတွဲတခုမှာ ထိုင်နေကြတယ်။

ပထမတော့ သမီးငယ်လေးက သူတို့ ထိုင်နေတဲ့ တွဲပေါ်ကို တက်လာတဲ့ လူတွေကို စိတ်ဝင်တစားနဲ့ အတွေ့အကြုံသစ်ကို လိုက်ကြည့်နေတယ်။ သားဖြစ်သူကလည်း စာအုပ်ကလေးတအုပ်ကို ဖတ်ရင်းနဲ့ ရထား ပြတင်းပေါက်က ဝင်လာတဲ့ လေတိုးတာကို ခံစားရင်း အဆင်ပြေနေကြတာပေါ့။ မိခင်ကလည်း သမီးငယ်ကို ပွေ့ချီထားတယ်ပေါ့။

နောက်တော့ မိခင်ဖြစ်သူက သမီးကို ပွေ့ချီမထားဘဲ လှုပ်ရမ်းနေတဲ့ မီးရထားပေါ်မှာ မတ်တပ်ရပ်ဖို့ ပြောတယ်၊ ပြီးတော့ ရထားရဲ့ ပြတင်းတခါးကနေ မြင်ရတဲ့မြင်ကွင်းကို ပြတယ်။ မြို့ပြကနေ ဆင်ခြေဖုံးရပ်ကွက်တွေ ဖြတ်ပြီး ရထားဟာ ကွင်းပြင်တချို့ကိုလည်း ဖြတ်ရတယ်။ အဲဒီအချိန်မှာ လမ်းဘေးလယ်ကွင်းထဲမှာ ဝဲပျံနေတဲ့ငှက်တွေကိုတွေ့တော့ "ဟေး ဟေး ဟေး.... ကျီးကန်းအဖြူတွေ... ကျီးကန်းအဖြူတွေ ဆိုပြီး" လှမ်းအော်နေတယ်။

အဲဒီအချိန်မှာ သားကြီး ဖြစ်သူက "အဲဒီ ငှက် အဖြူတွေကို ဗျိုင်း လို့ ခေါ်တယ်" ဆိုပြီး ပြောပြတယ်။ သမီးလေးကလည်း "ဩော်.... ဗျိုင်းတဲ့လား" ဆိုပြီး သင်ယူပြီး ဖြစ်သွားတယ်။

တကယ်တော့ သမီးငယ်က သူတို့နေတဲ့ တိုက်ခန်းကနေ အမြဲမြင်တွေ့နေရတာက ကျီးကန်းတွေကိုး။ အဲဒီလို ပျံနေတာ ကျီးကန်းတွေပဲ...၊ ကျီးကန်းတွေက အမည်း...၊ ဒါကြောင့် အဖြူရောင်တွေတော့ ကျီးကန်း အဖြူလို့ ပြောတာ ဖြစ်တယ်။

ဒါပေမယ့် သားကြီးက သူ သိမှတ်ထားတာကို ညီမငယ် သမီးလေးကို ရှင်းပြတော့ ဗျိုင်းဆိုတာသိသွားရတယ်၊ မှတ်သားသွားရတယ်ပေါ့။ ဒါပေမယ့် အဲဒီအချိန်မှာ အဖြူတဂက် အမည်းတဂက်နဲ့ ငှက်တချို့ ပျံသန်းနေတာ တွေ့တော့ သမီးငယ်က "ဗျိုင်းတဂက် ကျီးကန်းတဂက် ငှက်တွေလည်း ရှိတယ်... ကိုကိုရေ ဟောဟိုမှာ ကြည့်ပါဦး"လို့ ပြောတော့... ဖခင်ဖြစ်သူက "သားနဲ့ သမီးလေးတို့ရေ... အဲဒီ ဗျိုင်းအုပ်နဲ့အတူ ရှိနေတဲ့ အဖြူနဲ့အမည်း ငှက်ကို ဗျိုင်းအောက်လို့ ခေါ်တယ်ကွဲ့။ သူတို့လည်း ဗျိုင်းတမျိုးပဲ"လို့ ပြောပြတယ်။

အဲဒီအချိန်မှာပဲ သူတို့ရဲ့ ရထားတွဲပေါ်ကို လက်မှတ်စစ် ရောက်လာတယ်။ လက်မှတ်စစ်က သူတို့ရဲ့ဖခင်နဲ့ ငယ်သူငယ်ချင်း ဖြစ်နေတယ်။ သူတို့ရဲ့ လက်မှတ်တွေကို လာစစ်တာပေါ့။ ဒါပေမယ့် ဖခင်ဖြစ်သူမှ လက်မှတ်တွေအားလုံး ကိုင်မထားဘဲ သားဖြစ်သူကိုပဲ ပေးထားတာကြောင့် သားဖြစ်သူကို လက်မှတ်တွေပြဖို့ ပြောတယ်။ သားဖြစ်သူကလည်း သူ ကိုင်ဆောင်ပေးထားတဲ့ မီးရထားလက်မှတ်တွေကို သူဖတ်နေတဲ့ စာအုပ်လေးထဲမှာ ပြန်ရှာတယ်။ ဒါပေမယ့် ချက်ချင်းမတွေ့ဘဲ ဖြစ်နေတယ်။

ဒါနဲ့ လက်မှတ်စစ်က လက်မှတ်မပါဘဲ စီးတဲ့အတွက် ဒဏ်ရိုက်ဖို့ ပြင်နေပြီပေါ့။ သားဖြစ်သူရော သမီးငယ်လေးရော တခုခု အပြစ်ဒဏ်ခံရမယ့် အနေအထားကို မြင်နေကြရပါပြီ။ သူတို့ရဲ့ ဘယ်လို လုပ်ရမလဲဆိုတာ စဉ်းစားနေကြပြီ။ သားဖြစ်သူ ဟာ သူကိုယ်တိုင် ဝယ်ယူခဲ့တဲ့လက်မှတ် သူကိုယ်တိုင် သိမ်းဆည်းထားတဲ့လက်မှတ်ကို စိုးရိမ်စိတ်ကြီးကြီးနဲ့ ရှာနေတယ်။

ဒီလိုနဲ့ခဏအကြာမှာ သားကြီးဖြစ်သူရဲ့ ဘောင်းဘီအိတ်ထဲက မီးရထား လက်မှတ်လေး ပြန်တွေ့လိုက်ရတယ်။ ဒါနဲ့ သူတို့ဟာ ဒဏ်ရိုက်ခံရတာ

မဖြစ်ဘဲ ခရီးဆုံးကို ရောက်သွားကြတယ်။

သို့ပေမယ့် -

ကလေးတွေ ဘာ အသိ ဗဟုသုတ ရသွားကြသလဲ။ အမျိုးမျိုးသော ဗဟုသုတတွေ ရသွားကြမှာပါ။ အရေးအကြီးဆုံးကတော့... မိဘတွေ အနေနဲ့ အပေးအယူအပြင် လူ့လောကထဲကိုဆွဲခေါ်သွားပါ။ သူတို့ကို သင်ယူမှတ်သားခွင့်ပေးပါ။

ကမ္ဘာပေါ်မှာ အောင်မြင်ထင်ရှားတဲ့ ဘယ်လိုပုဂ္ဂိုလ်မျိုးမဆို သင်ကြားခြင်းနဲ့ ယဉ်ပါးခြင်းကနေ ရလာတဲ့ အခြေခံအချက်တွေသာ ဖြစ်တယ်။ ဖြစ်လာတဲ့အခြေအနေအပေါ် ကိုယ်တိုင်ကမှန်ကန်ဖို့နဲ့ ယုံကြည်ဖို့ ဖြစ်ပါတယ်။ ။





## အခန်း(၈)

## နယ်ပယ်သစ်အတွေ့အကြုံသစ်တွေနဲ့ရင်းနှီးအောင်မိတ်ဆက်ပေးပါ

မိဘတွေအနေနဲ့ ကိုယ့်ရဲ့ကလေးတွေ နယ်ပယ်သစ် အတွေ့အကြုံသစ်တွေနဲ့ ရင်းနှီးအောင် မိတ်ဆက်လမ်းသွယ်ပေးဖို့ လိုပါတယ်။ အိမ်ကနေ ကျောင်း၊ ကျောင်းကနေ ကျူရှင်၊ ကျူရှင်ကနေ အိမ်ဆိုပြီး နေ့စဉ်ကျင်လည်လှုပ်ရှားနေရတဲ့ ကလေးငယ်တယောက်မှာ အသိတခု၊ အမြင်တခု၊ အတွေးတခု ရလာဖို့ ခဲယဉ်းပါတယ်။ ပြီးတော့ ကလေးဟာ အဲဒီလို ဖြတ်သန်းနေရတာကို ငြီးငွေ့စိတ်ပျက်နေတတ်ပါတယ်။ ဒါက ကလေးသာမက လူကြီးတွေမှာလည်း ဖြစ်တတ်ပါတယ်။

အဲဒီလို ငြီးငွေ့စိတ်မပါတဲ့ ကလေးမှာ ဉာဏ်သစ်ရှင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါ။ ဒီတော့ မိမိတို့ရဲ့ ကလေးကို နယ်ပယ်သစ် အတွေ့အကြုံသစ် တခုဆီ ခေါ်ဆောင်သွားဖို့ မဖြစ်မနေလိုအပ်ပါတယ်။ ဘယ်လို ခေါ်ရမှာလဲ၊

မိဘတွေမှာက စားရေး ဝတ်ရေး နေရေးတွေနဲ့ လုံးချာလည် ချာလည်လုံး နေတာဆိုပြီး စောဒကတက်နိုင်ပါတယ်။

ဥပမာ အဖြစ်အပျက်လေးတခုနဲ့ ပြောပြပါမယ်။ ရမည်းသင်းမြို့နယ်က ရွာကလေးတရွာမှာ အသက်ကြီးမှ အိမ်ထောင်ကျတဲ့ လင်မယားနှစ်ယောက်မှာ သားလေးမွေးတယ်။ အဲဒီ ကလေးငယ်က ငယ်စဉ်ကတည်းက ဉာဏ်ကောင်းတယ်၊ သွက်လက်ဖျတ်လတ်တယ် တနေ့ကျရင် မိဘတွေဂုဏ်ယူရမယ့် ပညာတတ်ကြီးတယောက် ဖြစ်စေချင်ခဲ့ကြတယ်။

ဖခင်ဖြစ်သူက ရပ်ရွာထဲက သာရေးနာရေးတွေမှာ အိုးသူကြီးလုပ်ပြီး ချက်ပြုတ်ကြော်လှော်ပေးပြီး မိသားစုကို ရှာဖွေကျွေးမွေးသူ၊ မိခင်ဖြစ်သူက မနက်စောစော ကောက်ညှင်းပေါင်း အကြော် စသဖြင့် ရောင်းပြီး မိသားစု အတွက် ဝင်ငွေရှာကြသူတွေပေါ့။

ဒီလိုနဲ့ သူတို့ရဲ့ သားငယ်လေးက ၇ တန်းကို ထူးထူးချွန်ချွန်အောင်ပြီး ၈ တန်းတက်ဖို့ ဖြစ်လာတယ်။ မိဘတွေမှာတော့ သူတို့ သားအတွက် ဂုဏ်ယူစရာ သားတဦး ဖြစ်လာတော့မယ်ဆိုပြီး ဝမ်းသာနေကြတာပေါ့။ ဒါပေမယ့် သားငယ်က အိမ်နဲ့ ကျောင်း၊ ကျောင်းနဲ့ ကျူရှင်၊ ကျူရှင်နဲ့ အိမ်ဆိုပြီး နေ့စဉ်သွားနေရတာကို စိတ်အပျက်ကြီး ပျက်နေပါတော့တယ်။ ပြီးတော့ကလေးက ဂစ်တာတီးချင်တယ်၊ သီချင်းဆိုချင်တယ်... ဒါပေမယ့် မိဘတွေက ကလေး ဘာလုပ်ချင်တယ်ဆိုတာ မသိဘူး။ ကလေးမှာသာ သူ ဖြစ်ချင်တာ၊ သူ လုပ်ချင်တာကိုပဲ စိတ်ကူးနဲ့ပျော်နေရတာပေါ့။ တကယ့်လက်တွေ့မှာတော့ သူ လုံးဝကို မပျော်ဘူး။

တရက်မှာတော့... သားဖြစ်သူဟာ ကျောင်းကနေအိမ်ကို အစောကြီး ပြန်လာတယ်၊ ကျောင်းလွယ်အိတ်ကို အခန်းထဲကိုပစ်ချခဲ့ပြီး သူ့အဖေ ထမင်းဟင်းချက်ပြုတ်နေတဲ့ အလှူအိမ်ကို သွားတယ်။ ပထမတော့ ဖခင်ဖြစ်သူက ကျောင်းဆင်းပြန်လာပြီး သူ့အဖေ လုပ်တဲ့အလုပ်ကို ပိုင်းလုပ်ကူပေးတယ်ဆိုပြီး ဝမ်းသာနေတာပေါ့။ ဒါပေမယ့် ခဏနေတော့ မိခင်ဖြစ်သူ လိုက်လာတယ်။ သားငယ်က ကျောင်းလည်းမတက်၊ စားလည်းမကျက်နဲ့ စာမေးတာလည်း မရတဲ့အကြောင်း ကျောင်းကဆရာတွေက ပြောတဲ့ အကြောင်း ဖခင်ဖြစ်သူကို ပြောပြတယ်။

ဖခင်ဖြစ်သူက အဲဒီအကြောင်းလည်း သိရော ကြက်သွန်တွေလှီး၊ ရေတွေဆွဲလုပ်နေတဲ့ သားကိုခေါ်ပြီး အော်ဟစ်ဆူပူတော့တယ်။

"မင်းကို ပညာတတ်ကြီးဖြစ်အောင် ကျောင်းထားတာ...၊ မင်းက မနေချင်ဘူး...၊ ကဲ ပြော... ပညာမတတ်ဘဲ မင်း ဘာလုပ်စားမှာလဲ"ဆိုပြီး ဖခင်ဖြစ်သူက မေးတယ်။

သားဖြစ်သူက ဘာပြန်ပြောသလဲ ဆိုတော့ "ကျနော်လည်း အဖေ့လိုပဲ အလှူတွေမှာ ထမင်းချက်မှာပေါ့" တဲ့။

ဖခင်ဖြစ်သူက ဘာဆက်ပြောရမယ်ဆိုတာ မသိတော့လောက်အောင် ဖြစ်သွားတယ်။ မိခင်ဖြစ်သူလည်း ဘာမှ မပြောသာတော့ဘူးပေါ့။

အဲဒီ အဖြစ်အပျက်ကိုကြည့်ရင် တကယ်တော့ ကလေးမှာ အပြစ်မရှိပါဘူး။ လူကြီးတွေက ကလေးကို အခုလက်ရှိ မိဘတွေရဲ့ ဘဝအဆင့်နဲ့ တခြား ပိုမြင့်မားတဲ့ဘဝအဆင့်တွေကို နှိုင်းယှဉ်ပြောပြဖို့ လိုပါတယ်။

တကယ်လို့သာ သူတို့ရဲ့သားကို ပန်းချီပြပွဲတွေကို ခေါ်သွားမယ်... ရင်းနှီးစေမယ်ဆိုရင် ပန်းချီဆရာလုပ်မယ်ဆိုပြီး ပြောနိုင်ပါတယ်။ ဒါမှမဟုတ် သင်္ဘောသားတွေနဲ့ နီးစပ်တဲ့နေရာကို ခေါ်သွားမယ်... ရင်းနှီးစေမယ်ဆိုရင် သူလည်း သင်္ဘောသား ဖြစ်ချင်တယ်လို့ ပြောနိုင်ပါတယ်။

ဒါမှမဟုတ် ဆရာဝန်တွေ...အင်ဂျင်နီယာတွေရဲ့ လုပ်ငန်းခွင်နေရာတွေနဲ့ လူပုဂ္ဂိုလ်တွေနဲ့ ရင်းနှီးစေမယ်ဆိုရင် အဲဒီသားလည်း အသိတမျိုး အတွေ့အကြုံတမျိုးရပြီး သူ ဖြစ်ချင်တာလည်း ပြောင်းသွားနိုင်ပါတယ်။

အခုတော့ အိမ်ကနေ ကျောင်း၊ ကျောင်းကနေ ကျူရှင်၊ ကျူရှင်ကနေ

အိမ် စသဖြင့် နိစ္စဓူဝ လည်ပတ်နေတဲ့အဖြစ်ကို ကလေးအနေနဲ့ ငြီးငွေ့နေမှာ သေချာပါတယ်။

ငြီးငွေ့နေတဲ့ ကလေးရဲ့ဦးနှောက်ဟာ ထိုင်းမှိုင်းပြီး မထက်မြက်တော့ပါဘူး။ ထိုင်းမှိုင်းနေတဲ့ကလေးဟာ ရှင်လန်းတက်ကြွမှုလည်း မရှိတော့ပါဘူး။

စာကျက်ဖို့လည်း စိတ်မပါ၊ နေ့စဉ် လုပ်နေရတာကိုလည်း စိတ်မဝင်စားတော့ပဲ နောက်ဆုံးမှာ အဲဒီလို နေနေရတဲ့ အနေအထားကနေ ပြေးထွက်သွားချင်လာတဲ့ သဘောပါ။

ဒီတော့..

မိဘတွေအနေနဲ့ ကလေးကို နယ်ပယ်သစ် အတွေ့အကြုံသစ်တွေနဲ့ ရင်းနှီးအောင် မိတ်ဆက်ပေးပါလို့ တိုက်တွန်းတာဖြစ်တယ်။ အဲဒီလို နယ်ပယ်သစ် အတွေ့အကြုံသစ်တွေနဲ့ ရင်းနှီးအောင် မိတ်ဆက်ပေးခြင်းအားဖြင့် ကလေးအတွက် အတွေ့အကြုံသစ်တွေ ရလာမယ်၊ အတွေးအမြင်တွေလည်း ပြောင်းလာမယ်၊ သူ့ဘဝမှာ သူ ဘာဖြစ်ချင်တယ်ဆိုတာကိုလည်း လက်ရှိဘဝထက် ပိုမိုမြင့်မားတဲ့ ဘဝအနေအထားကို ရွေးချယ်နိုင်မှာဖြစ်တယ်။

## စွမ်းအင်ရှိသောစကားလုံးများ

ယယ်စဉ်ကလေးဘဝက စကားစပြောတတ်စဉ် ကာလကစပြီး လူတွေဟာ စကားပေါင်းများစွာကို တဖြည်းဖြည်း ပြောဆိုလာကြပါတယ်။ အဲဒီလို ပြောဆိုလာရာမှာ စာသင်ကျောင်းမှာ စာမေးပွဲအတွက် စိတ်မအေးရ ဖြစ်တာတွေ၊ ဒေါသဖြစ်ရတာတွေ၊ လုပ်ငန်းခွင်မှာစိတ်အနှောင့်အယှက် ဖြစ်စရာတွေ၊ စိတ်ညစ်စရာတွေ၊ စကားအတိုက်အခံ ပြောရတာတွေ၊ ငြင်းခုံရတာတွေဟာ သင့်ပတ်ဝန်းကျင်မှာ ဖြစ်နေကြုံနေရမှာ ဖြစ်ပါတယ်။

အဲဒီလိုပြောတဲ့ စကားတွေက သင့်ရဲ့ ကျန်းမာရေးအတွက်လည်း ကြီးမားတဲ့ သက်ရောက်မှုတွေ ရှိနေသလို ဘဝအောင်မြင်ရေးအတွက်





သာမက ကလေးငယ်ရဲ့ ဘဝရှေ့ရေးအတွက်ပါ အရေးပါ ပါတယ်။ ဒါကြောင့် အရေးပါတဲ့ အပိုင်းတပိုင်းကို ဖောက်သည်ချ ပြောပြပါမယ်။

ဂျပန်လူမျိုး သိပ္ပံပညာရှင် ဒေါက်တာမာဆာရုအီမိုတိုရဲ့ The Hidden Messages In Water စာအုပ်မှာ စကားလုံးတွေရဲ့ အကျိုးသက်ရောက်မှုကို စာအုပ်တအုပ် ရေးသားဖော်ပြထားပါတယ်။ အဲဒီ စာအုပ်ထဲမှာ ဒေါက်တာမာဆာရုအီမိုတိုက စကားလုံးများ၊ အတွေးအခေါ်၊ ဂီတအနုပညာ၊ ပန်းချီ၊ လူတွေရဲ့ ကျန်းမာရေးနဲ့ မော်လီကျူး အဆင့်မှာရှိနေတဲ့ ရေရဲ့ ဆီလျော်ညီညွတ်ခြင်းကို နှိုင်းယှဉ် ဖော်ပြထားပါတယ်။

ဒေါက်တာမာဆာရုအီမိုတိုရဲ့ လေ့လာတွေ့ရှိချက်အရ လူသားတယောက်ရဲ့ ဘဝဖြစ်တည်မှုကို မိခင်ရဲ့ သားအိမ်ထဲမှာ ၉၉ ရာခိုင်နှုန်း အရည်ကြည်အဖြစ်နဲ့ စတင်ခဲ့တဲ့အကြောင်းနဲ့ စတင် ဖော်ပြပါတယ်။ မိခင်ဝမ်းဗိုက်မှ ကျွတ်ပြီးမွေးဖွားလာတဲ့အခါမှာ ရေဟာ ၉၀ ရာခိုင်နှုန်း ကျန်ရှိနေပါတယ်။ ကြီးပြင်းအရွယ်ရောက်လာတဲ့အခါမှာ ရေပါဝင်နှုန်း ၇၀ ရာခိုင်နှုန်းကို လျော့ကျသွားပါတယ်။ သေဆုံးချိန်မှာတော့ရေဟာ ၅၀ ရာခိုင်နှုန်းပဲ ကျန်ရစ်တယ်လို့ ဆိုပါတယ်။

ဒါကို ကြည့်ခြင်းအားဖြင့် လူသားတွေအတွက် ရေဟာ အဓိက ပါရှိတည်ရှိနေပါတယ်ဆိုတာ တွေ့မြင်နိုင်ပါတယ်။

အဲဒီ အချက်ကိုယူပြီး ဒေါက်တာမာဆာရုမိုတိုက ပေါင်းခံရေထည့်ထားတဲ့ပုလင်းပေါင်းများစွာကို တပုလင်းစီကို စကားတမျိုးပြောပြီး စမ်းသပ်လေ့လာခဲ့ပါတယ်။ အဲဒီလေ့လာမှုကို ဓာတ်ပုံရိုက်ယူထားပါတယ်။ အဲဒီ ရေတွေထဲကို စကားတွေပြောလိုက်တဲ့အခါမှာ ရေရဲ့တုံ့ပြန်မှုကို အံ့သြဖွယ်ရာ တွေ့ရှိခဲ့ရပါတယ်။

ရေပုလင်းတွေထဲကို စကားတမျိုးစီပြောပြီး စမ်းသပ်တဲ့အခါ အပြုသဘောဆောင်တဲ့ စကားလုံးတွေဖြစ်တဲ့ “love” နဲ့ “thank you”ဆိုတဲ့

စကားတွေကို ပြောထည့်လိုက်တဲ့ ရေရဲ့မော်လီကျူးတွေဟာ သိမ်မွေ့လှပတဲ့ ဖွဲ့စည်းမှု ဖြစ်ပေါ်သွားတာ တွေ့ရပါတယ်။

ဒါပေမယ့် အဆိုးသဘောဆောင်တဲ့ "I hate you."နဲ့ "You are stupid." စတဲ့ စကားတွေ အပြောခံရတဲ့ ရေပုလင်းထဲက မော်လီကျူးတွေကတော့ ဆိုးရွားကျဲပြန့်သွားတဲ့ ပုံတွေ ဖြစ်ပေါ်လာတာ တွေ့ရပါတယ်။ အဲဒီလို စကားလုံးတွေကိုတင် မဟုတ်ပါဘူး၊ ဂီတအမျိုးအစား အမျိုးမျိုးကိုလည်း ရေက တုံ့ပြန်တဲ့ မော်လီကျူးတွေပါ မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။

ဒါဟာ အင်မတန် အံ့သြစရာကောင်းတဲ့ ရှုထောင့်တခုဖြစ်ပြီး ရေနဲ့ ဖွဲ့စည်းထားတဲ့ လူသားတွေဟာ နေ့စဉ် ပြောဆိုသုံးစွဲတဲ့ စကားလုံးတွေကို ဆင်ခြင်ရွေးချယ်ရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ကိုယ့်ရဲ့ ကလေးငယ်တွေ အတွက် စဉ်းစားရမယ့်အချက်ပါ။

လူသားတယောက်အနေနဲ့ ဖြစ်ပေါ်လာတဲ့ စိတ်ခံစားချက်တွေအပေါ် မတည်ပြီးပြုမူပြောဆိုတတ်တာကြောင့် ပြောဆိုသုံးစွဲတဲ့ စကားလုံးတွေကို မပြောလိုက်ခင်မှာ ဆင်ဆာလုပ်ဖို့ဆိုတာ မလွယ်ကူလှပါဘူး။

ကိုယ်ချစ်ခင်သူများနဲ့ ရန်ဖြစ်တယ်၊ စကားများတယ်ဆိုရင်၊ လုပ်ငန်းခွင် အစည်းအဝေးမှာ ငြင်းခုံပြောဆိုရတယ်ဆိုရင် အနည်းနဲ့အများဆိုသလို stress (စိတ်ဖိစီးမှု)ကို ခံစားရတယ်ဆိုတာ ထပ်ဆင့် သိမြင့်လာရပါတယ်။ ကျနော်တို့အနေနဲ့ ဒါတွေကို ဆင်ခြင်လို့ ရနိုင်ပါတယ်။

အကြောင်းအရာ တခုခုနဲ့ပတ်သက်ပြီး တယောက်ယောက်နဲ့ ရန်ဖြစ်မယ်၊ စကားများတော့မယ်ဆိုရင် စကားတခွန်း နှုတ်က ပြောမထွက်လိုက်ခင်မှာ တခဏအနားယူပြီး အသက်ကို ဝအောင်ရှုလိုက်ပါ။ ပြီးတော့ စိတ်ထဲကနေ "ငါသိတယ်၊ ငါတို့ ၂ ယောက်... တယောက်စီမှာ အံ့သြစရာကောင်းတဲ့ စိတ်ကောင်းလေးတွေ ရှိတယ်။ အဲဒါကို မင်းဆီမှာလည်း ငါတွေ့မြင်ချင်တယ်၊ ငါ့ဆီကလည်း မင်းကို မြင်စေချင်တယ်"လို့ တွေးလိုက်ပါ။





ပြီးရင် နောက်ထပ် အသက်ဝဝ ရှုလိုက်ပါ။ အဆိုးသဘောဆောင်တဲ့ စကားလုံးများကိုပြောမယ့်အစား အပြုသဘောဆောင်တဲ့ စကားလုံးများကိုသာ ရွေးချယ်သုံးစွဲလိုက်ခြင်း အလေ့အထကို မွေးမြူလို့ရပါတယ်။

အတွေးတွေနဲ့ သုံးစွဲတဲ့ စကားလုံးတွေဟာ နစ်လိုပျော်ရွှင်ဖွယ် ဖြစ်နေမယ်ဆိုရင် အဲဒါရဲ့ နောက်ဆက်တွဲ အကျိုးဆက်အနေနဲ့ရှိနေတဲ့ စိတ်ဆင်းရဲစရာ၊ စိတ်မချမ်းမြေ့စရာတွေဟာ တဖြေးဖြေး ပျောက်ကွယ်သွားပါတယ်။ နေ့စဉ်ဘဝမှာ ခံစားနေရတဲ့ tension(စိတ်ဖိစီးမှု)တွေ တဖြေးဖြေးလျော့ပါးလာပြီး အပြုသဘောဆောင်တဲ့ စကားလုံးတွေကို ဘဝတလျှောက် သုံးစွဲသွားမယ်ဆိုရင် သက်ရှည်ကျန်းမာ အောင်မြင်ပျော်ရွှင်မှာပါ။

ထပ်ဆင့်တွေးယူမယ်ဆိုရင်တော့ စွမ်းအင်ရှိတဲ့ စကားလုံးတွေကို အဆိုးဘက်ကိုမရှိစေဘဲ အကောင်းဘက်ကို ရည်ရွယ်သုံးစွဲနိုင်မယ်၊ အကောင်းဘက်ကို ရည်ရွယ်သုံးစွဲသွားမယ်ဆိုရင် ဘဝတခုလုံး အောင်မြင်ရေးအတွက် အကူအပံ့အဖြစ် ရှိနေမှာဖြစ်တဲ့အကြောင်း သိမြင်အသုံးချနိုင်ဖို့ ဖြစ်ပါတယ်။

အဲဒါကတော့ စကားလုံးတွေရဲ့ စွမ်းအားက ကိုယ့်ရဲ့ ကလေးငယ်လို စကားလုံးတွေရဲ့ စွမ်းအားအကြောင်း ပြောပြဖို့ မဟုတ်ဘဲ မိဘတွေ သိမြင်ပြီး ကိုယ့်ကလေးငယ်ကို ပြောပြသွန်သင်နိုင်ဖို့ပါ။

## ကလေးများအတွက်စာအုပ်

ဒီနေရာမှာ မဖြစ်မနေ ပြောပြဖို့ လိုတာက ကျနော်တို့ဆီမှာ ကလေးတွေအတွက် အထူးထုတ်ပေးထားတဲ့ စာအုပ်မျိုးတွေ မရှိသေးတာပါ။ ကလေးတွေက စာအုပ်ကို ကိုင်မယ်၊ စာရွက်တွေ လှန်မယ်ဆိုရင် အချိန်မရွေး စုတ်ပြဲသွားနိုင်တဲ့ စက္ကူစာအုပ်တွေပဲ ရှိတာကိုး။ စာအုပ်မပျက်စီးအောင်လို့ ကလေးကိုပေးမဖတ်ဘဲ၊ ပေးမကြည့်ဘဲနဲ့ မိဘတွေက သီးသန့်လုပ်လိုက်ရတော့

စာအုပ်နဲ့ကလေးက ပေးကွာသွားတာတွေ အမြဲတွေ့နေရပါတယ်။

တချို့နိုင်ငံတွေမှာတော့ အလွယ်တကူ ဆုတ်ဖြဲမပျက်စီးနိုင်တဲ့ ကတ်ကူ စာအုပ်လိုမျိုး၊ တချို့ကျတော့လည်း ပလပ်စတစ်လို ပျော့ပျောင်းနိုင်တဲ့ စာအုပ်မျိုးတွေနဲ့ ကလေးတွေအတွက် သီးခြားစာအုပ်မျိုးတွေ ရှိနေပါတယ်။ ကလေးက ဆွဲယူလှန်လှောကြည့်မယ်ဆိုရင်တောင် အလွယ်တကူ မပျက်စီးတဲ့စာအုပ်မျိုးတွေပေါ့။

အဲဒီလို စာအုပ်တွေ ရှိမယ်ဆိုရင်တော့ ကလေးအနေနဲ့ စာအုပ်ကို သူကိုယ်တိုင် လှန်လှောပြီး စိတ်ဝင်စားစရာ ရုပ်ပုံတွေ၊ စာကြောင်းတွေကို စာမဖတ်တတ်သေးပေမယ့် စာအုပ်ကို ကြည့်နိုင်မယ်ပေါ့။

သို့ပေမယ့် အဲဒီလို စာအုပ်မျိုး မရှိတဲ့အတွက် အားငယ်စိတ်ပျက်စရာ တော့ မဟုတ်ပါ။ လုပ်နိုင်စရာတွေ အများကြီး ရှိနေပါတယ်။ ကလေးကို ဖတ်ပြပြောပြတဲ့ စာအုပ်တအုပ်ကို ကလေး အသေအချာ မှတ်မိအောင် မျက်နှာဖုံးကို ပြထား၊ နောက်နေ့ ဆက်ပြောမယ်ဆိုရင် အဲဒီစာအုပ်ထဲကနေ ဖတ်ပြ ပြောပြမှာဖြစ်လို့ ကလေးမှတ်မိအောင် ရွေးချယ်နိုင်တဲ့ အနေအထား တခုကို ဖန်တီးယူဖို့တော့ ဖြစ်နိုင်ပါတယ်။

## ဘာကြောင့်နယ်ပယ်သစ်တွေနဲ့ထိတွေ့စေတာလဲ

အရင် အခန်းတွေမှာ ပြောပြခဲ့သလို ကလေးတွေဆိုတာ ပတ်ဝန်းကျင်ရဲ့ ပြုပြင်စေစားမှု အခံရဆုံး ဖြစ်ပါတယ်။ အဲဒီပြုပြင်မှုက ကလေးရဲ့ အနာဂတ် ကို ကောင်းအောင်လည်း စေ့ဆော်နိုင်သလို အဆိုးဘက်ကိုလည်း ရောက်စေ နိုင်ပါတယ်။ အဓိကကတော့ ကလေးရဲ့ သိစမ်းချင်တဲ့စိတ်ကို မိဘတွေက မပိတ်မပင်ဘဲ ပိုပြီး သိချင်စိတ်ဖြစ်လာအောင် ပြောပြပေးဖို့ပါ။

တခါတလေ ပြောပြဖို့မလိုဘဲ နယ်ပယ်သစ်တွေနဲ့ ထိတွေ့စေတာ ကလည်း ကလေးတွေရဲ့ အသိဉာဏ်ကို ဖွင့်ပေးတာ ဖြစ်တယ်။ ဘာဖြစ်လို့လဲ





ဆိုတော့ သူတို့ရဲ့ အတွေ့အကြုံသစ်တခုခုကို စိတ်ပါဝင်စားသွားတာက သူ့ရဲ့ ဘဝလမ်းကို ပြောင်းလဲမြှင့်တင်သွားနိုင်လို့ပဲ ဖြစ်ပါတယ်။

တခါတုန်းက အထက်အညာ မြို့ငယ်လေးတခုက လူငယ်လေးတဦး လောကနတ်ပန်းချီပြခန်းထဲ ရောက်လာပါတယ်။ သူတွေ့ချင်တဲ့ သူတဦးကို ဟိုမေး ဒီမေး မေးမြန်းနေရင်း နောက်ဆုံး သူတွေ့ချင်တဲ့သူ တဦးကို တွေ့သွားပါတယ်။

## အခန်း(၉)

### ငယ်ရွယ်စဉ်လိင်အကြမ်းဖက်မခံရအောင်ပြုစုပျိုးထောင်ပါ

ကလေးသူငယ်တွေကို လိင်ပိုင်းအရ ထိပါးတာတွေ၊ လိင်ပိုင်းထိပါး အကြမ်းဖက်တဲ့ ကိန်းဂဏန်းတွေ မြင့်မားလာနေတာ နေ့စဉ်သတင်းစာနဲ့ လူမှုကွန်ရက်တွေမှာ တွေ့နေ မြင်နေ ကြားနေရပါတယ်။

မိဘတွေအနေနဲ့ ကိုယ့်ရဲ့ကလေးငယ်ကို တစုံတဦးက လိင်ပိုင်းအရ ထိပါးခြင်းဟာ မည်သည့်မိဘအတွက်မဆို တုန်လှုပ်စရာပါ။ နငယ်သေးတဲ့ အရွယ်မှာ သူတို့ခံစားရတဲ့ နာကျင်မှု၊ ကြောက်ရွံ့မှုနဲ့ နှစ်ပေါင်းများစွာတိုင် ခံစားနေရမယ့် စိတ်ဝေဒနာကို စဉ်းစားကြည့်ရင် တုန်လှုပ်စရာ ကောင်းလှပါတယ်။ ဒီအတွေးက မိဘတိုင်းကို တုန်လှုပ်စေပြီး ဒီအကြောင်းကို ပြန်လည် စဉ်းစားလိုခြင်းမရှိတော့အောင် ခံစားရစေပါတယ်။ ဒီလို လိင်အကြမ်းဖက်မှု ဖြစ်ရပ်တွေ မိမိတို့၏ သားသမီးများ ဘယ်တော့မှ မကြုံတွေ့ပါစေနဲ့လို့လည်း

မျှော်လင့်နေကြမှာပါ။

www.childmind.org မှာ ဖော်ပြထားတဲ့ Sandra Kim ဆောင်းပါးကို ညွှန်းပြီး မိဘတွေအနေနဲ့ မိမိတို့ရဲ့ ကလေးကို ငယ်ရွယ်စဉ်မှာ လိင်အကြမ်းဖက်မှုမခံရအောင်၊ လိင်အကြမ်းဖက်မှု လျော့နည်းသွားအောင်၊ အတတ်နိုင်ဆုံးကာကွယ်နိုင်အောင် အကြံပြုတင်ပြပေးပါမယ်။

သူ့အဆိုအရ "အသက် ၁၈ နှစ် မပြည့်မီအတွင်း သင်၏ သမီးဖြစ်သူသည် လူမှုဆက်ဆံရေး ၄ ကြိမ်ဆိုရင် လိင်ပိုင်းအရ ထိပါးခံနိုင်ရခြေ ၁ ကြိမ်ရှိပြီး သင်၏ သားဖြစ်သူသည် လူမှုဆက်ဆံရေး ၆ ကြိမ်တွင် လိင်ပိုင်းအရ ထိပါးခံနိုင်ရခြေ တကြိမ်ရှိနေသည်ကို သတိပြုပါ"လို့ ဆိုပါတယ်။

တိုင်းမ်မဂ္ဂဇင်းက လေ့လာထုတ်ပြန်ချက်အရ ဆိုရင်လည်း မွေးစက "ယောက်ျားလေး"ဟု သတ်မှတ်ခံရသော်လည်း "လိင် သတ်မှတ်ချက်စံနဲ့ ကိုက်ညီခြင်းမရှိတဲ့ ကလေးတွေ (မိန်းမလျှာလေး... စသဖြင့်)ဟာ "လိင် သတ်မှတ်ချက်စံနဲ့ ကိုက်ညီတဲ့ကလေးတွေ"ထက် ကလေးဘဝမှာ လိင်ပိုင်းဆိုင်ရာထိပါးမှု ပိုမိုခံရနိုင်ခြေရှိသည်"လို့ ဖော်ပြထားပါတယ်။

တဖန် မွေးကင်းစက "မိန်းကလေး"လို့ သတ်မှတ်ခံရသော်လည်း လိင် သတ်မှတ်ချက်စံနဲ့ ကိုက်ညီခြင်းမရှိတဲ့ ကလေးတွေ (ယောက်ျားလျှာလေး ... စသဖြင့်)ဟာ လိင်သတ်မှတ်ချက်ကိုက်ညီတဲ့ ကလေးတွေထက် လိင်ပိုင်းဆိုင်ရာထိပါးမှု ၆၀ ရာခိုင်နှုန်း ပိုမို ခံစားရနိုင်ခြေရှိသည်"လို့ ဖော်ပြထားပါတယ်။ ပြီးတော့ မသန်စွမ်းကလေးတွေဟာ သာမန်ကလေးတွေထက် လိင်ပိုင်းဆိုင်ရာထိပါးမှု ခံရနိုင်ခြေ ၂ ဒသမ ၉ ဆ ပိုမို မြင့်မားတယ်လို့လည်း ဆိုပါတယ်။

အခုပြောပြတဲ့ အချက်အလက်တွေကို မကြားလို၊ မယုံလို ဖြစ်ကြမှာပါ။ သို့ပေမယ့် ဒီအချက်တွေဟာ တကယ့်အမှန်တွေ ဖြစ်ပါတယ်။ ကလေးသူငယ်တွေကို လိင်ပိုင်းအရ ထိပါးတာတွေ၊ လိင်ပိုင်းထိပါး အကြမ်းဖက်တဲ့ ကိန်း





ဂဏန်းတွေ မြင့်မားလာနေတာ နေ့စဉ်သတင်းစာနဲ့ လူမှုကွန်ရက်တွေမှာ တွေ့နေ မြင်နေ ကြားနေရပါတယ်။

ဒီလို ဖြစ်ရတာရဲ့ အရေးအကြီးဆုံးအချက်က ကလေးတွေအနေနဲ့ လိင်ပိုင်းဆိုင်ရာ ထိပါးခံရတဲ့အကြောင်း မိဘတွေကို ပြန်လည်ပြောပြတာမျိုး မရှိတာကြောင့်ဖြစ်ပါတယ်။ ကလေးတွေဟာ သူတို့ဖြစ်ခဲ့ပျက်ခဲ့တဲ့အကြောင်း ပြန်ပြောပြရင် မိဘတွေက ပိုမိုဆိုးရွားတဲ့ တုံ့ပြန်မှုခံရမှာကို ကြောက်လန့်နေတာကြောင့် ဖြစ်ပါတယ်။ ပြီးတော့ တချို့ကလေးငယ်တွေက သူတို့ ဘယ်လို ဖြစ်ခဲ့ပျက်ခဲ့တာကို ပြန်လည်ရှင်းမပြတတ်၊ ပြောမပြတတ်တာမျိုးလည်း ဖြစ်နိုင်တဲ့အပြင် လိင်ပိုင်းဆိုင်ရာ ထိပါးသူက ပြောတဲ့စကားကို ယုံကြည်နေတာကြောင့်လည်း ဖြစ်နိုင်ပါတယ်။

မိဘတွေအနေနဲ့ ကိုယ့်ရဲ့ ကလေးငယ်ကို လိင်ပိုင်းဆိုင်ရာ ထိပါးခြင်း မခံရစေဖို့ အပြည့်အဝ အကာအကွယ်ပေးနိုင်တာမျိုး မရှိပေမယ့် အကာအကွယ်ဖြစ်စေနိုင်တဲ့ လုပ်ဆောင်ပေးစရာတချို့ ရှိနေပါတယ်။

ပထမဆုံး လိင်ပိုင်းဆိုင်ရာ ထိပါးမှုအကြောင်းကို ကလေးကို တိုက်ရိုက် ပြောပြဖို့ လိုပါတယ်။ ကလေးတွေကို လိင်ပိုင်းဆိုင်ရာအကြောင်း ပြောပြဖို့ အတွက် မိဘတိုင်း လွယ်လွယ်ကူကူ ပြောထွက်မှာတော့ မဟုတ်ပါဘူး။ အဲဒီလို ပြောမထွက်တာဟာ ကျနော်တို့ရဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းကြောင့် ပြောဖို့ ခက်နေတာလို့ ယူဆရပါတယ်။ သို့သော် မိဘတွေ သိထားသင့်တဲ့ အကြောင်းကို ပြောပြပါမယ်။

အဲဒါကတော့ လိင်ပိုင်းထိပါးမှုအကြောင်း ပြောတာဟာ နေ့စဉ်နေ့တိုင်း လမ်းဖြတ်ကူးရတဲ့အကြောင်း ပြောရတာနဲ့ တူပါတယ်။ ငယ်ရွယ်စဉ်မှာ လမ်းဖြတ်ကူးချိန်မှာ မိဘတွေ စိုးထိတ်နေသလိုမျိုး လိင်အကြမ်းဖက်တဲ့ ကိစ္စကလည်း ငယ်ရွယ်စဉ်မှာ ရှောင်ရှားလွတ်မြောက်ဖို့ စိုးရိမ်စရာပါ။

မိဘတွေ အနေနဲ့ လိင်ကိစ္စအကြောင်း ကိုယ့်ရဲ့ ကလေးငယ်ကို ပြောပြဖို့

လိုသလို အဲဒီလို ပြောပြဖို့လည်း မိဘတွေအနေနဲ့ ဘာမှ စိုးရိမ်စိတ်မရှိဖို့ လိုပါတယ်။ ဆိုလိုတာက ကိုယ့်ကလေးကို ရှုန့်ရင်းကြမ်းတမ်းအောင် လမ်းမှားကို ပို့ဆောင်နေတာမဟုတ်ဘဲ ငယ်ရွယ်စဉ် ဘဂဖြတ်သန်းမှုမှာ ကျရောက်လာနိုင်တဲ့ ကလေးရဲ့ အကြီးမားဆုံး စိတ်ပိုင်းဆိုင်ရာ အန္တရာယ်ကို ရှောင်ရှားနိုင်ဖို့ ဖြစ်တယ်ဆိုတာ မိဘတွေအနေနဲ့ နားလည်ထားဖို့လိုပါတယ်။

ကိန်းဂဏန်းတွေအရ ကြည့်မယ်ဆိုရင် ကလေးငယ်တဦးဟာ လမ်းဖြတ်ကူးစဉ် ကားတိုက်ခံရနိုင်ခြေထက် လိင်ပိုင်းအရ ထိပါးခံရနိုင်ခြေက ပိုမိုများပြားနေပါတယ်။ ဒါကြောင့် သင့်ကလေးငယ် အန္တရာယ်ကင်းစွာ လမ်းဖြတ်ကူးဖို့ သွန်သင်သတိပေးသလိုမျိုး လိင်ပိုင်းဆိုင်ရာအန္တရာယ် အတွက်လည်း အောက်ဖော်ပြမယ့်စကားတွေကို ပွင့်ပွင့်လင်းလင်း ပြောပြဖို့ လိုပါတယ်။

ဒီလို ပြောကြားတာဟာ ချစ်ခင်ခြင်း၊ စောင့်ရှောက်ခြင်းရဲ့ သင်္ကေတ၊ ဘေးကင်းစေတဲ့ နည်းလမ်းအဖြစ် ကလေးကို သင်ကြားပြောပြပေးပါ။ မိဘတွေအနေနဲ့ ဒီလို ပြောပြသွန်သင်ပြတာဟာ ကလေးငယ်ရဲ့ အနာဂတ်ထိ အုပ်မိုးနိုင်တဲ့ လိင်ပိုင်းအကြမ်းဖက်မှု အန္တရာယ်ဆိုးကို လျှော့ချနည်းပါးအောင် ပြုလုပ်ပေးတာဖြစ်တယ်လို့ ယုံကြည်ပါ။





# အခန်း(၁၀)

## စကားပြောဖို့ပြင်ဆင်ရမယ့်နည်းလမ်းများ

အခုပြောမယ့် အကြောင်းအရာတွေက အမှန်တကယ်ဆိုရင် စာနဲ့ရေးပြတာထက် ဟောပြောပွဲ ပြုလုပ်အကြံပြုဖို့ သင့်တဲ့အကြောင်းအရာတွေပါ။ စာနဲ့ရေးပြတဲ့အခါ စကားလုံးအသုံးအနှုန်းကအစ အရမ်းဂရုစိုက်ရပါတယ်။ တခါတလေ ဆိုလိုရင်းကို တည့်တည့်မရေးဘဲ သွယ်ဝိုက်ရေးပြနေရတဲ့အတွက် နားလည်ဖို့ အခက်အခဲ ရှိနေနိုင်ပါတယ်။ သို့ပေမယ့် အတတ်နိုင်ဆုံး နားလည်အောင် တင်ပြပေးလိုက်ပါတယ်။

**၁။ ဒီအကြောင်း ပြောတဲ့စကားဟာ ကလေးအတွက်သာ ဖြစ်အောင် ဘောင်ခတ်ထားပါ။**

ဒီ အကြောင်း ပြောတော့မယ်ဆိုရင် ကြောက်မက်ဖွယ်ကောင်းတဲ့

စကားမျိုးနဲ့မစတင်ဘဲ ချစ်စရာကောင်းတဲ့နေရာမှ စတင်တာဟာ ကလေးငယ်အတွက် တည်ငြိမ် အေးချမ်းတဲ့ဝန်းကျင်ကို ဖန်တီးပေးနိုင်ပါတယ်။ အဲဒီလို အေးအေးဆေးဆေး အခြေအနေဖြစ်တဲ့အခါ ကလေးတွေဟာ သင်ပြောတဲ့စကားတွေကို သေသေချာချာ နားလည်လက်ခံဖို့ အထောက်အကူပြုပါတယ်။ မိဘတွေကိုယ်တိုင်က စိုးရိမ်ပြီး စိတ်ဖိစီးနေမယ်ဆိုရင် ကလေးတွေလည်း ထိတ်လန့်စိုးရိမ်စိတ်ဖြစ်ပြီး သင်ပြောတဲ့ စကားတွေကို များများစားစား မှတ်သားထားနိုင်မှာ မဟုတ်ပါ။

လိင်နဲ့ပတ်သက်ရင် လူမှုတားမြစ်ပိတ်ပင်ချက် သို့မဟုတ် ညစ်ပတ်သောအရာလို့ သတ်မှတ်လေ့ရှိပါတယ်။ မိဘတွေအနေနဲ့ ကိုယ့်ကလေးကို ဒီအကြောင်း ပြောတဲ့အခါ တည်တည်ငြိမ်ငြိမ်၊ သာမန်ပုံစံနဲ့ ချစ်ချစ်ခင်ခင် ပြောပါ။

**၂။ ကလေး ၂ နှစ် အရွယ်ခန့်မှ စတင်ပြောပြပါ။**

ဒီအရွယ်မှာ ပြောပြတာဟာ စောလွန်းသည်ဟု ထင်ကောင်းထင်နိုင်ပါတယ်။ သို့ပေမယ့် မစောလွန်းပါ။ သေချာ ပြန်သုံးသပ်ကြည့်ရင် ၁၂ နှစ်အောက်ကလေးများအနက် ၄ နှစ်အရွယ်တွေဟာ လိင်နဲ့ပတ်သက်ပြီး အန္တရာယ်အကြီးမားဆုံး ရင်ဆိုင်ကြရပါတယ်။ စကားကောင်းကောင်း ပြောတတ်ပြီဆိုရင်ပင် ကလေးတွေဟာ လောကကြီးကို နားလည်ရန် အပြင်းအထန် မှန်းဆပုံဖော်နေကြရချိန် ဖြစ်ပါတယ်။ အဲဒီအရွယ်ဟာ အရွယ်ရောက်ပြီးသူတွေထက် ပိုပြီးနားလည်မှတ်သား သင်ယူနေရချိန် ဖြစ်ပါတယ်။

ဥပမာအားဖြင့် ရေချိုးတဲ့အခါမှာ ကလေးတွေရဲ့ လူမမြင်သင့်တဲ့ အစိတ်အပိုင်းတွေ ဘယ်နေရာမှာရှိတယ်၊ မိဘတွေအနေနဲ့အဲဒီအစိတ်အပိုင်းတွေကို သန့်ရှင်းစေဖို့အတွက်သာ ကိုင်တွယ်တာဖြစ်ကြောင်း၊ အဲဒီ အစိတ်အပိုင်းတွေကို တခြား ဘယ်သူမှ မမြင်သင့်၊ မထိသင့်၊ မကိုင်သင့်ကြောင်း ပြောပြ





ရမှာ ဖြစ်တယ်။ တကယ်လို့ တခြားသူ တဦးဦးက ကိုင်တွယ်ဖို့ လုပ်လာရင် လက်မခံဖို့နဲ့ ကိုယ်တွယ်ဖို့ လုပ်လာရင် မိဘတွေကို ပြန်ပြောပြဖို့ မှာကြားပြောပြပေးပါ။

**၃။ လူ မမြင်သင့်တဲ့ အစိတ်အပိုင်းတွေကို အခေါ်အဝေါ် မှန်ကို ပြောပြပါ။**

ကလေးများကို နား၊ မျက်စိ၊ ခြေမ စသဖြင့် ခန္ဓာကိုယ် အစိတ်အပိုင်းတွေ အကြောင်း သင်ကြားတဲ့အခါ သူတို့ရဲ့ လူမမြင်သင့်တဲ့ အစိတ်အပိုင်းတွေရဲ့ အမည်ကို ပြောပြပါ။ ဒီ အစိတ်အပိုင်းတွေက ကလေးအတွက် ဘယ်လို အသုံးဝင်ပြီး ဘယ်လောက်ချစ်စရာကောင်းတယ် ဆိုတာတွေ ပြောပြပေးပါ။

ဥမာ - "ခြေထောက်လေးက လှမ်းလို့ရယ် လက်က ပေးယူဆောင်ကြဉ်းတယ်၊ မျက်စေ့လေးက ကြည့်မြင်တော့ နားက ကြားသိပေ့ါ"ဆိုတာမျိုး ပြောပြရမှာပါ။ ခန္ဓာကိုယ် အစိတ်အပိုင်းတွေရဲ့ အသုံးဝင်ပုံနဲ့ အဲဒီ အစိတ်အပိုင်းတွေကို မထိခိုက်အောင် ကာကွယ်ရမယ်လို့ ပြောပြရပါမယ်။ အခေါ်အဝေါ်တွေ မှန်ကန်ဖို့ပါ။

တကယ်လို့ အဲဒီ အစိတ်အပိုင်းတွေကို ထိပါးလာတယ်ဆိုရင် ကလေးက မှန်မှန်ကန် ပြန်ပြောပြနိုင်ဖို့ပါ။ အခေါ်အဝေါ်မှန်ကန်မှ နားထောင်သူ အနေနဲ့လည်း ကလေးဖြစ်ပျက်ခဲ့တဲ့အကြောင်းကို နားလည်နိုင်မှာ ဖြစ်ပါတယ်။ လိင်ထိပါးသူ အမျိုးမျိုးဖြစ်နိုင်ပြီး ကလေးတွေအနေနဲ့ ဘယ်လို ကြုံတွေ့ရသည်ကို ပြန်ပြောပြနိုင်ဖို့ လိုအပ်တာကြောင့် ကလေးတွေကို ခန္ဓာကိုယ် အစိတ်အပိုင်းရဲ့ အမည်အမျိုးမျိုးကို သင်ကြားပေးထားဖို့ လိုပါတယ်။

တခါက ကလေးတဦးဟာ "ဗိုက်နာတယ်၊ ဗိုက်နာတယ်"လို့ မိဘတွေကို ပြောတယ်။ မိဘတွေက ကလေးကို ဆရာဝန်ထံခေါ်သွားတယ်။ ဆရာဝန်ရဲ့ စစ်ဆေးချက်အရ ကလေးရဲ့ မ,အင်္ဂါမှာ အဓမ္မပြုကျင့် ခံထားရတဲ့ လက္ခဏာတွေ့ရှိရတယ်လို့ ဆရာဝန်က ပြောတယ်။ အဲဒီ ကလေးငယ်ဟာ သူကြုံတွေ့ရ

တဲ့အကြောင်းကို မိဘတွေကို ပြန်ပြောဖို့ ကြိုးစားပေမယ့် သူ့ရဲ့ မ,အင်္ဂါကို ဘယ်လို ခေါ်တယ်ဆိုတာ မသိတာကြောင့် "ဗိုက်နာတယ်"လို့ ပြောတာ ဖြစ်တယ်။

### ၄။ လူမမြင့်သင့်တဲ့ အစိတ်အပိုင်းတွေကို တွေ့မြင်ထိတွေ့နိုင်တဲ့ အချိန်အခါကို ပြောပြပါ။

ကလေးငယ်တဦးအတွက် နားလည်ထားရမယ့် အသက်အရွယ်နဲ့ သင့်တော်တဲ့ အသိရှိနေစေဖို့အတွက် မိဘနဲ့ စောင့်ရှောက်သူများ အပါအဝင် ဘယ်သူကမှ ကလေးရဲ့ လူမမြင်သင့်တဲ့ အစိတ်အပိုင်းတွေကို သန့်စင်အောင်၊ ဘေးကင်းအောင်၊ ကျန်းမာအောင် ပြုလုပ်ပေးချိန်မှအပ မကြည့်သင့်၊ မထိသင့် ဆိုတဲ့အချက်ကို သေသေချာချာ ပြောပြထားရမှာ ဖြစ်တယ်။ အကယ်၍ တစုံတဦးက ထိခိုက်နာကျင်စေတယ်ဆိုရင် မိဘတွေကို ချက်ချင်းပြောပြဖို့လည်း မှာကြားသွန်သင်ရမှာ ဖြစ်ပါတယ်။

မိဘတွေ အနေနဲ့ ကလေးတွေကို နားလည်အောင်ပြောပြဖို့ အခြေအနေတွေက သူတို့ကို ရေချိုးပေးချိန် ဒါမှမဟုတ် ဆရာဂန်ထံ ပြသတဲ့ အချိန်တွေမှာ ပြောပြနိုင်ပါတယ်။

### ၅။ လူမမြင်သင့်တဲ့ အစိတ်အပိုင်းတွေက ထူးခြားကြောင်း သင်ကြားထားရမည်။

လူမမြင်သင့်တဲ့ အစိတ်အပိုင်းတွေအကြောင်း ပြောတဲ့အခါ လူမှုတားမြစ်ချက်တွေနဲ့ ညစ်ပတ်တယ်ဆိုတဲ့ ခံစားမှုတွေ မဖန်တီးမိစေရန် ဂရုပြုပါ။ မိဘများအနေဖြင့် ထို မမြင်သင့်တဲ့ အစိတ်အပိုင်းတွေက ထူးခြားပြီး ကလေးအတွက် အရေးကြီးတာကြောင့် ထိုအစိတ်အပိုင်းတွေကို တစုံတဦးက သန့်စင်အောင်၊ ဘေးကင်းအောင်နဲ့ ကျန်းမာအောင် ကူညီချိန်မှအပ





တခြား ဘယ်သူ့အတွက်မှမဟုတ်ဘဲ ကလေးအတွက်သာ ဖြစ်တယ်လို့ သင်ကြားပေးပါ။

တစုံတဦးက မမြင်သင့်တဲ့ အစိတ်အပိုင်းတွေကို သန့်ရှင်းအောင်၊ ဘေးကင်းအောင်နဲ့ ကျန်းမာအောင် လုပ်ဆောင်ပေးနေချိန်မှာ ဘယ်လိုခံစားရတယ်ဆိုတာ ကလေးကို မေးကြည့်သင့်ပါတယ်။ သန့်ရှင်း ဘေးကင်း ကျန်းမာအောင် ထိတွေ့လုပ်ဆောင်ပေးတာနဲ့ တစုံတဦးက လိင်ထိပါး ထိတွေ့မှုတို့အကြား ကွဲပြားချက်ကို နားလည်စေရန် အထောက်အကူပြုပါတယ်။

တစုံတဦးက သူတို့ရဲ့ လူ မမြင်သင့်တဲ့ အစိတ်အပိုင်းတွေကို တခုခုဖြစ်အောင်လုပ်ရင် မလုပ်သင့်ကြောင်းနဲ့ မိဘတွေကို ချက်ခြင်းပြောရန်လိုကြောင်း ရှင်းပြပါ။ ကလေးတွေဟာ သူတို့ဘာသာ သူတို့လည်း ထိမိကိုင်မိတာလည်း ရှိနိုင်ပါတယ်။ လိင်စိတ်သာယာမှု ဖြစ်ခြင်းဟာ မှားတယ်၊ ရှက်စရာကောင်းတယ်လို့ ခံစားရအောင်လည်း မလုပ်မိဖို့ အရေးကြီးပါတယ်။ အခြားသူတဦးက သူတို့ကို လုပ်ဆောင်မှသာ ပြဿနာရှိကြောင်းလည်း ရှင်းပြပါ။

အခြားသူတွေရဲ့ မမြင်အပ်သော အစိတ်အပိုင်းတွေကိုလည်း လူကြီးတွေက ခိုင်းရင်လည်း မထိမကိုင်ဖို့ သင်ကြားရန်လည်း အရေးကြီးပါတယ်။ တစုံတဦးက ထိခိုင်းကိုင်ခိုင်းလာရင်လည်း မိဘတွေကို ချက်ချင်း ပြောပြဖို့ မှာကြားပါ။

အဲဒီလို မှာကြားသတိပေးထားတာဟာ ကလေးတွေနဲ့ လိင်အကြောင်း မဆွေးနွေးမီ သူတို့မှာ ကျန်းမာသောလိင်မှုဘဝ ဖွံ့ဖြိုးစေဖို့ကူညီရေး ပထမအဆင့် ဖြစ်ပါတယ်။ ကလေးတွေ အရွယ်ရောက်လာတဲ့ အခါကျမှသာ အခြားသူရဲ့ မမြင်အပ်တဲ့အစိတ်အပိုင်းကို ထိရန်သင့်တော်တယ်၊ လိင်

သာယာမှုပေးနိုင်တယ်၊ ယူနိုင်တယ်စတာတွေကိုဆွေးနွေးပြောပြနိုင်ပါတယ်။

**၆။ သူတို့ခန္ဓာကိုယ်ကို သူတို့သာ ထိန်းသိမ်းစောင့်ရှောက်ဖို့နဲ့ အလေးထားဖို့ ကလေးတွေကို သင်ကြားပါ။**

ဒီအချက်က လူကြီးတွေဟာ အရာရာလုပ်ပိုင်ခွင့်ရှိပြီး လူကြီးတွေခိုင်းတာကို ကလေးတွေက လုပ်ရမယ်ဆိုတဲ့အချက်နဲ့ ဆန့်ကျင်ဘက်ပါ။ ကလေးတွေအနေနဲ့ သူတို့ခန္ဓာကိုယ်ကို သူတို့သာပိုင်ပြီး တခြား ဘယ်သူကမှ သူတို့ကို နာကျင်အောင် လုပ်ခွင့်မရှိတဲ့အကြောင်း၊ မိဘတွေတောင် လုပ်ခွင့်မရှိကြောင်း ကလေးတွေကို သင်ကြားပြောပြပေးပါ။ လူကြီးတွေခိုင်းတဲ့အရာတိုင်းသူတို့အတွက်အဆင်မပြေတာကြောင့်မလုပ်နိုင်ဘူးလို့ပြောပြခြင်း ငြင်းခြင်းဟာ ကလေးအတွက် အများကြီး အားပေးရာရောက်ပါတယ်။

ဥပမာ - လူမှုရေးပွဲတခုကို သင်နဲ့ သင့်ကလေးငယ် တက်ရောက်ကြတယ်ဆိုပါစို့။ လူတကာ ချစ်စရာလေးနော်ဆိုပြီး ကလေးကို နမ်းမယ်၊ ပွေ့ပိုက်မယ်၊ လက်ဆွဲနှုတ်ဆက်မယ်ပေါ့။ အဲဒီအချိန်မှာ သင့်ကလေးက အဲဒီလို အလုပ်ခံဖို့ စိတ်မပါ၊ ပြန်ပြီးတော့လည်း မတုံ့ပြန်ချင်တဲ့ အနေအထားမျိုးဆိုရင် ကလေးကို ဇွတ်အတင်းအကျပ် မခိုင်းစေပါနဲ့။ ကလေးဟာလည်း လူထဲက လူတဦးဖြစ်တဲ့အတွက် သူ့စိတ်ရှိသလိုနေနိုင်ဖို့ အားပေးရမှာဖြစ်တယ်။

တကယ်လို့ လူကြီးတစ်ယောက်ယောက်က ကလေးကို ပွေ့ဖက်ဖို့ လုပ်မယ်၊ ဒါမှမဟုတ် လက်ဆွဲနှုတ်ဆက်ဖို့ လုပ်မယ်ဆိုရင် ကလေးမကြိုက်ရင် ငြင်းပယ်တာမျိုးကို အားပေးပါ။ လိုအပ်ရင် သင်ကိုယ်တိုင်က ကလေးရဲ့ ဆုံးဖြတ်ချက်ကို ထောက်ခံပေးပါ။ ဒါဟာ လူအများကြားမှာ သင့်ကလေးဟာလည်း လူတဦး ဖြစ်တယ်ဆိုတာ အသိအမှတ်ပြု အားပေးတာဖြစ်တယ်။





**၇။ ကလေးတွေကို ဘယ်သူကမှ နာကျင်အောင် လုပ်ခွင့်မရှိကြောင်း၊ အထူးသဖြင့် မမြင်အပ်တဲ့ နေရာတွေကို ထိခိုက်အောင်လုပ်ခွင့် လုံးဝ မရှိကြောင်း ရှင်းပြပါ။**

ကလေးတွေ အပေါ် လိင်ပိုင်းဆိုင်ရာထိပါးမှုများရဲ့ ၈၅ ရာခိုင်နှုန်းဟာ သူတို့နဲ့ သိရှိသူတဦးဦးက ကျူးလွန်တာတွေပါ။ ထိုသူဟာ မိဘတဦးဦး၊ ဆွေမျိုး တဦးဦး၊ မိသားစု မိတ်ဆွေတဦးဦး၊ အိမ်နီးချင်း တဦးဦး၊ ဆရာ ဆရာမ တဦးဦး သို့မဟုတ် ဘာသာရေး ခေါင်းဆောင်တဦးဦးလည်း ဖြစ်နိုင်ပါတယ်။ ယောကျ်ားတဦး၊ မိန်းမတဦး သို့မဟုတ် အခြားကလေးတဦးလည်း ဖြစ်နိုင်ပါတယ်။

ကလေးကို လိင်ပိုင်းဆိုင်ရာ ထိပါးသူဟာ မည်သူမဆို ဖြစ်နိုင်ပြီး မည်သူမျှ စိတ်ချရပါတယ်ဆိုတဲ့ စာရင်းမှာ ပါဝင်ခြင်းမရှိပါဘူး။ လက်တွေ့ကြည့်ရင် ကလေးတွေဟာ မိသားစုဝင်များနဲ့ ခင်မင်ရင်းနှီးသူများအကြားမှာ ထိခိုက်အလွယ်ဆုံး အနေအထား ဖြစ်နေတာကို တွေ့နိုင်ပါတယ်။ ဒါကြောင့် ကလေးတွေအနေနဲ့ မိဘတွေအပါအဝင် မည်သူနဲ့ အတူရှိသည်ဖြစ်စေ၊ မည်သူကမျှ သူတို့ကို နာကျင်အောင်လုပ်ခွင့်မရှိကြောင်း သိရှိနားလည်အောင် သင်ကြားပေးထားရမည်။

သင်က သူတို့ကို ချစ်သောကြောင့်၊ ဘေးကင်းစေလိုသောကြောင့် ပြောပြသင်ကြားပေးတာဖြစ်လို့ ကလေးတွေအနေနဲ့ နားလည်အောင် လိုက်နာအောင်လည်း လုပ်ထားဖို့လိုပါတယ်။ အထက်အပိုဒ်တွေမှာ ပြောပြခဲ့တဲ့အတိုင်း ကားတိုက်ခံရနိုင်တာကြောင့် ကားလမ်းကို ဘယ်လိုကူးရမယ်ဆိုတာ သင်ကြားပေးတာမျိုးလို့ သဘောထားပါ။

တစုံတဦးက သူတို့ကို လိင်ပိုင်းထိခိုက်အောင် လုပ်ဆောင်လာနိုင်တာကြောင့် သင်ကြားပေးတာ ဖြစ်ပေမယ့် အဲဒီလို သေချာပေါက်ဖြစ်လာမယ်လို့တော့ မယူဆနိုင်တဲ့အကြောင်းလည်း ကလေးတွေ သဘောပေါက်အောင်

ပြောပြထားဖို့လိုပါတယ်။

တစုံတဦးက ကလေးတို့ရဲ့ မမြင်ရတဲ့ အစိတ်အပိုင်းကို တို့ထိလာပြီး လိင်ထိပါးဖို့ ကြိုးစားလာရင် "မလုပ်နဲ့၊ ရပ်"လို့ ပြောခွင့်ရှိတဲ့အကြောင်း၊ မိဘကို အဲဒီလို လုပ်လာရင် အဲဒီအကြောင်း ပြန်ပြောပြဖို့လည်း သင်ရဲ့ ကလေး သိနေပါစေ။

**၈။ ကိုယ့်ကိုယ်ကိုယ် လုံခြုံရေးအတွက် ကိုယ့်သတ္တိကို အားကိုးဖို့လည်း ကလေးတွေကို အားပေးပါ။**

မိဘတွေဟာ ကလေးတွေရဲ့စိတ်မှာ ကြောက်စိတ် ထည့်သွင်းမပေးသင့်ဘဲ ကလေးတွေရဲ့ သတ္တိဗီဇကို ဖွင့်ပေးရမှာ ဖြစ်တယ်။ တခုခု ဖြစ်လာရင် အဲဒီသတ္တိကို အားကိုးဖို့ ပြောပြသင့်ပါတယ်။ ကလေးတွေ ကိုယ်တိုင် သိမြင်လာတာကို အားပေးပါ။ ဘယ်သူကတော့ ယုံကြည်ရတယ်၊ ဘေးကင်းတယ် ဆိုပြီး မိဘတွေက ပြောပြထားတာထက် ကလေးကိုယ်တိုင် သိမြင်ပြီး ဆုံးဖြတ်သတ်မှတ်ရန် အစွမ်းအစရှိစေဖို့ ဖြစ်ပါတယ်။

ဒါဟာ မိဘတွေနဲ့အလေးငယ် အမြဲတမ်း အတူရှိမနေနိုင်တဲ့အတွက်ကြောင့် ကလေးကိုယ်တိုင် ကိုယ်ပိုင်သတ္တိနဲ့ သိမြင်ဆုံးဖြတ်လာစေဖို့ ဖြစ်ပါတယ်။ ဒီအချက်ဟာ အရေးကြီးပါတယ်။

**၉။ မိဘကိုမပြောရင် လျှို့ဝှက်ချက်သည် လျှို့ဝှက်ချက်သာ ဖြစ်နေမည်ကို ရှင်းပြရမည်**

ကလေးတွေကို လိင်ပိုင်းအရ ထိပါးသူတွေက ကလေးကို ဖိအားပေးပြီး ဘယ်သူ့ကိုမှမပြောဘဲ လျှို့ဝှက်ထားဖို့ ပြောတတ်ကြပါတယ်။ အကယ်၍ ကိုယ့်ကလေးကလည်း အဲဒီအကြောင်း ပြန်မပြောဘူးဆိုရင် မိဘတွေ သိရမှာမဟုတ်ပါဘူး။





ဒါကြောင့် မိဘတွေအနေနဲ့ အဲဒီလို မမြင်ရတဲ့ အစိတ်အပိုင်းကို ထိတို့ကိုင်တွယ်ပြီး လိင်ပိုင်းဆိုင်ရာ ထိပါးလာတယ်ဆိုရင် မိဘတွေကို ပြန်ပြောပြဖို့၊ အဲဒီနေရာတွေနဲ့ပတ်သက်ရင် ဘယ်သူ့ကိုမှ မယုံကြည်ဖို့နဲ့ ဖြစ်ပျက်ခဲ့တယ်ဆိုရင်လည်း ဖြစ်ပျက်တာတွေ ပြန်ပြောဖို့ ကလေးကို နားလည်အောင် သွန်သင် ပြောပြသင့်ပါတယ်။

**၁၀။ တစုံတဦးက ထိခိုက်နာကျင်စေတယ် လို့ ပြောလာရင် ယုံကြည်ကြောင်းနဲ့ ဒုက္ခရောက်မှာ မဟုတ်ကြောင်း ရှင်းပြပါ။**

လိင်ထိပါးသူတွေက ကလေးကို ဒီလိုဖြစ်ပျက်ခဲ့တာကို ဘယ်သူ့ကိုမှ မပြောနဲ့၊ ပြောရင် ရှက်စရာကောင်းတယ်ဆိုပြီး ပြောတတ်ကြတယ်။ တကယ်လို့ တစ်ယောက်ယောက်ကို ပြောပြရင် ဘာလုပ်မယ်၊ ညာလုပ်မယ် ဆိုပြီးလည်း ခြိမ်းခြောက်တတ်ပါတယ်။

အဲဒီအခါမှာ ကလေးက ဘယ်သူ့ကိုမှဖွင့်မပြောဘဲ သူတို့ဘာသာ သူတို့ပဲအပြစ်တင်နေပြီး ဖြစ်ပျက်ခဲ့သမျှ သူတို့ဘာသာပဲ ကြိတ်မှိတ်ခံစား နေရတတ်ပါတယ်။

ဒါကြောင့် ကလေးတွေဟာ မိဘတွေကို သူတို့ ကြုံတွေ့ရတာတွေကို ပြန်ပြောပြရင် အပြစ်တစ်စုံတရာ အပေးခံရမှာ၊ မိဘတွေ စိတ်ဆိုးပြီး ရိုက်နှက်မှာ၊ ဒါမှမဟုတ် တစ်ခုခု ပြုလုပ်လာမှာကို စိုးရိမ်တာလည်း ပါပါတယ်။ မိဘတွေအနေနဲ့ ကလေးက အခုလို ပွင့်ပွင့်လင်းလင်း ပြောပြလာတာကို စိတ်ဆိုးမှာမဟုတ်ကြောင်း၊ ကလေးအနေနဲ့ မှန်ရာကို ပြောရဲ၊ လုပ်ရဲတဲ့သတ္တိကို အလေးထား ဂုဏ်ယူတဲ့အကြောင်းတွေ ပြောပြအားပေးရဖို့ လိုပါတယ်။

## မိဘတွေအရေးအကြီးဆုံးသိမှတ်ထားရမှာတွေ

ကလေးနဲ့ လိင်ပိုင်းဆိုင်ရာအကြောင်းတွေ ပြောတဲ့အခါ သာမန်ပြောရိုးပြောစဉ်အတိုင်း ပြောပါ၊ အရေးတကြီး စိုးရိမ်တကြီး မရှိပါနဲ့။ ဘာဖြစ်လို့လဲဆိုတော့ မိဘရဲ့ စိုးရိမ်ပူပန်မှုကို ကလေးရဲ့စိတ်က ပိုပြီး စိုးရိမ်ကြောက်လန့်မသွားစေဖို့ပါ။

ကားလမ်းကူးတဲ့အခါ လမ်းကို ဘယ်လို ကူးရတယ်၊ ဘယ်လို ကြည့်ရတယ်၊ ဘယ်လို ရှောင်ရတယ်ဆိုတာ ကလေးကို မိဘတွေက အကြိမ်ကြိမ်ပြောပြဖူးပါတယ်။ ပြီးတော့ လမ်းဖြတ်ကူးရင် ဘယ်လိုကူးသလဲ ဆိုတာမျိုးပြန်လည်စစ်မေးတာတွေ ရှိပါတယ်။

အဲဒီလိုပဲ လိင်ပိုင်းအရ ထိပါးမခံရအောင် ရှောင်သင့်ဆောင်သင့် ပြုသင့်ပြောသင့်တာတွေကို ပြန်လည် မေးမြန်းတာမျိုးလည်း လိုပါတယ်။ မကြာမကြာ ပြန်လည်မေးမြန်းတာဟာ ကလေးကို မှတ်မိနေစေဖို့ဖြစ်သလို သတိပေးပြီးရာလည်း ရောက်ပါတယ်။

တကယ်လို့ လူကြီးမိဘတွေအနေနဲ့ လိင်ပိုင်းဆိုင်ရာ ထိပါးခံရတဲ့ကလေးနဲ့ မေးမြန်းပြောဆိုရာမှာလည်း သာမန်ပြောရိုးပြောစဉ်အတိုင်းမေးမြန်းဖို့ ပြောဆိုဖို့ လိုပါတယ်။ တကယ်လို့ သင်က စိုးရိမ်တဲ့လေသံအမူအရာတွေပြသမိရင် ကလေးက သင့်ထက် ပိုပြီး စိုးရိမ်လွန်ခံစားရပါတယ်။ အဲဒီလို စိုးရိမ်လွန်နေတဲ့ကလေးရဲ့ စိတ်က စကားကို ရှင်းလင်းအောင်မပြောနိုင်တော့သလို မေ့လျော့တာမျိုးလည်း ဖြစ်စေတတ်ပါတယ်။

ပြီးတော့ - ကလေးကို စစ်ဆေးမေးမြန်းတာမျိုး၊ အပြစ်ဖို့ ပြောတာမျိုးလည်းရှောင်ပါ။ ဥပမာ - ဘယ်နားမှာ...၊ ဘယ်သူနဲ့...၊ ဘယ်တုန်းက... ၊ ဘယ်လို.... ဆိုပြီး ဖွတ်အတွင်း တိတိကျကျမေးတာမျိုးမလုပ်ဘဲ ကလေးပြောသလောက်ကိုပဲ တစတစ မှတ်ထားပါ၊ လိုအပ်မှ တခွန်းစ နှစ်ခွန်းစ ပြန်မေးပါ။ မေးရာမှာလည်း သာမန်အပြောအဆိုမျိုးသာ ဖြစ်ပါစေ။





အခု ဆွေးနွေးတင်ပြတာတွေက ကလေး အလွန်ငယ်ရွယ်တဲ့ အရွယ်ကနေ ခန္ဓာကိုဖွံ့ဖြိုးစ ဆယ်ကျော်သက်အရွယ်အထိ လိင်ထိပါးခံရတာတွေက အားလုံး အလားတူ ဖြစ်ပါတယ်။

သင်ရဲ့ ကလေးကို လိင်ပိုင်းဆိုင်ရာ မထိပါးဖို့ ဘယ်သူကမှ ရာနှုန်းပြည့် အကာအကွယ် မပေးနိုင်ပေမယ့် အခု ပြောခဲ့တဲ့အချက်တွေကို ကလေးနဲ့ အပြန်အလှန်ဆွေးနွေးဖို့၊ လိင်ပိုင်းဆိုင်ရာ ထိပါးမှု ဖြစ်နိုင်ခြေရှိတဲ့ အခြေအနေတွေကို သတိဖို့၊ ဖြစ်ပေါ်နေတဲ့ ကလေးရဲ့ အရိပ်အကဲကိုကြည့်ပြီး သတိထားပြောဆိုဖို့၊ မမြင်ရတဲ့ ကလေးရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းအကြောင်းနဲ့ သူတို့ကို ကလေးငယ် ကိုယ်တိုင်က ကာကွယ်ဖို့၊ သူတပါးမထိပါးစေဖို့၊ တကယ်လို့ ထိပါးလာရင်လည်း သတ္တိရှိရှိ ကာကွယ်ဖို့ တုံ့ပြန်ဖို့စတဲ့အကြောင်းတွေ ဆွေးနွေးထားတာပါ။

မိဘတွေအနေနဲ့ အလွန်သိမ်မွေ့တဲ့ ဒီအကြောင်းကို ကလေးကိုပြန်လည် သင်ကြားပေးပြီး လမ်းပေါ်မှာ ကားတိုက်ခံရဖို့ထက် လိင်ပိုင်းဆိုင်ရာအကျူးလွန်ခံရဖို့ ပိုမိုများပြားတဲ့ အခြေအနေကနေ တစုံတရာ အကာအကွယ်ဖြစ်စေနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ။

# အခန်း(၁၁)

အရင် အခန်းတွေမှာ ကလေးတွေကို ငယ်စဉ်ကတည်းက လိင်ပိုင်းအရ ထိပါးမှုမခံရစေဖို့ အတတ်နိုင်ဆုံး အကြံပြု ဆွေးနွေးခဲ့ပါတယ်။ အခု ဆက်လက်ပြီး လိင်ပိုင်းအရ ထိပါးခံခဲ့ရတဲ့ကလေးရဲ့စိတ်ဒဏ်ရာကို ဘယ်လို ကုစားပေးမလဲဆိုတာကို ဆွေးနွေးပေးပါမယ်။

ထိပါးခံရတဲ့ ကလေးကို ဘယ်တော့မှ ပြစ်တင်ရှုတ်ချတဲ့ အပြုအမူ အပြောအဆိုတွေ မပြုမိပါစေနဲ့။ ကလေးအတွက်လည်း တစုံတရာ နောင်တ ပူပန်ဖြစ်နေချိန်မှာ ထပ်ဆင့်ပြီး အပြစ်တင်ခံရမယ်ဆိုရင် ကလေးရဲ့ စိတ်ဓာတ်ကို ထာဝရ ရိုက်ချိုးပစ်လိုက်သလို ဖြစ်သွားနိုင်တာကြောင့်ပါ။ ယောကျ်ားလေးဖြစ်စေ၊ မိန်းကလေးဖြစ်စေ လူဆိုတာ လူဖြစ်တယ်၊ လူတိုင်း ဟာ ဒီလိုဖြစ်တတ်တယ်၊ တွေ့ကြုံရတတ်တယ်၊ အဲဒီအတွက် ကလေးမှာ အပြစ်ရှိတာမဟုတ်၊ကျူးလွန်သူမှာပဲအပြစ်ရှိတယ်ဆိုပြီးအေးအေးဆေးဆေး

ဖြောင့်ဖျပြောပြပေးရမှာ ဖြစ်တယ်။

တကယ်လို့ မိဘတွေက အပြစ်တင်စကားတွေ ပြောမယ်၊ စိတ်မထိန်းနိုင်လို့ ရိုက်နှက် ဆုံးမမိမယ်ဆိုရင် ကလေးဟာ ဖြစ်ပျက်ခဲ့တာက သူ့ဘဝအတွက် ဘယ်တော့မှ မပြယ်လွင့်မယ့် စိတ်ဒဏ်ရာခံစားမှုကြီး ထာဝရအုပ်မိုးပစ်လိုက်သလို ဖြစ်သွားနိုင်ပါတယ်။ ဖြစ်ခဲ့တာကို သာမန်အနေအထားတခုလိုပဲ သဘောထားနိုင်ဖို့ ကလေးကို အားပေးနှစ်သိမ့်ရမယ်။

ပြီးတော့ - ကျူးလွန်သူကို အပြစ်ပေး အရေးယူနိုင်ဖို့ ကလေးကို အားပေးရမယ်၊ ဖြစ်ပျက်ခဲ့တဲ့အလုံးစုံကို သေသေချာချာပြောပြဖို့လည်း ကလေးကိုတွန်းအားပေးရမယ်၊ ဖေးမပေးရမှာ ဖြစ်တယ်။ ကလေးရဲ့ အမှားကြောင့်လို့ မယူဆဖို့လည်း သေသေချာချာ မှာကြားပြောပြပေးရပါမယ်။

အဲသလို ပြောပြပေးခြင်းအားဖြင့် ညှိုးငယ်နေတဲ့ ကလေးငယ်ရဲ့စိတ်ကို အားပေးရာ ရောက်ပါတယ်။ စိတ်ကို အားပေးခြင်းဟာ ဘဝကို အားပေးခြင်း ဖြစ်ပါတယ်။ စိတ်အားငယ်နေတဲ့ စိတ်ဟာ ခိုင်မာတဲ့ဘဝကို မထူထောင်နိုင်ပါ။ ခိုင်ကျည်တဲ့ စိတ်အားကောင်းတဲ့ စိတ်ကသာ ဘဝကို ကောင်းမွန်အောင် ထူထောင် ဖြတ်သန်းသွားနိုင်မှာ ဖြစ်တယ်။

"ဒီလိုပဲကွဲ့… တခါတလေ လမ်းလျှောက်ရင်း ပြေးလွှားရင်း မတော်တဆ ချော်လဲတတ်ကြတယ် မဟုတ်လား၊ တခါလေး ချော်လဲတာနဲ့ အဲဒီချော်လဲတဲ့နေရာမှာပဲ အမြဲထိုင်နေလို့ မဖြစ်ဘူးမဟုတ်လား။ အဲသလိုမျိုးပဲ… အခု ဖြစ်ခဲ့ပျက်ခဲ့တာလည်း မတော်တဆ ဖြစ်တာပဲ။ ကလေးမှာ တာဝန်မရှိဘူး။ ရှက်ရွံ့သိမ်ငယ်စရာလည်းမလိုဘူး။ တာဝန် တခုတော့ရှိတယ်… အဲဒါက နောက်ထပ် အဲဒီလိုမျိုး ဘယ်တော့မှမဖြစ်ဖို့ပဲ" အားပေးရမယ်။

ကလေးနဲ့ မေးမြန်း စကားပြောတဲ့အခါမှာ ရေးကြီးခွင်ကျယ်သဘော မသက်ရောက်စေဘဲ သာမန်ပြောရိုးပြောစဉ် စကားပြောသလိုမျိုးနဲ့ အေးအေးလူလူသာ ပြောပါ။ အေးအေးဆေးဆေး ပြောဆိုတာက ကလေးရဲ့





ပူပန်စိတ်ကို ငြိမ်သက်အေးဆေးစေပါတယ်။

နောက်ပြီး ကျူးလွန်သူကို ဆိုင်ရာအလိုက် အရေးယူနိုင်ဖို့ အပြစ်ပေးနိုင်ဖို့အတွက်လည်း ကလေးကို အားပေးရမယ်။ အရေးကြီးတာက ကလေးပြန်ပြောတာက မှန်မှန်ကန်ကန်ပြောဖို့၊ ဘယ်သူ့ကိုမှ မကြောက်ဖို့လည်း မှာကြားရမယ်။ မှန်တာပြောလို့ ဘယ်သူကမှ ကလေးကို အပြစ်တင်ကြမှာမဟုတ်၊ မမှန်မကန် လိမ်ညာပြောရင်သာ အပြစ်တင်ခံရနိုင်တယ်ဆိုတဲ့ အကြောင်းလည်း ပြောပြပေးပါ။

အရေးအကြီးဆုံးက မိဘတွေအနေနဲ့ ကိုယ့်ကလေးကို ချစ်လွန်းတဲ့အတွက် ကျူးလွန်သူကို ဟော်ဟစ်ဆူပူ ဆဲဆိုတာတွေ မလုပ်ဖို့ပါ။ အဲသလိုလုပ်တာက ကိုယ့်ကလေးကို အားပေးရာမရောက်တဲ့အပြင် ကလေးရဲ့အပြစ်အနာအဆာကို တရပ်ကွက်လုံး ကြားအောင် အော်ပြောနေသလိုဖြစ်နေတာကြောင့်ပါ။ မဖြစ်မနေလုပ်ရမှာက ကိုယ့်ကလေးက အမှန်အတိုင်းပြောဆိုဖို့၊ မှန်ရာကိုပြောရဲဖို့နဲ့ အမှန်ကို မကွယ်မထောင့်ဘဲပြောဖို့ အားပေးရမှာ ဖြစ်တယ်။

တချို့သော မိဘတွေဟာ ကိုယ့်ကလေးငယ် ဖြစ်တာကနည်းနည်း၊ ပူပန်စိတ်နဲ့ပြောဆိုနေတာက များများဖြစ်နေတတ်ပါတယ်။ မိဘက ချစ်တဲ့စိတ်နဲ့ ပြောတာဆိုတာဖြစ်ပေမယ့် - အဲဒီလို ပြောဆိုမှုက ကိုယ့်ကလေးရဲ့စိတ်ဓာတ်ကို ပိုပြီးထိခိုက်စေတဲ့အပြင် အားပေးရာမရောက်ဘဲ ဖိနှိပ်ရာရောက်ပါတယ်။ ကလေးရဲ့ အနာဂတ်အတွက် ပိုမိုပြီး မည်းမှောင်စေနိုင်ပါတယ်။

ကလေးကို ဘယ်နေရာမှာ ဖြစ်ဖြစ်၊ ဘယ်သူကပဲ မေးမေး အမှန်အတိုင်းပြန်ပြောဖို့ အားပေးရမယ်။ တကယ်လို့ သက်ဆိုင်ရာ အကြီးအကဲပုဂ္ဂိုလ်တွေက မေးလာရင်လည်း အမှန်အတိုင်း ပြန်ပြောနိုင်ဖို့ပါ။ ဒါကြောင့် ကလေးရဲ့ မှတ်ဉာဏ်ကို အလေးပေးရမယ်၊ မှတ်မိတဲ့ အချက်တွေကို

သေချာဖို့ မိဘက မကြာခဏ ပြန်ပြန်မေးပေးပါ။ အားပေးစကားလည်း ခဏခဏ ပြောပေးပါ။ ကလေးမှာ အပြစ်မရှိတဲ့အကြောင်းလည်း ပြောပေးပါ။

အဲဒီလို လိင်ပိုင်းအရ အကျူးလွန်ခံခဲ့ရတယ်ဆိုတာ ကလေးရဲ့ အပြစ်မဟုတ်ဘဲ ကျူးလွန်သူရဲ့ အပြစ်သာဖြစ်တယ်ဆိုတာ ကလေးငယ် ရှင်းရှင်းလင်းလင်း သိအောင် ပြောပေးပါ၊ အားပေးပါ၊ အဖြစ်မှန်ကို ပြောရဲတဲ့သတ္တိ ကလေးမှာ ရှိအောင် အားပေးပါ၊ မြှင့်တင်ပါ။

ဒီလို ဖြစ်ရတာဟာ ကလေးရဲ့ မမြင်ရတဲ့အစိတ်အပိုင်းကို ကလေးကိုယ်တိုင် ကာကွယ်ရမယ်၊ စောင့်ရှောက်ရမယ်လို့ မှာကြားချက်ကို ကလေးက သတိမေ့ပြီး မကာကွယ်မိတာကြောင့် ဖြစ်တယ်ဆိုတာလည်း ပြန်လည်သတိပေး ပြောဆိုပေးပါ။ ဒါမှသာ ကလေးက သူ့ရဲ့ မမြင်ရတဲ့ အစိတ်အပိုင်းကို ဘဝတလျှောက် အမြဲကာကွယ်သွားမှာ ဖြစ်တယ်။

အကယ်၍ လိင်ပိုင်းအရ ကျူးလွန်ခံခဲ့ရပြီးပြီဆိုရင်လည်း အစက ပြန်စလို့ မရတော့တဲ့အတွက် နောင်တပူပန်မဖြစ်ဖို့နဲ့ ရှေ့ဆက်ပြီး နောင်ဒီလိုမဖြစ်အောင် ဘယ်လိုကာကွယ်ရမယ်ဆိုတဲ့ အကြောင်းတွေသာ ပြောပြဖို့ပါ။

အခုလို ပြောပြဆွေးနွေးတာက စာလည်း မရိုင်း၊ အကြားမတော်လည်း မဖြစ်အောင် အတတ်နိုင်ဆုံး စကားယဉ်တွေသုံးပြီး ပြောပြရေးပြရတဲ့အတွက် နားမလည်တာများ ပါနေနိုင်ပါတယ်။ ဒါကလည်း တင်ပြရတဲ့ အကြောင်းအရာအရ အရမ်းကို သိမ်မွေ့တာကြောင့်လည်း ပါပါတယ်။ အမှန်တကယ်ဆိုရင် အခုလို ရေးပြဆွေးနွေးတာထက် မျက်နှာချင်းဆိုင်ဆွေးနွေးရင် ပိုပြီး လွယ်ကူမယ်၊ ထင်ရှားမြင်သာမှာ ဖြစ်ပါတယ်။

## မိဘတွေရဲ့အခန်းကဏ္ဍ

မိဘတွေရဲ့ အခန်းကဏ္ဍအကြောင်း မေးခွန်းလေးတခုနဲ့ စချင်ပါတယ်။





အဲဒါက “မိဘတွေအနေနဲ့ ကိုယ့်ရဲ့သားသမီးတွေကို ဂုဏ်ယူရတဲ့ သားကောင်းတွေ၊ ဂုဏ်ယူရတဲ့ သမီးကောင်းတွေ ဖြစ်စေချင်ပါသလား”ဆိုတဲ့ မေးခွန်းပါ။

“ဘယ်လိုများ မေးလိုက်တာပါလိမ့်...၊ ကိုယ့်သားသမီးတွေကို ဖြစ်စေချင်တာပေါ့”လို့ ဖြေကြမယ်ထင်ပါတယ်။

တကယ်တော့ မိဘတွေအနေနဲ့ ကိုယ်ကသာ ကိုယ့်သားသမီးကို ဂုဏ်ယူရတဲ့ သားကောင်းသမီးမွန်တွေ ဖြစ်စေချင်ကြပေမယ့် ကိုယ်တိုင်ကရော သားသမီးတွေ ဂုဏ်ယူရတဲ့မိဘ ဖြစ်ရဲ့လားဆိုတာ ပြန်လည်စဉ်းစားမိကြပါသလား။

“သားသမီးတွေ ဂုဏ်ယူရတဲ့ မိဘဆိုတာ ဘယ်လိုမျိုးလဲ”

သားသမီးတွေ ဂုဏ်ယူရတဲ့ မိဘအကြောင်း ရှင်းပြပါမယ်။ တကယ်တော့ သက်ရှိလောကထဲမှာ သတ္တဝါနဲ့ အပင်တွေ ပါဝင်ဖွဲ့စည်းထားတာ ဖြစ်တယ်။ အဲဒီထဲက ဧရာတ်စေ့လေးဆိုပါတော့...၊ သူ့ အစေ့လေးကနေ အစို့အညှောက်ထွက်လာပြီးနောက် အပင်ဖြစ်၊ အရွက်တွေဖြာ၊ အပွင့်တွေပွင့်ပြီးနောက် အသီးတွေသီးပြီး နောက်ဆုံးမှာ အပင်လေးဟာ အိုဟောင်းသေဆုံးသွားပါတယ်။

ဒါဟာ အပင်လေးရဲ့ ရှင်သန်မှုပါ။ တနည်းအားဖြင့် ဧရာတ်ပင်လေးရဲ့ ရှင်သန်မှုဘဝ ဖြစ်တယ်။

ဧရာတ်ပင်လေး သေဆုံးသွားပေမယ့် သူချန်ရစ်ခဲ့တာ ရှိပါတယ်။ အဲဒါကတော့ စပ်ခြင်းဆိုတဲ့ ဂုဏ်သတ္တိနဲ့ မျိုးစေ့ပါ။ အဲဒီလိုပဲ တခြား အပင်တွေ ဖြစ်တဲ့ ကြက်ဟင်းခါးပင်တွေ၊ သံပုရာပင်တွေ စတဲ့ အပင်တွေဟာလည်း သူတို့ ရှင်သန်နေချိန်ကနေ သေဆုံးသွားတဲ့အချိန်အတွင်းမှာ ဂုဏ်သတ္တိ အသီးသီးကို ထားရစ်ခဲ့ကြတာဖြစ်တယ်။ အပင်မှာ ဂုဏ်သတ္တိကို ထားခဲ့တယ်...၊ ပြီးတော့ မျိုးစေ့ထားခဲ့တယ်။

ဒါပေမယ့်... လူတွေမှာတော့ ဂုဏ်သိက္ခာ ချန်ထားရစ်ဖို့ ဖြစ်တယ်။ ဂုဏ်သိက္ခာနဲ့ ရှင်သန်ဖို့ ဖြစ်တယ်။ ဂုဏ်သိက္ခာရှိတဲ့ လူဆိုတာ ဘယ်လိုမျိုးလဲ။ ဂုဏ်ယူစရာ အကျင့်သိက္ခာနဲ့ပြည့်စုံသူဟာ ဂုဏ်သိက္ခာ ရှိသူပေါ့။ ဘာတွေကို ဂုဏ်ယူကြသလဲ။ အရှေ့တိုင်းရဲ့ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းမှာ စံ အရ အကျင့်စာရိတ္တ ကောင်းမွန်ပြည့်စုံတာဟာ ဂုဏ်ယူစရာ ဖြစ်ပါတယ်။

ဘယ်လိုလူဟာ အကျင့်စာရိတ္တ ကောင်းမွန်တယ်၊ ဘယ်လိုလူဟာ အကျင့်စာရိတ္တ မကောင်းဘူးလို့ တိတိပပ ပြောပြဖို့ မလွယ်ပါ။ သို့ပေမယ့် လူမှုဆက်ဆံရေးမှာ နှစ်လိုဖွယ်ရှိသူ၊ မတရားမလုပ်သူ၊ အချင်းချင်း စာနာထောက်ထားတတ်သူ၊ ငွေကြေး အရှုပ်အရှင်းကင်းရှင်းသူ၊ လူရှေ့မှာရော ကွယ်ရာမှာပါ အလွဲမလုပ်သူ စသဖြင့် ယေဘုယျ ဖွင့်ဆိုနိုင်ပါတယ်။ အချုပ်အားဖြင့် တရားရှိသူပါပဲ။

တရားဆိုတာ မတရားတာရဲ့ ဆန့်ကျင်ဘက်ပါ။ မတရား တွေးကြံပြောဆိုပြုမူတာမျိုး မရှိသူပေါ့။ တရားသဖြင့်သာ နလုံးသွင်းနေထိုင်ပြုမူသူမျိုးလို့လည်းဆိုနိုင်ပါတယ်။ အဒီလိုလူမျိုးဆိုရင် အမျိုးသမီးဖြစ်ဖြစ် အမျိုးသားဖြစ်ဖြစ် မိဘဆွေမျိုးနဲ့ သူ့ဂုဏ်းကျင်ကပါ ချစ်ခင်လေးစားတယ် မဟုတ်လား။

## ဘာဖြစ်လို့ခွဲအိပ်သင့်တာလဲ

အနောက်တိုင်းနိုင်ငံတွေမှာတော့ မိဘနဲ့သားသမီး ကြာရှည်စွာ အတူတူ တခန်းတည်း အိပ်ကြတာ မရှိသလောက် နည်းပါးပါတယ်။ ကျနော်တို့ဆီမှာတော့ အရွယ်မရောက်မချင်း မိဘနဲ့သားသမီးတွေ အတူအိပ်ကြတာ များပါတယ်။ မိဘရင်ခွင်ကို အရွယ်ရောက်တဲ့အထိ ခံယူရတယ်ဆိုတဲ့ သဘောလို့ ယူဆနိုင်ပါတယ်။

သို့ပေမယ့် အဲဒီလို အတူတူ အိပ်စက်ကြခြင်းရဲ့ အဆိုးတခုက မိဘတွေ အနေနဲ့ လွတ်လပ်မှု မရှိတော့သလို သားသမီးရှိနေတဲ့အတွက် အရာရာကို





ထိန်းသိမ်းနေရပါတယ်။ ပြောဆိုတဲ့ စကားကအစ အရာရာ သတိထားနေရပါတယ်။ သားသမီးတွေအနေနဲ့လည်း မိဘရှေ့မှာ လွတ်လွတ်လပ်လပ် နေထိုင်ဖို့လည်း မဖြစ်နိုင်တော့ ဆင်ခြင်သတိ ရှိနေရပါတယ်။

တကယ်လို့သာ သားသမီးတွေကို တခန်း သပ်သပ်ပေးထားမယ်ဆိုရင် မိဘတွေ အနေနဲ့ စီးပွားရေး၊ လူမှုရေး ကိစ္စအဂဂကို ကလေးတွေ မသိစေဘဲ ဆွေးနွေးဖေဖန်နိုင်မှာ ဖြစ်ပါတယ်။ ကလေးတွေ အနေနဲ့လည်း သူတို့ဘာသာ လွတ်လွတ်လပ်လပ် ပြောဆိုနိုင်မယ် အိပ်စက်နိုင်မယ် မဟုတ်လား။

## ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိလာစေတယ်

မိဘနဲ့အတူမအိပ်ဘဲ ခွဲအိပ်တဲ့အတွက်ကြောင့် ကလေးဟာ ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်စိတ် ရှိလာစေပါတယ်။ တခါတုန်းက မိဘနဲ့ ပထမဆုံး ခွဲအိပ်တဲ့ ကလေးတဦးအကြောင်း ပြောပြပါမယ်။ မိဘတွေက အတူတူမအိပ်ဘဲ ခွဲအိပ်ဖို့ ကလေးကိုပြောတယ်။ ကလေးက တခါမှ ခွဲမအိပ်ဖူးတော့ ကြောက်ရွံ့နေတယ်၊ ဒါနဲ့ ခွဲမအိပ်ဘူးလို့ ငြင်းတယ်။ ဘာကို ကြောက်တာလဲလို့ မိဘတွေကမေးတော့ သရဲကြောက်တယ်လို့ ပြောတယ်။

"သြော်... ငါ့သားက သရဲကြောက်လို့ မအိပ်တာကိုး။ သရဲကို မကြောက်ရင် ငါ့သား ခွဲအိပ်မယ်ပေါ့။ ဟုတ်လား" ဖခင်ဖြစ်သူက မေးတော့ "ဟုတ်ကဲ့" ဖြေတယ်။

"သားရေ... သရဲ တစ္ဆေဆိုတာ တကယ့်အကောင်အထည် ရှိတာ မဟုတ်ဘူးကွဲ့။ အကောင်အထည်မရှိတဲ့ သရဲတစ္ဆေဆိုတာကို လူတွေက စိတ်နဲ့ ကြောက်စရာအသွင်ပုံဖော်ပြီး ကြောက်နေကြတာပဲ။ သရဲကို ဘယ်သူ မြင်ဖူးလဲ"

"သား သူငယ်ချင်း ဇော်နီက မြင်ဖူးတယ်တဲ့။ သရဲက အမွေးစုတ်ဖွားနဲ့ ပါးစပ်ပြဲပြဲကြီးတဲ့။ ပြီးတော့ သွားတွေ အစွယ်တွေကလည်း အရှည်ကြီး၊

လျှာကြီးတွဲလဲကျနေပြီး သွားရေတမြားမြား ကျလို့တဲ့။ မျက်စေ့ကြီးက ရဲရဲနီနေတာတဲ့”

“သား ကိုယ်တိုင် မြင်ဖူးတာ မဟုတ်ဘူးကိုး။ ဒါနဲ့ ဂျော်နီက ဘယ်နေရာမှာ မြင်ခဲ့တာလဲ သား”

“ဘုရားကျောင်းကအပြန် ညမှောင်မှောင် တယောက်တည်း ပြန်လာချိန်ကလို့ ပြောတယ်”

“ဂျော်နီက သူကိုယ်တိုင် တွေ့ခဲ့တာမဟုတ်ဘူး သား။ ဘာဖြစ်လို့လဲဆိုတော့ လူကြီးဖြစ်ဖြစ် လူငယ်ဖြစ်ဖြစ် တယောက်တည်း နေနေတဲ့အခါ ကြောက်စရာတွေ၊ စိုးရွံ့စရာတွေအကြောင်း တွေးမိတတ်ကြတယ်ကွဲ့။ အဲဒီအချိန်မှာ ပျော်စရာအကြောင်းတွေ မတွေးမိကြဘူး။ လတ်တလော တစ်ယောက်တည်း အနေအထားမှာ ဘယ်လို အန္တရာယ်ရှိနိုင်တယ်ဆိုတာကို အားငယ်စိတ်နဲ့တွေးမိပြီး သူတွေးမိ စိတ်ကူးမိတဲ့အတိုင်း တကယ်မရှိတဲ့ သရဲတစ္ဆေ လို အန္တရာယ်ကို မြင်မိသလိုလို ဖြစ်လာတာကွဲ့။ အပြင်မှာမရှိဘဲ သူ့စိတ်ကူး အတွေးထဲမှာပဲ ရှိနေတာ”

“ဂျော်နီကတော့ သူတကယ်တွေ့တာလို့ ပြောတာပဲ။ သူလည်း ကြောက်ပြီး အိမ်ပြန်ပြေးခဲ့ရတာတဲ့”

“အိမ်ရောက်တော့ အဲဒီ သရဲတစ္ဆေ ကောင် လိုက်လာသလား သား”

“မလိုက်လာဘူးတဲ့ ဖေဖေ”

“ဘယ် လိုက်လာမှာလဲ သားရဲ့။ အဲဒီ သရဲတစ္ဆေ ဆိုတာကို သူ့ စိတ်မှာ မရှိတော့ဘူးလေ။ ပြီးတော့ သူ့မိဘတွေနဲ့ တွေ့ပြီဆိုတော့ သူ့မှာ အားငယ်စိတ် မရှိတော့ဘူးလေ။ အားငယ်စိတ် သိမ်ငယ်စိတ်မရှိတော့ လူဟာ ကျန်းမာတယ်၊ သန်စွမ်းတယ်၊ ခွန်အားဗလနဲ့ ပြည့်စုံတယ်။ အဲဒီအချိန်မှာ သူ့ကို ဘာအန္တရာယ်ကမှ မပြုနိုင်ဘူးသားရဲ့။ တကယ်တော့ သားဖြစ်တာလည်း အားငယ်စိတ်၊ သိမ်ငယ်စိတ်ကြောင့်ပဲ။ ဒါကြောင့် အားငယ်စိတ် သိမ်ငယ်စိတ်





ကို သားဆီကနေ ဖယ်ထုတ်ပစ်ရမယ် သား”

“ဖေဖေ ဘယ်လို ဖယ်ထုတ်ရမလဲ”

“ဘယ်လို ဖယ်ထုတ်ရမလဲဆိုတာ အခု ပြောပြလို့တော့ မရဘူးကွဲ့။ သားတယောက်တည်း အဖော်မရှိတဲ့ အချိန်မျိုးမှာမှ ဘယ်လို ဖယ်ထုတ်ရမယ်ဆိုတာ ပြောလို့ရမှာကွဲ့။ ဒါကြောင့် သား တညလောက် တယောက်တည်း သီးခြားအခန်းမှာ အိပ်ကြည့်ပါလား”

“ဟုတ်... ဖေဖေ၊ အိပ်ကြည့်မယ်။ ဒါပေမယ့် သရဲလာရင် ဘယ်လို လုပ်မလဲ”

“အရမ်းကို လွယ်တယ် သားရဲ့။ သရဲတစ္ဆေ ဆိုတာ အကောင်အထည် မရှိဘူးလို့ ဖေဖေ ပြောခဲ့တယ်နော်။ လူတွေ ဘယ်အချိန်မှာ သရဲခြောက်တာ ခံရတာလဲဆိုတာလည်း ပြောပြီးနော်။ တစ်ယောက်တည်း ဖြစ်နေပြီး အားငယ်စိတ် သိမ်ငယ်စိတ် ဖြစ်နေတဲ့အချိန်မျိုးမှာပဲ သရဲတစ္ဆေ ခြောက်တာကွဲ့။ အဲသလို သိမ်ငယ်စိတ်ရှိနေချိန်မှာ သားမှာ အားကိုးစရာ တခုရှိတယ်။ အဲဒါကတော့ သတ္တိပဲ။ သတ္တိဆိုတာ သိတတ်တာလို့ ဆိုရမယ်”

“ဘာတွေကို သိတတ်ရမှာလဲ ဖေဖေ”

“သားအနေနဲ့ သိထားဖို့က သားအခန်းထဲမှာ တယောက်တည်း ဖြစ်နေပေမယ့် ဒီဘက်အခန်းထဲမှာ ဖေဖေနဲ့ မေမေ ရှိတယ်ဆိုတာ သိမှတ်ထားရမယ်။ နောက်တခုက အခန်းရဲ့ ဘယ်နားမှာ ဘာရှိတယ် ဆိုတာလည်း သိထားရမယ်။ ဘယ်အချိန်မှာ ဘယ်ပစ္စည်းကို ဘယ်လို သုံးရမယ်ဆိုတာ တတ်ထားရမယ်ကွဲ့။ ဥပမာပေါ့... သားစိတ်ထဲမှာ စိုးရိမ်စိတ် အားငယ်စိတ် ဖြစ်လာပြီဆိုရင် သားက ဘယ်နေရာမှာ ရှိတယ်၊ သားဂန်းကျင်မှာ ဘာတွေ ရှိတယ်၊ ဥပမာ ဓား၊ တုတ် တခုခုပေါ့၊ ဒါတွေနဲ့ ဘယ်လို ခုခံနိုင်တယ်၊ ဘယ်လို တိုက်ခိုက်နိုင်တယ်ဆိုတာ စဉ်းထားလိုက်ကွဲ့။ ဒါဆို သားမှာ သတ္တိတွေ ရှိလာမှာ”

အခု ဖော်ပြပေးခဲ့တာက ကလေးကို ဘယ်လို သတ္တိရှိအောင် စိတ်ဓာတ်ခွန်အား ဘယ်လိုပေးရတယ်ဆိုတာ တင်ပြပေးတာပါ။ ဒီလိုနည်းနဲ့ ကလေးကို တွေးတတ်အောင်၊ မြင်တတ်အောင် အသိကိုဖွင့် ပညာနဲ့ယှဉ်ပြီး ချင့်ချိန်သုံးစွဲတတ်ဖို့ လေ့ကျင့်ပေးရမှာ ဖြစ်တယ်။ အဲဒီလို ပြောပြတဲ့အခါမှာလည်း သာမန်ပြောနေကျ ပြောနေသလိုမျိုးပဲ ပြောဖို့ပါ။

နောက်တခုက ပုံပြင်လေးတွေနဲ့လည်း ပြောပြလို့ ရပါတယ်။ သတ္တိနဲ့ ပတ်သက်ရင် ပဉ္စာဝုဓ မင်းသားဇာတ်ကို ပြောပြရင် အလွန်သင့်တော်ပါတယ်။ ကုန်းဘောင်ခေတ်စာဆို မဟာဓမ္မသင်္ကြံရဲ့ ဓမ္မာပဒေသကျမ်းက ကောက်နုတ်ထားတဲ့ ပဉ္စာဝုဓဇာတ်ပါ။ ပဉ္စာဝုဓဇာတ်ကို ဖော်ပြပေးလိုက်ပါတယ်။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းလက်ထက် ဘုရားအလောင်းသည် ထိုမင်း၏ မိဖုရားကြီးသားဖြစ်၍ ပဉ္စာဝုဓအမည်ဖြင့် ထင်ရှား၏။ အရွယ်ရောက်သောအခါ ဆရာစား သပြာထောင်ထုပ်ပေး၍ တက္ကသိုလ်ပြည်မှာ အတတ်ပညာ သင်စေ၏။ အတတ်ခပ်သိမ်းစုံ သင်ပြီးလျှင် ဆရာပေးလိုက်သော လက်နက်ငါးပါးကိုယူ၍ တက္ကသိုလ်ပြည်မှ ပြန်ခဲ့၏။ လေး၊ မြှား၊ တောင့်၊ သန်လျက်၊ ဆောက်ပုတ် ဤငါးပါးကို ဤနေရာ၌ လက်နက်ငါးပါးဟုဆိုသည်။

ခရီးအကြား၌ သိလေသလောမမည်သော ဘီလူးစောင့်သော တောအုပ်သို့ရောက်လေသော် "ဤတောအုပ်သို့ မဝင်နှင့်။ ဤတောအုပ်၌ သိလေသလောမဘီလူးသည် မြင်တိုင်းမြင်တိုင်းသော လူတို့ကို သေဆုံးခြင်းသို့ ရောက်စေ၏"ဟု အခြားသူတို့ တားမြစ်သော်လည်း မကြောက်မရွံ့ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သောအသံကို ကြုံးဝါးလျက် ထိုတောအုပ်သို့ ဝင်လေ၏။

စေးထန်းသော အမွေးရှိရကား အမွေးဖြင့်ငြိစေ၍ ဖမ်းစားတတ်သော ကြောင့် သိလေသလောမဘီလူး မည်သတည်း။

ထိုတောလယ်သို့ မင်းသားရောက်သော် ဘီလူးသည် ထန်းပင်ခန့်လောက်သော ကိုယ်၊ အိမ်လုံးမျှလောက်သော ဦးခေါင်း၊ သပိတ်မျှ





လောက်သော မျက်လုံး၊ ငှက်ပျောသီးကြီးလောက်ရှိသော အစွယ်နှစ်ချောင်းကိုဖန်ဆင်း၍ ဖြူသောမျက်နှာ ပြောက်ကျားသောဝမ်း၊ ညိုသောလက်ခြေဖြင့် ကိုယ်ထင်ပြ၍ "အဘယ်သို့ သွားအံ့နည်း။ ငါ့အစာတကား ရပ်လေ"ဟု ဆိုသည်ကို မင်းသားလည်း ကြုံးဝါးလျက် ဆိပ်လူးမြားဖြင့်ပစ်သော် ထိုမြားသည် ဘီလူး၏ အမွေးတို့၌ ကပ်ငြိ၍ မစူးမဝင်လေ။ ထို့နောက် ဆင့်ကာဆင့်ကာ ပစ်သော်လည်း ယခင်နည်းပင် ကပ်ငြိ၍ မြား ငါးဆယ်တိုင်အောင် ကုန်လေ၏။ ထိုမြားအားလုံးကို ခါချပြီးလျှင် မင်းသားသို့ ဘီလူးချဉ်းကပ်လေ၏။ မင်းသားလည်း ကြိမ်းမောင်း၍ သန်လျက်ဖြင့် ခုတ်ပြန်၏။ သုံးဆယ့်သုံးသစ် အလျားရှိသော သန်လျက်သည် အမွေးသို့သာ ကပ်ငြိပြန်လေ၏။

ထို့နောက် လေးဖြင့်လည်းကောင်း၊ တောင့်ဖြင့်လည်းကောင်း၊ ဆောက်ပုတ်ဖြင့်လည်းကောင်း အဆင့်ဆင့် ရိုက်ပြန်သည်တွင်လည်း ယခင်နည်းပင် ကပ်ငြိပြန်လေသတည်း။

ဘုရားလောင်းလည်း လက်နက်ငါးပါးလုံးပင် ကပ်ငြိလေသော အဖြစ်ကို သိ၍ "ငါ့ကို ပဉ္စာဝုဓမင်းသားဟု မကြားဖူးလော၊ လက်နက်ငါးပါးကို အားကိုး၍ ဤတောသို့ ငါဝင်သည်မဟုတ်၊ ငါ့ကိုယ်ကိုသာ အားကိုး၍ ဝင်သည်။ နင့်ကို မှုန့်မှုန့်ညက်ညက် ကြေစေအံ့"ဟု ကြုံးဝါး၍ လက်ျာလက်ဖြင့် သတ်သည်တွင် ကပ်ငြိမြဲ ကပ်ငြိပြန်လေ၏။ လက်ဝဲလက်၊ လက်ျာခြေ လက်ဝဲခြေ ဦးခေါင်းတို့ဖြင့် အသီးသီး ရိုက်သတ်ပုတ်ခတ်သည်တွင်လည်း ကပ်ငြိမြဲပင် ကပ်ငြိလေသတည်း။

ထိုသို့ အင်္ဂါငါးပါးဖြင့် ကပ်ငြိ၍ ဘီလူးကိုယ်၌ မင်းသားကိုယ် တွဲလျားဆွဲလျက်ရှိသော်လည်း မကြောက်မလန့် ကြုံးဝါးခြိမ်းခြောက်သည်ကို ဘီလူး မြင်လေလျှင် "ဤယောက်ျားခြင်္သေ့ ယောက်ျားအာဇာနည်ကဲ့သို့ တစ်ယောက်ကိုမျှ ဤခရီး၌ တသက္ကာန်လုံး ငါနေသည် မမြင်စဖူး"ဟု ကြံ၍

“အဘယ့်ကြောင့် သင်မကြောက်သနည်း”ဟု မေး၏။

ဘုရားအလောင်းသည်လည်း “တစ်ဖြစ်လျှင် တစ်ခါသေမြဲဖြစ်၍ မကြောက်သည်။ တစ်ကြောင်းလည်း ငါ့ဂမ်းထဲ၌ ဝရဇိန်လက်နက် ရှိ၏။ ငါ့ကို နင်စားသော် ထိုလက်နက်မကျေနိုင်ဘဲ နင့်အူများ အပိုင်းပိုင်းပြတ်၍ နင်သေလတ္တံ့၊ ဤသို့ နှစ်ဦးလုံးပင် ပျက်စီးရအံ့သောကြောင့် ငါမကြောက်” ဟု ဆို၏။

မိမိကိုယ်တွင်း၌ ပညာကို ရည်၍ ဝရဇိန်လက်နက်ဟု ဆိုလေသတည်း။

ထိုသို့ဆိုသော စကားကို ဘီလူးကြား၍ “ဤလုလင် ဆိုတိုင်းပင် မှန်ဖွယ် ရှိ၏။ ဤသူ၏ ကိုယ်မှ ပဲနောက်စေ့ခန့်မျှ သားတစ်သည်လည်း ငါ့ဝမ်း၌ မကျေနိုင်ရာ”ဟု ထိတ်လန့်သဖြင့် “ပူရိသသီဟ ပူရိသအာဇာနည်ဖြစ်သော သင့်ကို ငါမစားပေ။ ရာဟုခံတွင်းမှလွတ်သော လမင်းကဲ့သို့ ငါ့လက်မှ လွတ်၍ ဆွေမျိုးဘောင်သို့ သွားလေတော့”ဟု ဆို၏။

မင်းသားလည်း “ငါမူ သင်ဆိုတိုင်းသွား၏။ သင်ကား ရှေးမကောင်းမှု ကြောင့် သူ့အသွေးအသားကို အစားကြူးသော ဘီလူးဖြစ်ရလျက် တစ်ဖန် မကောင်းမှုကို ပြုပြန်သော် အမိုက်မှလာ၍ အမိုက်သို့ သွားလေသည် ဖြစ်လတ္တံ့။ ငါနှင့် တွေ့မြင်သည်ကစ၍ မကောင်းမှုကို မပြုရာ ပါဏာတိပါတ် မည်သည်ကား အပါယ်လေးပါး၌ နှစ်မွမ်းစေတတ်၏။ လူဖြစ်သော်လည်း အသက်တိုစေတတ်၏” အစရှိသည်ဖြင့် အထူးထူးအပြားပြား ဘီလူးအား ခြိမ်းခြောက်ဟောပြော၍ အဆိပ်အတောက်မရှိစေဘဲ ပဥ္စသီ၌ တည်စေလျက် ဗလိနတ်စာခံ နတ်အဖြစ်ကိုပြု၍ တောအုပ်အနီး လူတို့အားကြားပြီးမှ ဗာရာဏသီပြည်သို့သွား၍ ခမည်းတော်မရှိနောက် မင်းဖြစ်လေ၏။

ဤသို့လျှင် ပဥ္စာဝုဓမင်းသားသည် ရဲရင့်တည်ကြည်လျက် လုံ့လဝီရိယ ပြုသဖြင့် ကြမ်းကြုတ်ခက်ထန် စောင်မာန်ကြီးသော လူသားစားကြူး ဘီလူးကိုပင် အောင်မြင်၍ ဗာရာဏသီမင်းအဖြစ်သို့ ရောက်ဖူးလေသည်ကို





ဥပမာပြု၍ ကျင့်ဆောင်သူသည် လောကီစည်းစိမ်သာမက အရဟတ္တဖိုလ် နိဗ္ဗာန်တိုင်အောင် လောကုတ္တရာ စည်းစိမ်ကိုသော်လည်း ရောက်လေရာ၏။

## အခန်း(၁၂)

### အဲလစ်ကလေး၏ထူးဆန်းသောအိပ်မက်

၁၈၆၅ ခုနှစ်က အင်္ဂလိပ်စာရေးဆရာ လူးဝစ်ကဲရောအယ် ရေးသားတဲ့ အဲလစ်ကလေး၏ ထူးဆန်းသောအိမ်မက် အမည်ရှိ ပုံပြင်စာအုပ်ဟာ အထူးပင် အောင်မြင်ကျော်ကြားပါတယ်။ အင်္ဂလိပ် ကလေးသူငယ်များ သာမက မြန်မာကလေးသူငယ်များပါ ကြိုက်နှစ်သက်သော ပုံပြင်စာအုပ် ကောင်းတစ်အုပ်ဖြစ်ပါတယ်။ ယနေ့အထိ ထွက်ပြီးခဲ့သမျှသော ကလေး စာအုပ်များထဲတွင် စိတ်ဝင်စားဖွယ်အကောင်းဆုံးဖြစ်ပါတယ်။ ပုံပြင်ထဲမှာ အဲလစ်ကလေးက အိပ်ပျော်နေစဉ် အိမ်မက်ထဲမှာ ထူးဆန်းတဲ့ တိုင်းပြည် တစ်ပြည်ကို ရောက်သွားပုံကို ကလေးများ စိတ်ဂင်စားအောင် ရယ်ဖွယ်၊ လွမ်းမောဖွယ်၊ စိတ်လှုပ်ရှားဖွယ် အဖြစ်အပျက်များနဲ့ ရေးသားထားပါတယ်။ ပုံပြင်လေးကို ဖော်ပြလိုက်ပါတယ်။

ပူပြင်းလှသော နေ့လယ်ပိုင်း နေရှိန်ကြောင့် ပူအိုက်ခြောက်သွေ့ကာ ပျင်းရိငြီးငွေ့ဖွယ်ဖြစ်ရသည့် အထဲတွင် ပျားပိတုန်းတို့၏ တဝီဝီညည်းသံသည် သစ်ပင်ရိပ်တွင် လဲလျောင်းနေသော အဲလစ်ကလေးအား အပျင်းပိုကာ ငိုက်မျဉ်းလာစေ၏။ ဖြည်းညင်းစွာ တိုက်ခတ်လျက်ရှိသော လေပူဒဏ်ကြောင့် နွမ်းလျနေသော အဲလစ်၏ မျက်လုံးကလေးများသည် တဖြည်းဖြည်း မှေးမှိန်ကာ အိပ်ပျော်တော့မည့်ဆဲဆဲတွင်- ရုတ်တရက် မိမိရှေ့နားသို့ မျက်လုံးနီနီနှင့် ယုန်ဖြူကလေးတကောင် ရောက်လာသည်ကို မြင်လိုက်သောအခါ၊ အဲလစ်ကလေးသည် ငိုက်မျဉ်းခြင်းများပြေပျောက်၍ ယုန်ကလေးကို ငေးကြည့်နေမိလေသည်။

ယုန်ဖြူကလေးသည် အဲလစ်ကလေးအနီးသို့ ရောက်လတ်သော် ပြေးလာသော ကိုယ်ရှိန်ကို သတ်လိုက်၍ ခေတ္တမျှရပ်တန့်ပြီးလျှင် ဝတ်ထားသော ကိုယ်ကျပ်အင်္ကျီထဲမှ နာရီကလေးကို ထုတ်ကြည့်လိုက်၏။ ထို့နောက် အလွန်အရေးကြီးသော ကိစ္စရှိသည့်အလား ယခင်ကထက် ပိုမိုလျှင်မြန်စွာ ပြေးထွက်သွားသည်။ ဤသို့ အင်္ကျီကိုဝတ်၊ အိတ်ဆောင်နာရီကို ကိုင်ဆောင်ထားသော ထူးထူးဆန်းဆန်း ယုန်ကလေးမျိုးကို မတွေ့မြင်ဖူးသော အဲလစ်ကလေးသည် ဆက်လက်ကြည့်ရှု့လိုသော စိတ်ဆန္ဒကြောင့် ယုန်ကလေးနောက်သို့ အပြေးလိုက်သွားလေသည်။

ပြေးရင်းလိုက်ရင်းဖြင့် လိုဏ်ခေါင်းတခုထဲသို့ ရောက်သွားကြ၏။ လိုဏ်ခေါင်းအဆုံးသို့ရောက်သော် အဲလစ်ကလေးသည် ကြီးမားသော တံခါးကြီးများရှိ၍ မီးအိမ်များ တပ်ဆင်ထားသော အခန်းကျယ်ကြီးတခုထဲသို့ ရောက်နေမိကြောင်း သိရလေသည်။

အခန်းကြီး၏ အလယ်တွင် ဖန်သားအတိပြီးသော သုံးချောင်းထောက် စားပွဲငယ်လေးကို ရွှေသော့ကလေးတစ်ချောင်း တင်လျက်သားနှင့် တွေ့ရသည်။ အဲလစ်ကလေးသည် ထိုသော့ငယ်ဖြင့် တံခါးကြီးများကို ဖွင့်စမ်းကြည့်၏။ သို့ရာတွင် လွန်စွာကြီးမားလှသော တံခါးသော့ခလောက်ကြီးကို ထိုသော့ငယ်ဖြင့် ဖွင့်၍မရချေ။ ထို့နောက် အဲလစ်ကလေးသည် ခန်းဆီးတခုကိုတွေ့ရသဖြင့် ခန်းဆီးကို မ,လိုက်ရာ နောက်ကွယ်၌ ၁၅ လက်မခန့် မြင့်သော တံခါးငယ်ကလေးတခုကို တွေ့ရသည်။ ရွှေသော့ငယ်ကလေးဖြင့် ဖွင့်ကြည့်လိုက်သော် တံခါးကလေးမှာ အလွယ်တကူ ပွင့်သွားလေသည်။

သို့ရာတွင် တံခါးပေါက်မှာ အဲလစ်ကလေး၏ ကိုယ်နှင့် မမျှအောင် သေးငယ်ကျဉ်းမြောင်းလှပေသည်။ သို့ဖြစ်၍ တံခါးပေါက်ဝမှ အသာချောင်းကြည့်လိုက်သည်တွင် လွန်စွာလှပသော ပန်းဥယျာဉ်ကလေးတခုကို တွေ့ရလေသည်။ အဲလစ်ကလေးသည် တံခါးပိတ်ပြီး အခန်းကြီးထဲပြန်လာခဲ့သည်။ စားပွဲအနီးတွင် ဆေးပုလင်းငယ်တလုံးကို တွေ့ရပြန်သည်။ ပုလင်းပေါ်တွင် "ကျွန်ုပ်ကို သောက်လိုက်ပါ"ဟူ၍ စာတမ်းရေးထားသည်။ အဲလစ်ကလေးသည် သတိကောင်းသူဖြစ်သဖြင့် စာအညွှန်းအတိုင်း ရုတ်တရက် မသောက်လိုက်ဘဲ၊ အဆိပ်ဟု ရေးသားထားသော စာတမ်း ပါမပါ စစ်ဆေးကြည့်လိုက်သေးသည်။ မပါကြောင်းတွေ့ရမှ ပုလင်းကို ဖွင့်၍မော့ချလိုက်သည့်အဆုံး...၊

"ဟယ်... ထူးဆန်းလှချည်လား။ အို... ငါ့ကိုယ်လည်း တစ်ဖြည်းဖြည်း ငယ်သွားပါပကော။ ဟင်.. ဒီလိုဆိုရင် တစ်ကိုယ်လုံး ပျောက်သွားတော့မှာလား" အဲလစ်ကလေးသည် အံ့သြစွာ မြည်တမ်းမိလေတော့သည်။ အံ့သြမည်ဆိုလျှင်လည်း အံ့သြလောက်စရာပေ။ အဘယ့်ကြောင့်ဆိုသော် ဆေးရည်ကို သောက်လိုက်သည်နှင့်တပြိုင်နက် သူ့ကိုယ်လုံးကလေးသည် တဖြည်းဖြည်း သေးငယ်သွားသည်မှာ နောက်ဆုံး၌ တံခါးပေါက်ကလေးမှ ကောင်းစွာဝင်သာအောင် အမြင့် ၁၀ လက်မမျှအထိ အရပ်ပုဝင်သွားသောကြောင့်ဖြစ်၏။ ထိုအခါ တံခါးပေါက်ကလေးကိုဖွင့်ရန် ရွှေသော့ကလေးကို စမ်းကြည့်သည်။ ရွှေသော့ကလေးမှာ ပုလင်းကို ကိုင်ကြည့်စဉ်က စားပွဲ

ပေါ်တွင် အမှတ်တမဲ့ချထားမိသောကြောင့် လက်တွင် မပါလာတော့ချေ။

ယခုအခါ စားပွဲမှာ အဲလစ်ကလေး၏ အရပ်ထက် အဆမတန် မြင့်မားနေပြီ ဖြစ်ရကား အဲလစ်ကလေးမှာ ကြံရာမရဖြစ်ကာ ဒေါသလည်းထွက်၊ စိတ်လည်းညစ်လှသဖြင့် ထိုင်၍ ငိုနေမိလေသည်။ သို့သော်အရွယ်နှင့် မလိုက်အောင် အသိဉာဏ် ထက်သန်သည့်အလျောက် ကြာရှည်စွာ ငိုကြွေးမနေဘဲ တစ်စုံတခုပြုလုပ်ရန် အနီးတဝိုက်ကို ကြည့်လိုက်၏။ ထိုအခါ "ကျွန်ုပ်ကို စားလိုက်ပါ"ဟု ရေးသားထားသော ပန်းစာလုံးများ ပါရှိသည့် ကိတ်မုန့်ကြီးတလုံးကို တွေ့ရလေသည်။ ထို ကိတ်မုန့်ကို စားလိုက်သောအခါ အဲလစ်ကလေး၏ အရပ်မှာ တဖြည်းဖြည်း တက်လာပြန်သည်။ အဲလစ်ကလေးလည်း အံ့သြလှစွာဖြင့် မိမိ၏ ခြေထောက်နှင့်ခေါင်းမှာ တဖြည်းဖြည်း ဝေး၍ဝေး၍ သွားသည်ကို တွေ့ရလေသည်။ ထိုထက် မြင့်တက်သွားလျှင် သူ၏ ခြေထောက်ကို မှုန်ရီမှုန်ရွှားသာ မြင်ရပြီးနောက် ပျောက်ကွယ်သွားတော့မည်အထင်နှင့် "ခြေထောက်ကလေးရေ နေရစ်ခဲ့ပေတော့ဟေ့" ဟူ၍ နှုတ်ပင်ဆက်မိလေသည်။

ဤကဲ့သို့ အရပ်မြင့်လာပြန်သောအခါတွင်ကား အရပ် ၁၀ လက်မမျှရှိစဉ်က အပေါ်သို့ တမျှော်တခေါ်ကြီး လှမ်း၍ ကြည့်ရသော စားပွဲငယ်ပေါ်ရှိ သော့ကလေးကို အလွယ်တကူကောက်ယူ၍ တံခါးငယ်ကလေးကို ဖွင့်နိုင်ပြီဖြစ်သော်လည်း အရပ်မှာ များစွာမြင့်မားနေပြန်သောကြောင့် အကြံရကျပ်နေပြန်၏။ အဲလစ်ကလေးမှာ စိတ်ညစ်လှသဖြင့် ရှိုက်ကြီးတငင် ငိုကြွေးသည့်အခိုက် တစ်စုံတစ်ယောက်၏ အသံကြား၍ ကြည့်လိုက်သောအခါ မိမိနောက်ယောင်ခံ လိုက်လာခဲ့သော ယုန်ဖြူကလေးကို တွေ့ရလေသည်။ ယုန်ကလေးမှာ တစ်စုံတခုအတွက် စိုးရိမ်ပူပန်နေဟန် ရှိ၏။ အဲလစ်ကလေးကြည့်နေစဉ်မှာပင် ယုန်ကလေးသည် ရုတ်တရက် အရေးကြီးဟန်နှင့် လက်ထဲရှိ ယပ်တောင်တို့ကို ပစ်ချလိုက်ပြီးနောက် အခန်းထဲမှ ပြေးထွက်သွား





သည်။ အဲလစ်ကလေးသည် ထိုပစ္စည်းများကို ကောက်ယူကိုင်တွယ်ရင်း "ငါ့နယ်နော်... ဒီယုန်ကလေး လာတုန်းက အကူအညီမှ မတောင်းလိုက်ရ" ဟု ညည်းတွားမိလျက် တွေးတောငေးမှိုင်နေလေသည်။

အဲလစ်ကလေးသည် ကိုင်ထားသော ယပ်တောင်ဖြင့် အမှတ်မဲ့ ယပ်ခတ်နေမိသည်။ ထိုအခါ အလွန်မြင့်မားလှသော သူ၏အရပ်မှာ တစ်ဖြည်းဖြည်းနိမ့်လာ၏။ ယပ်တောင်ကို အချိန်မှီ ပစ်မချလိုက်မိလျှင် ကြမ်းပြင်တွင် ပဝင်ပျောက်ကွယ်သွားတော့မည်ဟု ထင်ရပေသည်။ ဤကဲသို့ မမျှော်လင့်ဘဲ ရုတ်တရုတ် သေးငယ်သွားသော မိမိ၏ ကိုယ်ခန္ဓာကလေးကို ကြည့်ရှုရင်း အံ့သြယင်းလျှောက်လာခဲ့လေရာ ရေအိုင်ကြီးတခုထံသို့ ချော်ကျကာ သေရေးရှင်ရေး ကူးခပ်ရပြန်သည်။ ထိုရေအိုင်ကား သူ၏အရပ် အလွန်တရာ မြင့်မားစဉ်က ကြံရာမရ၍ ငိုးကြွေးရာ၌ ကျဆင်းသော မျက်ရည်အိုင်ပင် ဖြစ်ရာ၊ ယခုကဲ့သို့ အရပ်လွန်စွာသေးငယ်သွားသောအခါ ထိုမျက်ရည်အိုင်မှာ တကယ့်ရေအိုင်ကြီးကဲ့သို့ ရှိနေတော့သည်။

အဲလစ်ကလေးသည် စိုရွှဲလျက်ရှိသော အဝတ်များခြောက်သွေ့စေရန် ရေအိုင်ကမ်းစပ်တွင် ထိုင်နေသည်။ အနီးတွင် ငှက်ကလေးများနှင့်အတူ တခါမှ မမြင်ဘူးသော သတ္တဝါကလေးများအပြင် ကြွက်ကလေး တကောင်ကိုပါ တွေ့ရလေသည်။ နှုတ်သီးကောက်ကောက်နှင့် ဒိုဒိုငှက်ကြီးတကောင်က အပြေးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့် စိုရွှဲနေသော အဝတ်များ မကြာမီ ခြောက်သွေ့သွားဦးလိမ့်မည်ဟု အကြံပေးလေသည်။ သို့ဖြင့် အပြေးပြိုင်ကြရာတွင် မည်သူနိုင်၍ မည်သူရှုံးသည်ကို မသိရသော်လည်း အဲလစ်ကလေးမှာ နေရာတခုသို့ တယောက်တည်း ရောက်နေကြောင်း တွေ့ရလေသည်။

အနီးအပါးတွင် ယခင်က ယုန်ဖြူကလေးကို တစ်ဖန်တွေ့ရပြန်၏။ ယုန်ကလေးမှာ သူ့လောက်မျှသာရှိသော အဲလစ်ကလေးအား မြင်ရသောအခါ

ယခင်ကကဲ့သို့ မကြောက်ရွံ့တော့ရုံသာမက သူ၏ လက်အိတ်ကလေးများကို သွား၍ယူရန်ပင် ခိုင်းလိုက်သေးသည်။ လက်အိတ်ကလေးများကိုယူရန် ယုန်ကလေး၏ လှပသော အိမ်ကလေးအတွင်းသို့ ဝင်ရောက်ခဲ့၏။ အိမ်ကလေးအတွင်း၌ ပုလင်းတလုံးကို တွေ့ပြန်သဖြင့် အထဲရှိ ဆေးရည်ကို မော့သောက်လိုက်လေ၏။

ထိုသို့သောက်လိုက်သည်နှင့်တပြိုင်နက် အရပ်အမောင်းမှာ ရုတ်တရက် ကြီးမားထွားကျိုင်းလာတော့ရာ အိမ်ကလေးမှာ သူ၏ ကိုယ်လုံးနှင့် မဆန့် အောင်ဖြစ်ကာ လက်တစ်ဖက်ကို ပြတင်းပေါက်မှလည်းကောင်း၊ ခြေ တစ်ဖက်ကို မီးခိုးတိုင်အပေါက်မှလည်းကောင်း အပြင်သို့ ထုတ်ထားရ၏။ ယုန်ကလေးလည်း အဲလစ်ကလေးပြန်မလာနိုင်သဖြင့် နောက်က လိုက်ခဲ့၏။ အဲလစ်ကလေးဖြစ်ပုံကို မြင်ရသောအခါ ထခုန်မိမတတ် လန့်ဖျပ်သွား လေသည်။

အဲလစ်ကလေးကို အပြင်သို့ထုတ်ယူရန် အနီးရှိဥယျာဉ်မှူးကလေးများကို ခေါ်၍ ကြိုးစားထုတ်ကြသော်လည်း မတတ်နိုင်ကြတော့သည့်အဆုံးတွင် အိမ်အတွင်းသို့ ပြတင်းပေါက်မှ ကျောက်စရစ်ခဲကလေးများကို ပစ်သွင်း ကြ၏။ ကျောက်စရစ်ခဲကလေးများသည် အိမ်ထဲသို့ရောက်သောအခါ ကိတ်မုန့်တုံးကလေးများ ဖြစ်သွားသည်။ ထိုကိတ်မုန့်တုံးကလေးများကို ကောက်စားလိုက်သည်တွင် သူ၏ကိုယ်ကြီးမှာ ကြီးရာမှတဖန် ပြန်လည် သေးငယ်သွားသဖြင့် အိမ်ကလေးအတွင်းမှ ထွက်ပြေးပြီးသော် တောအုပ် တခုအတွင်း၌ ဝင်ရောက်ပုန်းအောင်းနေလေသည်။

ထိုတောအုပ်ထဲတွင် ဘောက်ဖတ်ကြီးတကောင်သည် မှိုပွင့်ကြီး တခုပေါ်၌ထိုင်၍ ဆေးတံရှည်ကြီးကို ခဲယင်း၊ အဲလစ်ကလေးကို မြင်လိုက် သောအခါ မေးခွန်းများစွာ မေးမြန်းလေတော့သည်။ အဲလစ်ကလေးမှာ ထိုမေးခွန်းများကို တခုမျှမဖြေနိုင်သောအခါ ဘောက်ဖတ်ကြီးသည် စိတ်တို





ဟန်ဖြင့် ထွက်ခွာသွားရန်ဟန်ပြင်ယင်း “ငါမင်းကို တခုပြောမယ်။ ဒီဘက် အခြမ်းကတော့ မင်းအရပ်ကို ရှည်လာစေလိမ့်မယ်၊ ဒီဘက်အခြမ်းကတော့ မင်းအရပ်ကိုတိုလာစေလိမ့်မယ်”ဟုပြောကြားခဲ့သည်။ အဲလစ်ကလေးလည်း ကောင်းစွာနားမလည်သဖြင့် ဒီဘက်အခြမ်းကတော့ ရှည်လာစေလိမ့်မည် ဟိုဘက်အခြမ်းကတော့ တိုသွားစေလိမ့်မယ်တဲ့၊ ဘာများပြောတာပါလိမ့်" ဒီဘက်အခြမ်းဆိုတာ ဘာရဲ့ ဒီဘက်အခြမ်းလဲ၊ ဟိုဘက်အခြမ်းဆိုတာ ဘာရဲ့ဟိုဘက်အခြမ်းပါလိမ့်”ဟူ၍စိတ်ထဲမေးမြန်းနေမိရာ ပေါက်ဖတ်ကြီးက ကြားရဘိသကဲ့သို့ “ဒီမှိုကို ပြောတာကွဲ၊ ဒီမှို”ဟူ၍ ပြောရင်း ထွက်ခွာသွား လေသည်။

အဲလစ်ကလေးသည် ထိုမှိုကြီးကို ထက်ခြမ်းခွဲ၍ တခြမ်းကို စားကြည့် လိုက်လျှင် သူ၏အရပ်မှာ ရှိရင်းစွဲထက်ပင် ရုတ်တရုတ် အရှိန်ပြင်းစွာ ပုဝင် သွားရာ သူ၏ဦးခေါင်းနှင့် ခြေထောက်တို့ ဖျတ်ကနဲရိုက်ခတ်မိသည်အထိပင် ဖြစ်တော့သည်။ တဖန် ကျန်တခြမ်းကို စားကြည့်လိုက်ပြန်သည်တွင် အရပ်မှာ တဟုန်းထိုး အထက်သို့ ထိုးတက်မြင့်မားသွားပြီးနောက် တောအုပ် တခုလုံးမှာ သူ၏အောက်တွင် ကော်ဇော်ခင်းထားသကဲ့သို့ ပြားနေ တော့သည်။ အဲလစ်ကလေးသည် မှိုကြီးကို ဟိုတစ်ဖွဲ့ ဒီတစ်ဖွဲ့ အနည်းငယ်စီ ချိန်ဆစားသောက်ခြင်းဖြင့် သူ၏အရပ်မှာ နတ်သမီးကလေးအရွယ်မျှ ဖြစ်လာလေသည်။

အဲလစ်ကလေးသည် တောအုပ်အတွင်းမှနေ၍ အိမ်ငယ်ကလေး တလုံးကိုတွေ့ရသဖြင့် သွားရောက်ကာ တံခါးကိုခေါက်လိုက်၏။ အတွင်း ၌ကား အူသံ၊ အောက်သံ၊ ကွဲအပ်သံတို့ဖြင့် ဆူညံနေသဖြင့် တံခါးခေါက်သံကို မည်သို့မျှ မကြားကြချေ။ အဲလစ်ကလေးသည် တံခါးကို အသာတွန်းဖွင့်၍ အတွင်းသို့ ဝင်ရောက်ခဲ့ရာတွင် မီးခိုးများလုံးနေသော မီးဖိုခန်းထဲသို့ ရောက်သွားလေတော့သည်။

မြို့စားကြီးကတော်တဦးသည် ခွေးခြေကလေးပေါ်တွင် ထိုင်လျက် မွေးကာစ ကလေးတယောက်ကို ချီထားလေသည်။ အနီးတွင် ထမင်းချက်မိန်းမကြီးသည် ဟင်းချိုအိုးထဲသို့ ငရုတ်ကောင်းမှုန့်များကို ခတ်နေလေသည်။ ငရုတ်ကောင်းမှုန့် အနံ့တို့သည် ကလေးငယ်၏ နှာခေါင်းထဲသို့ ဝင်သဖြင့် ကလေးမှာ ငိုယိုနှာချေလျက်ရှိသည်။ ထမင်းချက်မိန်းမကြီးလည်း ဟင်းချိုအိုးထဲသို့ ငရုတ်ကောင်းမှုန့်များ ထည့်ယင်းပင် မြို့စားကတော်ကြီးဘက်သို့ လှည့်ကြည့် လှည့်ကြည့်နှင့် ပန်းကန်ပြားများ၊ လက်ဖက်ရည်ကရားများကို လှမ်း၍ ပစ်ပေး၏။ မြို့စားကတော်ကြီးသည် ထိုအပြုအမူကို ဂရုမစိုက်ဘဲ ကလေးကိုသာ ချီမြဲချီလျက် သီချင်းတပုဒ်ကို သီဆိုနေလေသည်။

သီချင်းဆိုပြီးသောအခါ အဲလစ်ကလေးဘက်လှည့်၍ "ရော့၊ မင်း ဒီကလေးကို ထိန်းချင်ရင်ထိန်းတော့"ဟုဆိုကာ ကလေးငယ်ကို ပစ်ပေးလိုက်ပြီးလျှင် ထွက်ခွာသွားလေသည်။ ထိုကလေးငယ်သည် အဲလစ်ကလေး၏ လက်ထဲသို့ရောက်၍ မကြာမီပင် ဝက်ကလေးတကောင် ဖြစ်သွားလေရာ အဲလစ်ကလေးက အောက်သို့ချလိုက်သည်နှင့်တပြိုင်နက် တောနက်ထဲသို့ ပြေးဝင်သွားလေတော့သည်။

အဲလစ်ကလေးလည်း ဆက်လက်ထွက်ခွာလာခဲ့လျှင် အိမ်ကလေး တအိမ်ကို တွေ့ရလေပြန်သည်။ အိမ်ရှေ့ရှိ စားပွဲရှည်ကြီးတွင် လက်ဖက်ရည်ပွဲ ကျင်းပနေကြသည့် စိတ်မနှံ့သော ဦးထုပ်ချုပ်သမား၊ ယုန်တကောင်နှင့် ကြွက်တကောင်တို့ကို တွေ့ရလေသည်။ အဲလစ်ကလေး လာသည်ကို မြင်သောအခါ "မလာခဲ့နဲ့ဟေ့၊ ဒီမှာ နေရာမရှိဘူး"ဟု ဆီး၍ ရိုင်းစိုင်းစွာ ပြောဆိုကြ၏။ အဲလစ်ကလေးလည်း စိတ်ဆိုးလာသဖြင့် "ဒီနေရာမှာ နေရာအများကြီးရှိတယ်"ဟု ခပ်မာမာပြော၍ ဝင်ထိုင်လေသည်။

ယုန်သည် အဲလစ်ကလေး ဝင်ထိုင်သည်ကို မနှစ်မြို့သဖြင့် "မဝသေးရင်လဲ ထပ်သောက်လိုက်ဦးလေ"ဟု ခနဲ့လေ၏။ အဲလစ်ကလေးလည်း





"သောက်မှ မသောက်ရသေးတာကို ရှင်ဘယ့်နှယ့် ပြောလိုက်တာလဲ"ဟု ပြန်ပြောလိုက်၏။ သူတို့၏အပြုအမူမှာ ရိုင်းစိုင်းလှသဖြင့် အဲလစ်ကလေးလည်း ကြာကြာမနေနိုင်ဘဲ ထွက်လာခဲ့သည်။ ထိုအချိန်၌ ယုန်နှင့် ဦးထုပ်ချုပ်သမားသည် အိပ်ငိုက်နေသောကြွက်ကို လက်ဖက်ရည်ကရားထဲသို့ ဆွဲနှစ်လျက် ပြောင်လှောင်ကစားရင်း ကျန်ရစ်ခဲ့ကြလေသည်။

အဲလစ်ကလေးသည် သူ ပထမဆုံးတွေ့ခဲ့ရသော အခန်းကြီးသို့ ပြန်သွားပြီးလျှင် ရွှေသော့ကလေးဖြင့် တံခါးပေါက် အငယ်လေးကို ဖွင့်လိုက်၏။ ထိုနောက် သူ့ကိုယ်ကို အရပ်တစ်ပေမျှအထိ ငယ်သွားအောင် မှိုစကလေးများကို စားလိုက်ပြီးလျှင် ထိုတံခါးပေါက်ကလေးမှတဆင့် ပန်းဥယျာဉ်ကလေးထဲသို့ ပြေးထွက်လာခဲ့လေသည်။ ဥယျာဉ်ထဲတွင် ယခင်ကတွေ့ခဲ့သော မြို့စားကတော်ကြီးသည် ယုန်ဖြူကလေးနှင့်တကွ ဖဲပွင့်ဘုရင်၊ ဖဲပွင့်မိဘုရားတို့နှင့်အတူ ကစားလျက်ရှိကြသည်ကို တွေ့ရသည်။

ဖဲပွင့်မိဘုရားကြီးလည်း အဲလစ်ကလေးကို မြင်သောအခါ ကပွဲတခုသို့ ခေါ်သွား၏။ ကပွဲတွင် မခံမရပ်နိုင်အောင် အစခံရသောကြောင့် အဲလစ်ကလေးသည် အလွန်အမင်း စိတ်ဆိုးလာ၏။ သို့သော် ထိုခဏ၌ သူ၏ အရပ်အမောင်းမှာ ပကတိအရွယ်အတိုင်း ပြန်ဖြစ်လာလေသည်။ အနီးအပါးတွင်လည်း ဖဲပွင့်ဘုရင်မကြီးနှင့်တကွ မည်သူတစ်ဦး တစ်ယောက်မျှ မတွေ့ရတော့ချေ။

အဲလစ်ကလေးလဲ စိတ်ဆိုးလျက်- "ဟင့်အင်း၊ ဟင့်အင်း ဘာမှလဲ မရှိဘဲနဲ့၊ ဖဲထုတ်ကြီးဘဲဥစ္စာ၊ ဘာမှလဲ မဟုတ်ဘူး"ဟု အော်ငိုပြီးလျှင် ဖဲထုတ်ကြီးကို လွှင့်ပစ်လိုက်လေသည်။ ဤတွင် အဲလစ်ကလေးသည် မျက်စိကိုပွတ်သပ်ရင်း နိုးလာတော့သည်။ ထိုအခါ သူ့ရှေ့တွင် ယုန်ဖြူကလေး ပထမဆုံး ပေါ်လာသည်ကို မြင်လိုက်ရစဉ်ကသကဲ့သို့ပင် သူ၏ အမပေါင်ပေါ်၌ မှီ၍အိပ်နေမိသည်ကို သတိရလာသည်။

"ညီမလေး နိုးလာပြီလား။ ထတော့လေ၊ လက်ဖက်ရည်သောက်ချိန်တောင် ရောက်လာပြီ" သူ့အစ်မက ပြုံးရွှင်စွာ ပြောကြားလိုက်လေသည်။





# အခန်း(၁၃)

ဒီတပတ်မှာတော့ ကလေးတွေရဲ့ စဉ်းစားတွေးခေါ်မှုနဲ့ သင်္ချာ အတွက် အချက်ကို စိတ်ဝင်စားစေမယ့် ပုံပြင်လေးတပုဒ် ပြောပြပါမယ်။ ဒီပုံပြင်က ဆရာကြီးမင်းသုဝဏ်ရဲ့ ကလေးပုံပြင်များ စာအုပ်ထဲမှာပါတဲ့ ရသေ့ဗေဒင် ဆိုတာကို ပြန်လည် ရေးသားတင်ပြတာပါ။

**ရသေ့ဗေဒင်**

တခါတုန်းက ဘုန်းကြီးကျောင်းသားလေး မောင်ဉာဏ်ထက်ဟာ မိဘတွေကွယ်လွန်ခဲ့ပြီဖြစ်လို့ ဘကြီးဘုန်းရဲ့ကျောင်းမှာ ကျောင်းနေ ကျောင်းစားအဖြစ်နဲ့ နေနေရတာပေါ့။ မောင်ဉာဏ်ထက်ဟာ ငယ်ရွယ်ပေမယ့် နာမည်နဲ့လိုက်အောင် ဉာဏ်ထက်သတဲ့။

တနေ့မှာတော့ ဘကြီးဘုန်းကြီးက ကျောင်းစာအုပ်တိုက် (စာကြည့်

တိုက်)ထဲက ကျွန်းသစ်သေတ္တာဟောင်းကြီးကို ရှင်းလင်းခိုင်းတယ်။ သေတ္တာကြီးထဲမှာ ပေစာတွေ ပုရပိုက်တွေကို သန့်ရှင်းပြီး စနစ်တကျ ပြန်ထားထိန်းသိမ်းဖို့ပေါ့။

အဲဒီလို ရှင်းနေရင်း မောင်ဉာဏ်ထက်လေးဟာ ရသေ့ဗေဒင်ဆိုတဲ့ ပုရပိုက်လေးကိုတွေ့ရှိပြီး စိတ်ဝင်တစားနဲ့ ဖတ်ရှုတယ်။ ဒါပေမယ့် သူဟာ ဉာဏ်ထက်သူဖြစ်ပေမယ့် စာကို ကောင်းကောင်းနားမလည်ဘဲ ဖြစ်နေပါသတဲ့။ သူက စာကို အသံထွက်ပြီး အော်ဟစ်ဖတ်ရှုကြည့်တယ်။ ဒါပေမယ့် အဆင်မပြေ။ အနီးနားမှာထိုင်ရင်း ကျမ်းစာပြုစုနေတဲ့ ဘကြီးဘုန်းကြီးက "ဟေ့ ဉာဏ်ထက်၊ ပြစမ်း၊ မင်း ဖတ်နေတာ ဌာန်ကရိုင်းလည်း မကျဘူး။ ဖတ်ပြမယ်"လို့ပြောပြီး ပုရပိုက်လွှာကိုယူပြီး အသံမထွက်ဘဲ အရင်ဖတ်လိုက်တယ်။

ပြီးတော့ "အဲဒါ ရသေ့ဗေဒင်ပဲ။ ဒါနဲ့ မင်းကိုမေးရဦးမယ်၊ အခု ငါ့ကျောင်းမှာ ကျောင်းသား ဘယ်နယောက်ရှိတယ်ဆိုတာ ကျောင်းသားအမည်စာရင်း မင်းကောက်ပြီးပြီလား"

"ကောက်ပြီးပါပြီ ဘုရား"

"အေး ကောင်းတယ်။ အဲဒီ အရေအတွက်ကို မပြောနဲ့ မှတ်ထား။ ပြီးတော့ မင်းအသက်ကိုရော မင်းသိလား"

"သိပါတယ် ဘုရား"

"ဟုတ်ပြီ။ အဲဒါလည်း မှတ်ထား။ ငါက အဲဒီ အရေအတွက် မင်းမပြောဘဲနဲ့ ရသေ့ဗေဒင်နည်းသုံးပြီး သိအောင်လုပ်ပြမယ်"လို့ ပြောတယ်။ ပြီတော့မှ ရသေ့ဗေဒင် စာချိုးကို ရွတ်ဖတ်ပြတယ်။

"အိမ်နေကို ပျိုး၊ ထမ်းပိုးထက်လေ၊ ငါးတွေကို နှောက်၊ မြှောက်လေ့မေတ္တာ...၊ ထိုခါနှောဦး၊ ဆတ်သွားဖူးနှင့် အထူးလျှို့ပှက် လူ့အသက်တည့်။ တစ်ချက်ထို့နှောင်၊ နံ့သင့်ဆောင်၍၊ သင့်အောင်ပေါင်းနုတ်၊ ကြိုးအားထုတ်မူ၊





အဟုတ်အမှတ် ထွက်လိမ့်တည်း။"

"အဲဒါ ရသေ့ဗေဒင် တွက်နည်းလင်္ကာပဲ။ ဒီလင်္ကာအတိုင်း ဉာဏ်ထက်ကို ဂဏန်းတွက်ခိုင်းမယ်။ အပေါင်း အနုတ် အမြှောက် အစား တွေတော့ တတ်တယ် မဟုတ်လား"

"အေး... ဟုတ်ပြီ။ စောစော ပြောတဲ့ထဲမှာ ကျောင်းသားစာရင်းရယ်၊ မင်းရဲ့ အသက်ရယ်ကို ဒီ လင်္ကာသုံးပြီး တွက်မယ်။ ဉာဏ်ထက် မပြောဘဲ သိအောင်လုပ်မယ်ဆို ယုံမလား"

"တပည့်တော် မပြောဘဲ သိနိုင်တယ်ဆိုတာ မဖြစ်နိုင်ပါဘုရား"

"ကဲ ဒါဆိုရင် မယုံရင် ယုံအောင် ရသေ့ဗေဒင် ဟောရတာပေါ့။ ကဲ ကဲ ကျောက်သင်ပုန်းတခုယူ၊ ဘုန်းကြီး တွက်ခိုင်းတာကို တွက်ပေတော့။ လင်္ကာထဲမှာပါတဲ့ နေအိမ်ကိုပျိုးဆိုတာက ကျောင်းမှာရှိတဲ့ ကျောင်းသား အရေအတွက်နဲ့ အစပျိုးရမှာကွဲ့။ အဲဒီ အရေအတွက်ကို ဘုန်းကြီးကို မပြောနဲ့ သင်ပုန်းပေါ် ချရေးလိုက်"

မောင်ဉာဏ်ထက်လေးက အရင်နေ့ သူကိုယ်တိုင် ကောက်ယူရရှိခဲ့တဲ့ ကျောင်းသား အရေအတွက် ၄၅ ဂဏန်းကို ချရေးလိုက်တယ်။

"ရေးပြီးပြီလား၊ ရေးပြီးပြီဆိုရင် ထမ်းပိုးတက်လေလို့ ဆိုတာကြောင့် အဲဒါကို နှစ်ဆပြု၊ ဆိုလိုတာက ၄ ယောက် ဆို ၈ ယောက်၊ ၁၀ ယောက် ဆို အယောက် ၂၀ လုပ်ဖို့ ပြောတာ"

မောင်ဉာဏ်ထက်က ၄၅ ရဲ့ နှစ်ဆ ၉၀ ကို ရေးလိုက်ပြန်တယ်။

"ကဲ အဲဒီ နှစ်ဆ လုပ်ထားတဲ့ ဂဏန်းမှာ လင်္ကာမှာပါတဲ့ ငါးတွေကို နှောက်လို့ ဆိုတာကြောင့် ၅ ဂဏန်း ပေါင်းထည့်လိုက်"

မောင်ဉာဏ်ထက်က ၉၅ လို့ ရေးလိုက်ပြန်တယ်။ "အဲဒီ ပေါင်းလို့ရတဲ့ ဂဏန်းကို လင်္ကာက ပြောတဲ့အတိုင်း မြှောက်လေ့မေတ္တာဆိုတော့ မေတ္တာနဲ့ မြှောက်ရမှာကွဲ့။ မေတ္တာဆိုတာ (မ) အက္ခရာ ကြာသပတေးနံ ၅ နဲ့ (တ)

အက္ခရာ၊ စနေနံ (သုည)၊ နှစ်ခုတွဲလိုက်တော့ ၅၀။ ဒါကြောင့် စောစောက ပေါင်းထားတဲ့ ဂဏန်းကို ၅၀ နဲ့ မြှောက်လိုက်ကွဲ့”

မောင်ညဏ်ထက်လေးက ၉၅ ကို ၅၀ နဲ့ မြှောက်လိုက်တော့ ၄၇၅၀ ရတယ်။

“မြှောက်ပြီးပြီးလား”

“ပြီးပါပြီ ဘုရား”

“ဟုတ်ပြီ ဒါဆိုရင် အဲဒီ မြှောက်လို့ရတဲ့ ဂဏန်းထဲကို လင်္ကာမှာပါတဲ့ ထိုခါနှော့ဦး၊ ဆပ်သွားဖူးလို့ ဆိုတာကြောင့် ဆတ် (၃)၊ သွား (၆)နဲ့ ဖူး (၅) တနည်းအားဖြင့် ၃၆၅ ကို ပေါင်းလိုက်ဦးကွယ့်”

မောင်ညဏ်ထက်က ၄၇၅၀ ကို ၃၆၅ ပေါင်းထည့်လိုက်တော့ ၅၁၁၅ ရတယ်။

“ပြီးပြီလားဟေ့။ ကဲ… ကောင်းပြီ။ အထူးလျှို့ဝှက် လူ့အသက်တည့်လို့ လင်္ကာကဆိုတာကြောင့် မောင်ညဏ်ထက်ရဲ့ အသက်လည်း အဲဒီထဲကို ဘုန်းဘုန်းမသိအောင် ပေါင်းထည့်လိုက်ပါဦး”

မောင်ညဏ်ထက်က သူ့အသက် ၁၂ ကို ပေါင်းထည့်လိုက်တော့ ၅၁၂၇ ရတယ်။

“ကဲ… အဖြေထွက်တော့မယ်နော်။ လင်္ကာက ပြောတဲ့အတိုင်း တစ်ချက် ထို့နောင်၊ နံသင့်ဆောင်၍၊ သင့်အောင်ပေါင်းနုတ်လို့ ဆိုတာကြောင့် (သင့်အောင်ပေါင်း) ဆိုတာက နေ့နံအရ ၆၁၅ ဖြစ်တယ်။ ဒါကြောင့် စောစောက ရထားတဲ့ ဂဏန်းထဲကနေ ၆၁၅ ကို နုတ်လိုက်စမ်း”

မောင်ညဏ်ထက်က ၅၁၂၇ ထဲကနေ ၆၁၅ ကို နုတ်လိုက်တော့ ၄၅၁၂ ဂဏန်းကို ရတယ်။

“နုတ်ပြီးပြီလားဟေ့…၊ ပြောစမ်း။ ဘယ်လောက်ရလဲ”

“နုတ်ပြီးပါပြီ ဘုရား၊ ၄၅၁၂ ရပါတယ် ဘုရား”





“ဒါဆိုရင် ဘုန်းဘုန်းကြီး မောင်ညဏ်ထက်ကို စာရင်း အကောက်ခိုင်း ထားတဲ့ ကျောင်းသား ဦးရေက ၄၅ ယောက်ဖြစ်ပြီး မောင်ညဏ်ထက်ရဲ့ အသက်က ၁၂ နှစ် ဖြစ်တယ်။ မှန်ရဲ့လား”

“မှန်ပါတယ် ဘုရား၊ အတိအကျပါပဲ။ ဘယ်နယ်လုပ် သိတာပါလဲ ဘုန်းဘုန်း”

“စောစော ဘုန်းဘုန်းကြီး ရွတ်ပြတဲ့ လင်္ကာလေးအတိုင်း ရသေ့ဗေဒင် တွက်တာပဲ။ အဲဒီလင်္ကာလေးကို အလွတ်ရအောင်ကျက်ထား။ ရသေ့ဗေဒင် တွက်လို့ရပြီ။ ဟောလို့ရပြီ”

မောင်ညဏ်ထက်လေးဟာ အထက်မှာ ဖော်ပြခဲ့တဲ့ ရသေ့ဗေဒင် လင်္ကာလေးကို အလွတ်ရွတ်ဆိုပြီး သူ့သူငယ်ချင်းတွေအိမ်မှာ လူဘယ်နှစ်ဦး ရှိတယ်၊ သူ့ အသက် ဘယ်လောက်ဖြစ်တယ်ဆိုတာ ရသေ့ဗေဒင်တွက်ပြီး ပြောနိုင်သတဲ့။ ကလေးတို့လည်း အဲဒီ လင်္ကာလေးအတိုင်း ဗေဒင်တွက်ကြည့် ပေါ့ကွယ်။

## အခန်း(၁၄)

မိဘတွေအနေနဲ့ ကလေးကို ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချသူဖြစ်ဖို့ သွန်တဲ့နေရာမှာ ဥပမာ ပုံပြင်လေးတွေနဲ့ သင်ကြားပေးတာ အထိရောက်ဆုံးပါ။ ငါ့သား ငါ့သမီး ရိုးရိုးသား ပြုမူနေထိုင်ရမယ်နော်လို့ ပြောဆိုဆုံးမတာတွေ ရှိပါတယ်။ လိုရင်းကတော့ သားသမီးတွေ ရိုးသားဖို့ပေါ့။ ဒါပေမယ့် ကလေးတွေအနေနဲ့ ဘယ်လိုရိုးရိုးသားသား ပြုမူရမှာလဲ ဆိုတာတော့ မသိဘဲ နားမလည်ဘဲ ဖြစ်နေတတ်ပါတယ်။ ဒါကြောင့် ပုံပြင်လေးတွေနဲ့ စိတ်ဓာတ်ကို မြှင့်တင်ယူဖို့ပါ။

Unnecessary Doubts

Once, a boy and a girl were playing together.

The boy had a collection of marbles. The girl had some sweets with her.

The boy told the girl that he will give her all his marbles in exchange for her sweets. The girl agreed.

The boy kept the biggest and the most beautiful marble aside and gave the rest to the girl. The girl gave him all her sweets as she had promised.

That night, the girl slept peacefully.

But the boy couldn't sleep as he kept wondering if the girl had hidden some sweets from him the way he had hidden his best marble.

If you don't give your hundred percent in a relationship, you'll always keep doubting if the other person has given his/her hundred percent.

ပုံပြင်လေးထဲမှာပါတဲ့ ကလေးတို့ မသိသေးတဲ့ စကားလုံးတွေကို လေ့လာ ကြည့်ခိုင်းပါ။

Marble ဆိုတာ ဂေါ်လီလုံး။

Sweets ဆိုတာ ချိုချဉ်

Exchange ဆိုတာ လဲလှယ်သည်။ (Exchange, exchanged, exchanged, exchanging)

Agree ဆိုတာ သဘောတူသည်။ (Agree, agreed, agreed, agreeing)

Keep ဆိုတာ သိမ်းဆည်းသည်။ ဒီနေရာမှာ သိုဝှက်သည်။ (keep, kept, kept, keeping)

Promise ဆိုတာ ကတိပေးသည်။ (promise, promised, promised,





promising)။ ဒီနေရာမှာ promised ဆိုတာ ကတိပေးထားသောလို့ ဆိုတဲ့ Adj: ပုံစံ သုံးထားတာ ဖြစ်တယ်။)

Peacefully ဆိုတာ ငြိမ်းချမ်းစွာ

Sleep ဆိုတာ အိပ်စက်သည်။ (Sleep, slept, slept, sleeping)

Hide ဆိုတာ ဝှက်ထားသည်။ (hide, hid, hidden, hiding)။ ဒီနေရာမှာ hidden ဆိုတာ ဝှက်ထားသောလို့ဆိုတဲ့ Adj: ပုံစံသုံးတာ ဖြစ်တယ်။) စသဖြင့် ရှင်းပြရပါမယ်။ ဘာသာစကားကိုလည်း သင်ပြီးသားဖြစ် အကျင့် စာရိတ္တကိုလည်း မြှင့်တင်ပြီး ဖြစ်သွားမှာပါ။

တခါတုန်းက ကောင်လေးတယောက်နဲ့ မိန်းကလေးတယောက်တို့ အတူတူ ကစားနေကြသတဲ့။

ကောင်လေးမှာတော့ ဂေါ်လီလုံးတွေ အများကြီးရှိတယ်၊ မိန်းကလေး ငယ်မှာတော့ ချိုချဉ်တွေ အများကြီး ရှိနေတယ်ကွဲ့။

ကောင်လေးက သူ့ရဲ့ ဂေါ်လီလုံးတွေနဲ့ မိန်းကလေးရဲ့ ချိုချဉ်တွေ အလဲအလှယ်လုပ်ကြဖို့ ပြောတော့ မိန်းကလေးငယ်ကလည်း အလဲအလှယ် လုပ်ဖို့ သဘောတူတယ်ကွဲ့။

ဒါပေမယ့် ကောင်လေးက သူ့ရဲ့ အကောင်းဆုံးနဲ့ အလှဆုံးဂေါ်လီလုံး တလုံးကိုချန်ထားပြီး ကျန်တဲ့ဂေါ်လီလုံးတွေကို ကောင်မလေးကို ပေးလိုက် သတဲ့။ ကောင်မလေးကတော့ သူတို့ သဘောတူထားတဲ့အတိုင်း သူမရဲ့ ချိုချဉ်တွေအားလုံးကို ကောင်လေးကို ပေးလိုက်တယ်ကွဲ့။

အဲဒီညမှာတော့ ကောင်မလေးက ဂေါ်လီလုံးလေးတွေနဲ့အတူ ငြိမ်းငြိမ်း ချမ်းချမ်း အိပ်ပျော်သွားတော့တယ်။ ဒါပေမယ့် ကောင်လေးကတော့ ကောင်းကောင်း အိပ်မပျော်ဘဲ... ကောင်မလေးက သူဂေါ်လီလုံးတွေ ချန်ထားသလို ချိုချဉ်တချို့မပေးဘဲ ချန်ထားနေမလားဆိုတဲ့ အတွေးနဲ့ သံသယဝင်ပြီး အိပ်မပျော်နိုင်အောင် တွေးနေမိသတဲ့။

ဒီပုံပြင်လေးကို လေ့လာရင် တကယ်လို့ လူတယောက်ဟာ တခြားလူတယောက်နဲ့ ဆက်ဆံတဲ့အခါမှာ တစုံတရာ မရိုးသားမှုရှိနေမယ်ဆိုရင်…၊ သို့မဟုတ် အပြည့်အဝ ရိုးသားမှုမရှိဘူးဆိုရင်…၊ တခြားသူကလည်း သူ့လိုပဲ ရိုးသားမှုမရှိနိုင်ဘူးလို့ သံသယတွေ ဖြစ်နေတတ်တယ်…ဆိုတဲ့ အကြောင်းကို ကလေးတွေကို ရှင်းပြရမှာပါ။

"ဒီပုံပြင်ကိုဖတ်ပြီး မင်းတို့ ဘာတွေတွေးမိသလဲ၊ မြင်မိသလဲ၊ ဘာတွေ ရှောင်ဖို့၊ ဘာတွေဆောင်ဖို့ သိကြသလဲ။ အဲဒီအကြောင်း ပြောပြကြ"လို့လည်း ကလေးတွေရဲ့ စဉ်းစားဉာဏ်ရည်ကို မြှင့်တင်ဖို့ မေးခွန်းလည်း မေးရမှာပါ။

သူတို့ ပြန်ဖြေတဲ့အပေါ်မူတည်ပြီး ထပ်ဆင့် အသိပေးသင့်တာက ရိုးသားမှု(honesty)၊ ရိုးရှင်းမှု(simplicity)၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု (self-confidence)၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားမှု(self-value)နဲ့ အပြန်အလှန်ယုံကြည်မှု(trusteeship) စတဲ့ အကြောင်းတွေကိုလည်း အလျဉ်းသင့်သလို ပြောပြပေးသွားဖို့ပါ။





## အခန်း(၁၄၊ က)

### ကလေးနှင့်အနုပညာ

မိဘတွေအနေနဲ့ ကလေးကို ငယ်စဉ်ကတည်းက အနုပညာနဲ့ သို့မဟုတ် အနုပညာဖန်တီးမှုနဲ့ ထိတွေ့စေဖို့ စီစဉ်ပေးသင့်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ဒီစာအုပ်ရဲ့နိဒါန်းမှာ ဖော်ပြခဲ့သလို မိဘတွေက သားသမီးတွေကို ပေးတဲ့ အရာတွေထဲမှာ (H)သုံးလုံး ဖြစ်ပါတယ်။ အဲဒီ အထက်လည်း အများကြီး ပိုနိုင်ပါသေးတယ်။ အခြေခံကျတဲ့ အဲဒီ H သုံးလုံးက Healthy (ကျန်းမာရေး), Happiness(ပျော်ရွှင်ရေး), နဲ့ Habitability(လူ့အသိုက်အဝန်းမှာ ပါဝင်ရှင်သန်နိုင်ရေး)တို့ ဖြစ်တဲ့အကြောင်း အစောပိုင်း အခန်းတွေမှာ ပြောပြခဲ့ပါတယ်။

ကိုယ့်သားသမီး ကျန်းမာဖို့အတွက် မိဘတွေလိုလားသလို ပျော်ရွှင်စေချင်တာလည်း မိဘတိုင်းရဲ့ အနိုင်းမဲ့ လိုလားချက်ပါ။ ဒါပေမယ့် လူ့

အသိုက်အဂန်းမှာ ပါဂင်ရှင်သန်ခွင့်ကိုကျတော့ မိဘတွေ စဉ်းစား သတိမူမိတာ နည်းနေတတ်ပါတယ်။

တကယ်တော့ လူ့အသိုက်အဂန်းမှာ ပါဂင်ရှင်သန်နေထိုင်နိုင်ဖို့ ဆိုတာက အသိပညာ၊ အတတ်ပညာ လေ့လာသင်ယူမှတ်သားနိုင်မှသာ ဖြစ်မှာပါ။ အင်္ဂလိပ်လို Habitable ဆိုတာက Suitable to live in. လို့ အောက်စဖို့ဒ်အဘိဓာန်မှာ ဖွင့်ဆိုပါတယ်။ ပါဂင်ပေါင်းစည်း ရှင်သန်နေထိုင်နိုင်သောလို့ ကောက်ယူရမှာ ဖြစ်ပါတယ်။ ဒါကြောင့် Habitability ကို ပါဂင်ရှင်သန်နိုင်ခြင်းလို့ ပြောတာပါ။

အဲဒီလို လူ့အဖွဲ့အစည်းအတွင်း ပါဂင်ပေါင်းစည်း ရှင်သန်နေထိုင်နိုင်ဖို့ဆိုရင် အသိပညာ ဉာဏ်အလိမ္မာက ဦးဆောင်နိုင်မှ ဖြစ်မှာပါ။ အသိပညာ ဉာဏ်အလိမ္မာတွေ ရစေဖို့ဆိုရင် မိဘတွေက နေရာတိုင်း၊ ရှုထောင့်တိုင်းမှာ ကလေးငယ်ကို သွန်သင်ပေးနိုင်ဖို့အတွက် ရည်ရွယ်ပြောပြတာ ဖြစ်ပါတယ်။

အဲဒီ လူ့အဖွဲ့အစည်းအတွင်း ပါဂင်ပူးပေါင်း ရှင်သန်နေထိုင်နိုင်ဖို့နဲ့ ပတ်သက်ပြီး နည်းနည်းပြောပြချင်ပါတယ်။ လူ့အဖွဲ့ အစည်းအတွင်း ပူးပေါင်းပါဂင်ရှင်သန်နေထိုင်နိုင်ဖို့ အတွက် မသိမဖြစ် သိမြင်နေရမှာက ညီညွတ်ခြင်း မျှတခြင်း ပေါင်းစည်းခြင်းဆိုတဲ့ အချက်တွေနဲ့ ညီညွတ်ဖို့ ဖြစ်ပါတယ်။ ဒီသဘောတရားကို အနုပညာ ဖန်တီးမှုနဲ့ အနုပညာ အလုပ်တွေမှာပဲ အများဆုံးတွေ့နိုင်မှာ ဖြစ်တယ်။

ဥပမာ - ပန်းချီကားတချပ်ကို လေ့လာကြည့်မယ်ဆိုရင် Vertical နဲ့ Horizontal ၊ အရောင်တွေ၊ Line တွေ၊ Tone တွေ ညီညွတ်နေဖို့၊ မျှတနေဖို့နဲ့ Contrast ဖြစ်နေပေမယ့် သူတို့ အချင်းချင်း ပေါင်းစည်းနေဖို့ စတဲ့ အချက်တွေကို ပန်းချီဆရာက ထည့်သွင်းစဉ်းစားပြီးမှ ဖန်တီးယူရတာ ဖြစ်တယ်။ ဒါက ပထမဆုံး အချက်ပါ။

နည်းနည်းပိုပြီး အသေးစိတ်ပြောရရင် Brushwork တွေ၊ Knife-work





တွေနဲ့ ပန်းချီဆရာရဲ့ စိတ်တွင်းခံစားမှုကို ဖွင့်ထုတ်ပြနိုင်ဖို့ ကြိုးစားရပါတယ်။ အဲဒီလို ဖန်တီးထားတဲ့ ပန်းချီကားကနေ ကြည့်ရှုသူကို တစုံတရာ အတွေးစိတ်ကူး ရစေတယ်၊ ပေါင်းစည်းခံစား တွေးတောစေမယ်ဆိုရင်တော့ ဒါဟာ တကယ့်ကို အနုပညာမြောက် ဖန်တီးမှုပါပဲ။

ဒါက ပန်းချီကားနဲ့ပတ်သက်ပြီး အနုပညာမြောက်မှုနဲ့ ပတ်သက်ပြီး ပြောတာပါ။ တခြားသော စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်၊ ကာတွန်း၊ ပန်းချီ၊ ပန်းပု စတဲ့ အနုပညာအမျိုးမျိုးဟာလည်း ဒီသဘောအတိုင်း ဖန်တီးယူကြရပါတယ်။

တနည်းအားဖြင့် အနုပညာက လူသားတွေရဲ့ စိတ်အခံကို အားပေးပေါင်းစည်းပေးတာ ဖြစ်ပါတယ်။ ဒါကြောင့် မိဘတွေအနေနဲ့ အနုပညာ ဖန်တီးမှု မလုပ်တတ်ရင် ရှိပါစေ… ကလေးတွေကိုတော့ အနုပညာနဲ့ နီးစပ်ဖို့၊ အနုပညာ ဖန်တီးမှုတွေနဲ့ ထိစပ်ဖို့ လမ်းသွယ်ပေးဖို့ လိုပါတယ်။

ဘယ်လို လမ်းသွယ်ရမလဲဆိုတော့ ကလေးငယ် စိတ်ဂင်စားတဲ့ နယ်ပယ်တခုခု၊ ဥပမာ အဆိုတော် ဖြစ်ချင်တဲ့ကလေး ဆိုပါတော့...၊ ကလေးကို အဆိုတော်လောကနဲ့ အဆိုတော်ဂန်းကျင်နဲ့ မဖြစ်မနေ ထိစပ်နီးကပ်ဖို့ မိတ်ဆက်ပေးရမှာပါ။

အဲဒီလို မိတ်ဆက် ထိစပ်စေခြင်းအားဖြင့် ကလေးအနေနဲ့ ဂန်းကျင်သစ်ရဲ့ အထိအတွေ့သစ်ကို လေ့လာစူးစမ်းပြီး သူများတွေ ဘယ်လိုလုပ်တယ်၊ ဘယ်လိုဖန်တီးတယ်ဆိုတာ သိမြင်လာပြီး ကိုယ်တိုင်ဖန်တီးမယ်ဆိုရင် ဘယ်လို လုပ်မယ်ဆိုတာ တွေးတောသိမြင်လာစေနိုင်ပါတယ်။

တခါတလေ အဲဒီလို မိတ်ဆက်ပေးရာမှာ ဖြစ်တတ်တာက ကလေးအတွက် သိမ်ငယ်စိတ်ဂင်သွားစေတာမျိုးပါ။ သူလို အရွယ်တူကလေးတဦးက အနုပညာဖန်တီးမှု၊ သီဆိုမှု၊ ကပြမှု စသဖြင့် တခုခုကို ထူးထူးချွန်ချွန် လုပ်ဆောင်နိုင်တာကိုတွေ့ပြီး သူကတော့ ဘာမှ မလုပ်တတ်ပါလားဆိုပြီး

သိမ်ငယ်စိတ် ဖြစ်သွားတတ်တာမျိုးပေ့ါ။

တကယ်လို့ မိဘတွေက "ကဲ ကြည့်စမ်း သား၊ ကြည့်စမ်း သမီး၊ မင်းနဲ့ အရွယ်တူလောက်ပဲ ရှိသေးတယ်၊ အရမ်းတော်တာပဲနော်။ မင်းလည်း ဖြစ်အောင်လုပ်နော်"ဆိုပြီး မပြောရပါဘူး။ အဲသလို နှိုင်းယှဉ်ပြောပြတာဟာ ကလေးကို မြင့်စေလိုလို့ ပြောတာမှန်ပေမယ့် ကလေးဘက်မှာကျတော့ သူ့ရဲ့ အားနည်းချက်ကိုပဲ မြင်နေစေနိုင်ပါတယ်။

အဲဒီလိုမျိုး ပြောတဲ့စကားကို "ဖိတွန်း" တွန်းတင်ပေးတာလို့ ခေါ်ပါတယ်။ တွန်းတော့ တွန်းတင်ပေးတာပဲ၊ သို့ပေမယ့် တဖက်က ဖိထားသလိုမျိုး ဖြစ်နေပါတယ်။ "ဖိတွန်း" အတွန်းခံရတဲ့ ကလေးတယောက်ရဲ့ စိတ်ခံစားမှု ဘယ်လို ရှိနေမလဲဆိုတာ စဉ်းစားကြည့်ပါ။

ကလေးငယ်ဟာ နောင်တပူပန်တွေဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် မကျေမနပ် ဖြစ်နေနိုင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် မကျေနပ်တဲ့ကလေးဟာ ပတ်ဝန်းကျင် ကိုလည်း မကျေနပ်နိုင်ပါဘူး။ ကိုယ့်ကိုယ်ကိုယ်ရော ပတ်ဝန်းကျင်ကိုပါ မကျေနပ်တဲ့ကလေးဟာ လူ့အဖွဲ့အစည်းအတွက်လည်း ကျေနပ်မှာမဟုတ်တဲ့ အပြင် တခြား မခန့်မှန်းနိုင်တဲ့ ဆိုးကျိုးသက်ရောက်မှုတွေ ဖြစ်လာနိုင်ပါတယ်။

ဒါကြောင့် ကလေးကို အားပေးတဲ့အခါမှာ မိဘတွေအနေနဲ့ ကိုယ့် ကလေးကိုပြောပြရမှာက "အဲဒီကလေးက လေ့ကျင့်တာတွေ များများလုပ်လို့ ကွဲ့။ ငါ့သား ငါ့သမီးလည်း ကိုယ်တကယ် လုပ်ချင်တာကို အဆက်မပြတ် လေ့ကျင့်ရင်ရတယ်နော်။ သားတို့သမီးတို့ တကယ့် ကျွမ်းကျင်အောင် လေ့ကျင့်ထားရင် ဒီလိုပဲ ဖျော်ဖြေနိုင်မှာ ဖြစ်တယ်ကွဲ့"လို့ အကြံပေးစကား၊ နှစ်သိမ့်တဲ့စကားကို ပုံမှန် ပြောရိုးပြောစဉ်အတိုင်း ပြောပြရမှာ ဖြစ်တယ်။

ဒီလိုမျိုး ပြောတဲ့စကားကိုတော့ "ဖွတွန်း"လို့ ခေါ်ရမယ် ထင်ပါတယ်။ ကလေးငယ်ရဲ့ ပေ့ါလျော့နေတဲ့ လေ့ကျင့်မှုကို မီးမောင်းထိုးပြပြီး၊ လေ့ကျင့်မှု များများလုပ်ခြင်းက အများအလယ်မှာ တင့်တယ်နိုင်တယ်ဆိုတာ မပြောဘဲနဲ့





သူ့ကိုယ်သူ သိမြင်လာစေလို့ပါပဲ။ အဲဒီအခါမှာ ကိုယ့်ရဲ့ကလေးငယ်ကို တွန်းအားပေးရာရောက်ပြီး ထိရောက်တဲ့သွန်သင်မှု ဖြစ်မှာဆိုတာ မိဘတွေ သတိပြုစေလိုပါတယ်။

တကယ်တော့ လူကြီးဖြစ်ဖြစ် ကလေးဖြစ်ဖြစ် လူတိုင်းဟာ ကိုယ့်မှာ ရှိနေတဲ့ အားသာချက်ကိုမမြင်ကြဘဲ ကိုယ့်မှာမရှိတဲ့ အားနည်းချက်ကိုပဲ မြင်မြင်နေတတ်ကြပါတယ်။ ဒါကြောင့် ကိုယ့်ရဲ့ အားသာချက်နဲ့ ကိုယ့်ကိုယ်ကိုယ်မြင်ပြီး အဲဒီအားသာချက်ကို သူ့ဘဝအတွက် အကောင်းဆုံး အသုံးချနိုင်အောင် လမ်းသွယ်တွန်းတင် ပေးသွားရမှာ ဖြစ်တယ်။

# အခန်း(၁၄၊ ခ)

## ကလေးတွေနဲ့ဆက်ဆံရေး

မိဘနဲ့ကလေး ဆက်ဆံရေးအပြင် ဆရာနဲ့ကလေး ဆက်ဆံရေးတွေနဲ့ ပတ်သက်ပြီး ၁၉၉၄ ခုနှစ်ထုတ် သင့်ဘဝမဂ္ဂဇင်း မျက်နှာဖုံးဆောင်းပါး တပုဒ်ကို ပြန်လည်ကောက်နုတ် မျှဝေချင်ပါတယ်။ ရေးသားသူက ဆရာ မောင်သစ်ဆင်းပါ။ မူရင်းဆောင်းပါးရဲ့ ခေါင်းစဉ်က "တုတ်တစ်ချောင်း၏ အတ္ထုပ္ပတ္တိ" ဖြစ်ပါတယ်။

အစပိုင်းမှာ တင်ပြခဲ့သလို မိဘတွေ ဂုဏ်ယူရတဲ့ သားလေး သမီး လေးတွေဖြစ်အောင် ပြောဆိုဆုံးမတဲ့နေရာမှာ နည်းလမ်းကျဖို့ မှန်ကန်ဖို့ လိုပါတယ်။ မိဘတွေကိုယ်တိုင်က အထက်စီးဆန်ဆန် ဆုံးမတာမျိုးက ဆုံးမ ရာမရောက်တဲ့အပြင် နှိပ်စက်ရာရောက်ပါတယ်။ အဲဒါထက် ပိုဆိုးတာက သားသမီးရဲ့ စိတ်ဓာတ်အညွန့်ကို ချိုးပစ်လိုက်သလို ဖြစ်နေတာပါ။ ကဲ

ဆောင်းပါးရဲ့ ဇာတ်ကွက်လေးတခုကို ကြည့်ကြရအောင်ပါ။

## ကလေးကြောင့်လား၊မိဘကြောင့်လား

ကလေးငယ်သည် လွယ်အိတ်ကို ပွေ့ယမ်းလျက် အိမ်ရှိရာသို့ အပြေးလာနေ၏။ လမ်းတွင်တွေ့သမျှ ရေအိုင်ငယ်၊ ရွံ့ကွက်ငယ်တို့ လွှားခနဲလွှားခနဲကျော်၍ လာသည်။ သူ့မျက်နှာမှာ အပျော်ဖြင့် ဝင်းပနေ၏။ အိမ်သို့ မြန်မြန် သူ ပြန်ရောက်ချင်လှပြီ။ သူ့အောင်မြင်မှုကို မိဘနှစ်ပါးအား ပြောပြချင်လှပြီ။ အားရဝမ်းသာ ဖြစ်သွားကြမည့် မိဘတို့၏ ပီတိမျက်နှာကို မြင်ချင်လှပြီ။

"ဒါမှ ငါ့သားကွ"ဟူသော အဖေ၏ ချီးမွမ်းသံကို ကြားချင်လှပြီ။ ပြုံးရယ်လျက်ရှိသော အမေ၏ အနမ်းနွေးနွေးကို ခံယူချင်လှပြီ။ ကလေးငယ်သည် ခြေလှမ်းကို အရှိန်ပိုမြှင့်လိုက်၏။ ရှေ့မှာ အိမ်ကို မြင်နေရပြီ။

အိမ်ရှေ့တွင် စိုက်ပျိုးထားသည့် တပေခွဲခန့်မြင့်သော ပုဏ္ဏရိပ်ပင်တန်းကို သူ ခုန်ကျော်လိုက်၏။ ခါတိုင်း ဘယ်လိုမှမလွတ်ဘဲ သစ်ခက်သစ်ညွှန့်တို့ကို ခြေဖျားဖြင့် ခတ်မိမြဲဖြစ်သော်လည်း ယနေ့အဖို့ လုံးဝ ကျွတ်ကျွတ်လွတ်လွတ်ဖြစ်သွားသည့်အခါ သူ အံ့သြသွားလေသည်။ သို့ရာတွင် သူသည် ကြာကြာမအံ့သြနိုင်ဘဲ အိမ်ပေါ်သို့ တဒုန်းဒုန်း ပြေးတက်ခဲ့သည်။ ပါးစပ်ကလည်း "အဖေရေ.... အမေရေ" ဟု အော်ခေါ်လာခဲ့၏။

အဖေသည် ဧည့်ခန်းထဲက ပက်လက်ကုလားထိုင်မှာ ထိုင်နေသည်။ ဆူညံစွာ ပြေးတက်လာသည့် သားဖြစ်သူကို မျက်မှောင်ကုတ်၍ ကြည့်နေ၏။ ကလေးသည် ဖခင်ကိုမြင်သောအခါ အပြေးကလေး ချဉ်းကပ်သွားလေသည်။

"အဖေ... ကျွန်တော် စာမေးပွဲ အောင်တယ်ဗျ၊ သိလား..."

"ဟင်... ဟုတ်လား၊ တယ်တော်ပါလား၊ လာစမ်းပါဦးကွ"

အနီးသို့ရောက်သည်နှင့် အဖေ၏ လက်တဖက် မြောက်တက်သွား





သည်ကို မြင်လိုက်ရ၏။ မရှေးမနှောင်းပင် ဖြန်းခနဲအသံနှင့်အတူ သူ့နားရင်းမှာ ပူခနဲ ခံစားလိုက်ရပြီး မျက်စေ့ထဲတွင် ဝင်းခနဲ ဖြစ်သွား၏။ ကလေးငယ်၏ ဦးခေါင်းသည် ရှေ့သို့ စိုက်ခနဲ ကျသွားတော့သည်။

မယုံနိုင်စွာ၊ ထို့နောက် ထိတ်လန့်စွာ မော့ကြည့်မိသောအခါ အဖေ၏ အနီရောင်မျက်နှာကို မြင်လိုက်ရသည်။

"အောင်ရုံနဲ့ ဘာလုပ်ရမှာလဲ"

ကလေးငယ်သည် ပါးစပ်အဟောင်းသား၊ မျက်လုံးအပြူးသားနှင့် မော့ကြည့်နေ၏။ နှုတ်ခမ်းများ တုန်လှုပ်စပြုလာသည်။

"ဟော့ကောင်း... ငါမေးနေတယ်လေ။ အောင်ရုံနဲ့ မင်း ဘာလုပ်မှာလဲ"

ကလေးဆီမှ ဖြေသံအစား ရှိုက်သံတစ်ချက် ထွက်လာ၏။ အဖေသည် ဗီရိုပေါ်က ကြိမ်လုံးကို ဆွဲယူလိုက်သည်။

"မေးမနေပါနဲ့ ရှင်...၊ ဒီလောက် အဆော့မက်နေမှတော့ ထိပ်ဆင့် ဘယ်ရိုတ်ပါ့မလဲ။ ပြောစမ်း... ပထမက ဘယ်သူရသလဲ၊ မေမီစိုးမဟုတ်လား"

အိမ်ခန်းထဲမှ ထွက်လာသော မိခင်ဖြစ်သူ၏ အသံဖြစ်သည်။ မျက်ရည်ပေါက်ပေါက် ကျနေပြီဖြစ်သော ကလေးငယ်က ခေါင်းညိတ်လိုက်သည့်အခါ အမေက တချက်မဲ့လိုက်၏။

"ဟင်း... သူ့ အမေနဲ့ ဈေးထဲတွေ့ရင် တမင်စကားစပ်ပြီး ကြွားဦးမှာ၊ သူများ ကြွားတာ ခံရဦးမယ်။ တောက်..."

"ကိုင်း... လာခဲ့စမ်း၊ ဟိုဘက်လှည့်..."

တင်ပါးပေါ်သို့ ကျရောက်လာတော့မည့် ကြိမ်လုံးကို အသက်အောင့် စောင့်လင့်နေရတော့သည့် ကလေးငယ်၏ မျက်လုံးများမှာ အရောင်မဲ့မျက်လုံးသေများ ဖြစ်နေလေသည်။

မေးခွန်း - ကလေးငယ်မှာ မိမိကိုယ်ကို ယုံကြည်စိတ်၊ မိမိကိုယ်ကို တန်ဖိုးထားစိတ် နည်းပါးသွားပြီး ညံ့သည်ထက်ညံ့လာလျှင် ကလေးကြောင့်

ပါလား... မိဘကြောင့်ပါလား။

မိဘတွေအနေနဲ့ သားသမီးကို ဆုံးမတဲ့အခါ အထက်ပါ ဖြစ်စဉ်မျိုး အများအပြား ရှိနေပါတယ်။ အထူးသဖြင့် အရှေ့တိုင်းနိုင်ငံတွေမှာ အတွေ့ရများပါတယ်။ တကယ်တော့ မိဘမေတ္တာဆိုပြီး ပြောဆိုကြပေမယ့် အမှန်က မိဘအတ္တသာ ဖြစ်နေတတ်ပါတယ်။

အထက်ပါ ဇာတ်ကွက်လေးကိုကြည့်ရင် မိဘဆိုပြီး အသာစီး ယူထားတယ်၊ မေတ္တာတရားနဲ့ ဆုံးမတယ်ဆိုပြီး အကာအကွယ် ယူထားတယ်၊ နောက်ပြီး မိဘတွေက ကိုယ်ဂုဏ်သိက္ခာအတွက်ပဲ စဉ်းစားကြတယ်ဆိုတာ တွေ့နိုင်ပါတယ်။

"မကောင်း မြစ်ထာ၊ ကောင်းရာ ညွှတ်လတ်

အတတ်သင်စေ၊ ပေးဝေနှီးရင်း

ထိမ်းမြားခြင်းလျှင်၊ ဂတ်ငါးအင်

ဖခင်မယ်တို့တာ"ဆိုတဲ့ မိဘဂတ်ကို မှတ်မိကြမယ် ထင်ပါတယ်။ သားသမီးကို ဆိုဆုံးမရာမှာ အဲဒီ မိဘဂတ်နဲ့ရော ညီညွတ်ပါရဲ့လား။

စာမေးပွဲအောင်တယ်၊ ပထမ မရဘူး၊ ဒါကြောင့် သားသမီးကို ရိုက်နှက်ဆုံးမတယ်ဆိုတာ မဖြစ်ထိုက် မဖြစ်သင့်တဲ့ ကိစ္စပါ။ တကယ် ဖြစ်သင့်တာက စာမေးပွဲအောင်တယ်ဆိုရင် အောင်မြင်တဲ့အတွက် အသိအမှတ်ပြုမှု မိဘက ပေးရမှာဖြစ်တယ်။ ပြီးတော့ အောင်ရုံနဲ့တော့ ကျေနပ်မနေနဲ့ဦး သားရေ... သားပထမရမှ ဂုဏ်ဆောင်နိုင်မှာကွဲ့။ ဒီတခါတော့ အောင်ရုံပဲ ရှိစေတော့၊ နောက်တခါဆိုရင် သား ပထမရအောင် ကြိုးစားကွာလို့ အားပေးနှစ်သိမ့် ပြောရမှာပါ။





အခန်း(၁၄၊ ဂ)

## ကလေးတွေနဲ့ဆက်ဆံရေး(၂)

မိဘတွေ ဂုဏ်ယူရတဲ့ သားလေး သမီးလေးတွေ ဖြစ်အောင် ပြောဆိုဆုံးမတဲ့နေရာမှာ နည်းလမ်းကျဖို့ မှန်ကန်ဖို့လိုပါတယ်။ ဆရာ ဆရာမတွေကိုယ်တိုင်က အထက်စီးဆန်ဆန် ဆုံးမတာမျိုးက ဆုံးမရာမရောက်တဲ့အပြင် နိုပ်စက်ရာရောက်ပါတယ်။ အဲဒါထက် ပိုဆိုးတာက သားသမီးရဲ့စိတ်ဓာတ်အညွန့်ကို ချိုးပစ်လိုက်သလို ဖြစ်နေတာပါ။ ကဲ ဒုတိယ ဇာတ်ကွက်လေးတခုကို ကြည့်ကြရအောင်ပါ။

၁၉၉၄ ခုနှစ်ထုတ် သင့်ဘဝ မဂ္ဂဇင်း မျက်နှာဖုံးဆောင်းပါး တပုဒ်ကို ပြန်လည် ကောက်နုတ် မျှဝေချင်ပါတယ်။ ရေးသားသူက ဆရာ မောင်သစ်ဆင်းပါ။ မူရင်း ဆောင်းပါးရဲ့ခေါင်းစဉ်က "တုတ်တစ်ချောင်း၏ အတ္ထုပတ္တိ" ဖြစ်ပါတယ်။

"ဖြန်း... ဖြန်း..."

စားပွဲပေါ် ကြိမ်လုံးကျသံကြောင့် သူငယ်တန်း (ခ)သည် ရုတ်ချည်း ငြိမ်ဆိတ်သွား၏။ ငါးနှစ်အရွယ် ကလေးငယ်တို့သည် မျက်လုံးလေးများ ဝိုင်းကာ ဆရာမကို ကြည့်နေကြ၏။

"ဆူလှချည်လား၊ ပါးစပ်တွေ ပိတ်၊ စာအုပ်ကို ဖွင့်၊ ဒါ အိမ်မဟုတ်ဘူး... ကျောင်း... ကျောင်း..."

မျက်နှာတင်း၍ လေသံမာသော ဆရာမသည် ကြိမ်လုံးကို စားပွဲပေါ်သို့ အသံမြည်အောင် ပစ်တင်လိုက်သည်။

"ကဲ... အားလုံး 'ဏ' ကြီး တမျက်နှာ ရေးကြရမယ်။ အခုအချိန်အတွင်း ပြီးအောင် ရေးရမှာနော်။ နောက်ထပ် တစ်မျက်နှာကို အိမ်စာလုပ်ခဲ့ကြ။ ကြားကြလား...၊ ကိုင်း... ရေးကြတော့"

တစ်တန်းလုံး တိတ်ဆိတ်လျက်ရှိသည်။ စာအုပ်တွေ ရှေ့မှာထားကာ ခုံတွေပေါ်မှာ ကလေးငယ်များ ငြိမ်ငြိမ်လေးတွေ ထိုင်နေကြသည်။ လက်ကလေးတွေကလွဲ၍ သူတို့ မလှုပ်ရှားနိုင်ကြ၊ မလှုပ်ရှားပံ့ကြ။

ဒုတိယတန်း အစွန်းမှ မေမီစိုးသည် သူနှင့် ဘေးချင်းယှဉ်လျက် တစ်ဖက် ခုံစွန်းမှ စည်သူအောင် 'ဏ'ကြီး အရေးမှားနေသည်ကို တွေ့လိုက်ရ၏။ သူက စည်သူအောင်ကို တိုးတိုးလေး လှမ်းခေါ်လိုက်သည်။

"စည်သူအောင်... စည်သူအောင် နင်ရေးတာ မှားနေတယ်။ 'က'ကြီး ဖြစ်နေတယ်"

စည်သူအောင်သည် တစ်ချက်လှည့်ကြည့်၏။ သူ့မျက်နှာမှာ စိတ်ရှုပ် ထွေးနေပုံရသည်။

"ဟောဒီမှာ ဏကြီးက ဒီလိုရေးရတာ"

မေမီစိုးက သူ့စာအုပ်ကို ထောင်ပြလိုက်သည်။

"မေ မီ စိုး..."





ဆရာမ၏ အသံက မိုးချုန်းသလို မြည်ဟည်းသွား၏။ မေမီစိုး၏ လက်ထဲကစာအုပ် လွတ်ကျသွားလေသည်။

"ဘာဖြစ်လို့ စကားပြောရတာလဲ၊ အခုချက်ချင်း ခုံပေါ်မှာ ဒူးထောက် ထိုင်စမ်း၊ ဒူးထောက်ရေး၊ နောက်တစ်ခါ လှုပ်ပံ့လှုပ်ကြည့်စမ်း၊ ကြိမ်လုံးစာ မိသွားမယ်"

မေမီစိုးသည် ခုံပေါ်တွင် ဒူးထောက်ထိုင်လိုက်ရ၏။ သူ့တစ်ကိုယ်လုံး တုန်နေသည်။ ဒူးနှစ်ဖက်၏အောက်မှာ ဇီးစေ့လား၊ ကျောက်ခဲငယ်လေးလား မသိ၊ ဖိမိလျက်သား ဖြစ်နေသည်။ သို့သော် သူ နေရာမရွှေ့ရဲ၊ မလှုပ်ရဲ၊ သည်အတိုင်းပေ၍ စာရေးရ၏။ ကြာသော် ဖိမိထားသည့် နေရာက တစ်စ တစ်စ နာကျင်၍လာသည်။ နဖူးမှာ ချွေးတွေ စို့လာ၏။ အတန်းထဲမှာ သူတစ်ယောက်တည်း ဒူးထောက်နေရသည့် အဖြစ်။

ဒူးအောက်က ပြင်းထန်လာသည့် ဝေဒနာ၊ အရှက်နှင့် နာကျင်မှု။ နာကျင်မှုနှင့် အရှက်။ အရှက်နှင့် နာကျင်မှုအပြင်... အကြောက်...၊ အကြောက်...၊ အကြောက်...။

သည်းမခံနိုင်တော့သည်၏ အဆုံး၌ မေမီစိုး ငိုချလိုက်လေသည်။

ဆရာမက-"အံမယ် ဒူးထောက်ခိုင်းတာလေးကို ငိုတယ်ပေါ့။ ဟုတ်လား။ အတော် အငိုဂါသနာပါတယ်နဲ့ တူတယ်။ လာခဲ့... ထွက်ခဲ့စမ်း ရှေ့ကို..."

တစ်တန်းလုံး တိတ်ဆိတ်စွာ ကြည့်နေကြဆဲ အချိန်လေးအတွင်း ကြိမ်လုံးသံဖြန်းကနဲအောက်၌ သူငယ်တန်း(ခ)သည် တုန်လှုပ်သွား လေသည်။

**မေးခွန်း - အနာဂတ်တွင် ကြီးပြင်းလာမည့် ကလေးအတွက် ငြိမ်ဝပ်စွာ နားထောင်ခြင်းသည် တန်ဖိုးဖြစ်ပါသလား။ မိတ်ဆွေ သူငယ်ချင်းကို ရိုင်းပင်း ကူညီစိတ်ကို ပျိုးမထောင်ပေးသင့်ပေဘူးလား။**

အထက်ပါ အဖြစ်အပျက်မျိုး မူလတန်းကျောင်းများမှာ အတွေ့ရများမယ် ထင်ပါတယ်။ ကလေးရဲ့ သဘာဝကို မသိမြင်မိကြဘဲ ဆရာတွေ ဆရာမ တွေက အတင်းအကျပ် အခုလို ဆက်ဆံတာမျိုး မဖြစ်သင့်ပါ။ တကယ်တော့ ရိုက်နှက်ဆုံးမခြင်းဟာ ကလေးရဲ့ လွတ်လပ်တဲ့စိတ်ကို အရိပ်မည်းကြီးဘဝ တစ်လျှောက် အုပ်မိုးသွားစေပြီး ကြောက်စိတ်ကို ကြီးထွားမွန်းကျပ်စေနိုင် ပါတယ်။

ဒါကြောင့် ကလေးတွေရဲ့ လက်ဦးဆရာ မိဘပြီးရင် ဒုတိယ လက်ဦး ဆရာဖြစ်တဲ့ ဆရာဆရာမတွေရဲ့ အခန်းကဏ္ဍကလည်း အလွန်ကို အရေးပါ ပါတယ်။





# အခန်း(၁၄၊ ဃ)

## ကလေးတွေနဲ့ဆက်ဆံရေး(၃)

မိဘနဲ့ကလေး ဆက်ဆံရေးအပြင် ဆရာနဲ့ကလေး ဆက်ဆံရေးတွေနဲ့ ပတ်သက်ပြီး ၁၉၉၄ ခုနှစ်ထုတ် သင့်ဘဝ မဂ္ဂဇင်း မျက်နှာဖုံးဆောင်းပါး တပုဒ်ကို ပြန်လည် ကောက်နုတ် မျှဝေချင်ပါတယ်။ ရေးသားသူက ဆရာ မောင်သစ်ဆင်းပါ။ မူရင်းဆောင်းပါးရဲ့ ခေါင်းစဉ်က "တုတ်တစ်ချောင်း၏ အတ္ထုပ္ပတ္တိ" ဖြစ်ပါတယ်။

အစပိုင်းမှာ တင်ပြခဲ့သလို မိဘတွေ ဂုဏ်ယူရတဲ့ သားလေး သမီးလေး တွေဖြစ်အောင် ပြောဆိုဆုံးမတဲ့နေရာမှာ နည်းလမ်းကျဖို့ မှန်ကန်ဖို့ လိုပါတယ်။ မိဘတွေကိုယ်တိုင်က အထက်စီးဆန်ဆန် ဆုံးမတာမျိုးက ဆုံးမ ရာ မရောက်တဲ့အပြင် နှိပ်စက်ရာရောက်ပါတယ်။

အဲဒါထက် ပိုဆိုးတာက သားသမီးရဲ့ စိတ်ဓာတ်အညွန့်ကို ချိုးပစ်လိုက်

သလို ဖြစ်နေတာပါ။ ကဲ ဆောင်းပါးရဲ့ တတိယ ဇာတ်ကွက်လေးတခုကို ကြည့်ကြရအောင်ပါ။

"ကဲဟယ်"

ဒေါက်ခနဲ ခေါင်းခေါက်ခံလိုက်ရသော ကလေးသည် နာကျင်မှုကြောင့် မျက်ရည်လည်လာ၏။ မိခင်၏ အားမလို အားမရဖြစ်မှု၊ စိတ်မရှည်မှုတို့သည် ဒေါသအဖြစ် ပြောင်းသွားခဲ့ပြီ ဖြစ်သည်။

"ဒီလောက်လေးမှ မတွက်တတ်ဘူးလား... ဟင်။ ထောင်စမ်း... ညာဘက်က လက်လေးချောင်းထောင်။ ဘယ်ဘက်က လက်သုံးချောင်းထောင်။ ဟာ... လေးချောင်းထောင်ပါဆို၊ အခုထိ မထောင်တတ်သေးဘူးလား။ လေးချောင်း... လေးချောင်... ဟောဒီလို လေးချောင်း"

ကလေးမှာ အယောင်ယောင်အမှားမှား ဖြစ်နေရှာ၏။ သုံးကြိမ် ထပ်အခေါက်ခံရပြီးမှ လက်လေးချောင်း ထောင်ဖြစ်သွား၏။

"ဟုတ်ပြီ..၊ ကဲ... ပေါင်းတော့...၊ လေးနဲ့ သုံးပေါင်း။ ဟဲ့... ပေါင်းလေ။ ဘာကြောင်ကြည့်နေတာလဲ"

"တစ်...၊ နှစ်...၊ သုံး...၊ ငါး...၊ ခြောက်..."

"ဘာ... သုံး ပြီးရင် ဘာလဲ"

ကလေးက ဘာမှ မပြောရဲတော့။

"ဟဲ့... မေးနေတယ်လေ... သုံးပြီးတော့ ဘာလဲလို့။ ဟား.... တစ်၊ နှစ်၊ သုံး လေး တောင် မရေတတ်တော့ဘူးလား"

ကလေး၏ မျက်ဝန်းများတွင် မျက်ရည်တွေ ပေ့သီနေပြီ။ စိတ်လည်း အတော်ကျဉ်းကျပ်နေသည်။

မိခင်ဖြစ်သူက "အဖျင်း...၊ အ,အ ၊ အတုံး။ နင် တော်တော်ညံ့ပါလား။ ဟိုဘက်အိမ်က မိနွယ်တို့ဆို... အပေါင်းအနုတ် ရျောင်းရျောင်းပြေးနေပြီ။ နင်ကတော့ ဆော့ဖို့ပဲ သိတဲ့အကောင်"ဟု ကလေးကို ဆူပူကြိမ်းမောင်း





နေသည်။

ကလေးမှာ ဘာမှမပြောရဲ... မဆိုရဲတော့။ သူ ဆိုလိုက်မှ ထပ်မှားနေဦးမည်ကို စိုးရိမ်နေခြင်းဖြစ်သည်။ သို့သော် မိခင်ဖြစ်သူက ဆူပူကြိမ်းမောင်းရုံနှင့် မကျေနပ်နိုင်သေး။

"သွား...၊ လက်ပိုက်ပြီး တစ်နာရီတိတိရပ်နေ။ သွား... ငါ မဖြုတ်ခိုင်းဘဲ လက်ဖြုတ်မယ်မကြံနဲ့။ တိုင်မှာ ကြိုးနဲ့တုပ်ထားမယ်။ သုံးနဲ့ လေး မပေါင်းတတ်မချင်း ဆော့ရလိမ့်မယ်မထင်နဲ့"

ဂဏန်း မပေါင်းတတ်သဖြင့် အခန်းထောင့်မှာ တွေဝေစွာ လက်ပိုက်၍ ရပ်နေရသော ကလေးငယ်သည် လေးနှစ်အရွယ် ဖြစ်ပါသည်။

**မေးခွန်း - မိခင်သည် စာတတ်သည်ဟု သူ့ကိုယ်သူပြောလျှင် သင် လက်ခံပါမည်လား။**

အထက်ပါ ဇာတ်ကွက်လေးမှာ မိခင်ဖြစ်သူက ကိုယ့်သားသမီးကို တော်စေချင် တတ်စေချင်လို့ဆိုတာထက် သားသမီးကို ဖိနှိပ်နှိမ်ချပြောဆိုတာက ပိုများမနေဘူးလား။ ဒီလို အရွယ်ကလေးငယ်တွေကို သွန်သင်တဲ့နေရာမှာ ကလေးရဲ့စိတ်ပါဝင်စားမှုကို အလေးဂရုပြုရမှာ ဖြစ်တယ်။

ကလေးကို အတင်းအဓမ္မ သင်ပေးတာ၊ အတင်းအကျပ် ဆုံးမတာတွေဟာ ကလေးငယ်ရဲ့စိတ်ကို ထိခိုက်စေပါတယ်။ အဆိုးဆုံးက သူဆက်ပြောရင် ဆက်မှားနေမှာပဲဆိုပြီး သူ့ကိုယ်သူ ယုံကြည်စိတ်ချမှု ကင်းမဲ့သွားစေတာပါပဲ။ ကိုယ့်ကိုယ်ကို ယုံကြည်မှုမရှိတဲ့ ကလေးငယ်ရဲ့အနာဂတ်ဟာ ရေရာသေချာမှု မရှိနိုင်တော့ပါ။

နောက်ပြီး ကလေးကို တခြားတယောက်နဲ့ နှိုင်းယှဉ်ပြောလိုက်ခြင်းအားဖြင့် သူဟာ ဘယ်တော့မှ အဲဒီကလေးလောက်တတ်မှာ မဟုတ်တော့ဘူးလို့လည်း သူ့ကိုယ်သူ သတ်မှတ်သွားစေနိုင်ပါတယ်။

ကလေးကို ကြောက်အောင်လုပ်တာ ကောင်းပါသလား။ လောကမှာ ကြောက်စရာအကောင်းဆုံးက အကြောက်တရားပဲ မဟုတ်လား။ ကလေးတွေရဲ့ အကြောက်တရားကိစ္စက အရေးကြီးပါတယ်။

နိုင်ငံတိုင်းရဲ့ အဖိုးအထိုက်တန်ဆုံး သယံဇာတဟာ ရေနံမဟုတ်၊ သစ်တောမဟုတ်၊ ရွှေငွေရတနာ ကျောက်သံပတ္တမြား တွင်းထွက်တွေ မဟုတ်။ ကလေးတွေသာ ဖြစ်တယ်။ နိုင်ငံတိုင်းမှာ အရေးအကြီးဆုံး ပုဂ္ဂိုလ်တွေဟာ ကလေးတွေပါ။

သူတို့အပေါ် တန်ဖိုးထားမှု အနည်းအများဟာ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းရဲ့ ယဉ်ကျေးမှု စံချိန်စံညွှန်း အနိမ့်အမြင့်ကို ဖြစ်စေပါတယ်။ ကလေးတွေကို အခွင့်အရေး အပြည့်အဝပေးခြင်း၊ ကျန်းမာပျော်ရွှင် ကျေနပ်စေခြင်းဟာ အကောင်းဆုံးသော အနာဂတ် ရင်နှီးမြှုပ်နှံမှုပါပဲ။

အဲသလို အရေးတကြီး တန်ဖိုးရှိတဲ့ ကလေးတွေရဲ့ရင်ထဲကိုကြောက်စိတ်သွင်းပေးလိုက်တာဟာ အနာဂတ် လူ့အဖွဲ့အစည်းကို မြေမြှုပ်သင်္ဂြိုဟ်ဖို့ ကျင်းတူးပေးလိုက်တာပါပဲ။

ကလေးတွေနဲ့ လူကြီးတွေဟာ တစ်ခုတည်းသော လောကကမ္ဘာမှာ နေထိုင်နေကြတာလို့ အထင်ရှိနေကြပါတယ်။ တကယ်တော့ မဟုတ်ပါဘူး။ ကလေးဟာ သူ့လောက ကမ္ဘာလေးနဲ့သူ သီးခြား နေနေတာပါ။ ကလေးအတွက် ဒီလောကကြီးဟာ အသစ်စက်စက်ပါ။ အရာရာဟာ စိတ်ဝင်စားစရာပါ။ သူတို့ဟာ ကလေးကမ္ဘာမှာ အံ့ဩမှု၊ ထိတ်လန့်မှုတွေနဲ့ သီးခြားနေကြတဲ့ ကလေးတွေသာ ဖြစ်တယ်။

အရွယ်ရောက်ပြီး လူကြီးကမ္ဘာထဲကို သူတို့ဘာသာသူတို့ တဖြည်းဖြည်းနဲ့ မှန်မှန်ကန်ကန်တိုးဝင်လာနိုင်ဖို့ လက်ဦးဆရာတွေက အရေးကြီးလှပါတယ်။

မိဘတွေက ကိုယ်ဖြစ်စေချင်တာတွေကို အကြောက်တရားနဲ့ ဖွတ်ပုံ





သွင်းမယ်၊ အတင်းအကျပ် ပုံသွင်းပေးမယ်ဆိုရင်တော့ ကလေးဟာ စိတ်ကျန်းမာရင့်ကျက်တဲ့၊ လူမှုရေးသိနားလည်တဲ့၊ စိတ်သတ္တိနဲ့ပြည့်ဝတဲ့၊ နေ့စဉ်ဘဝမှာ ကိုယ်ကိုယ်ကို ယုံကြည်ပိုင်နိုင်တဲ့လူကြီးတွေ ဖြစ်လာဖို့ ခက်ပါတယ်။ မေတ္တာဓာတ်လွှမ်းခြုံပြီး နားလည်မှုရှိတဲ့ ပတ်ဝန်းကျင်မှာ လွတ်လွတ်လပ်လပ် ကြီးပြင်းခွင့်ရဖို့ လိုပါတယ်။

## အခန်း(၁၄၊ ၄)

### ကလေးနှင့်သီပွဲ

ဒီတပတ်မှာတော့ ကလေးတွေကို သီပွဲနဲ့ ရင်းနှီးကျွမ်းဝင်အောင် ပျော်စရာ အလုပ်ကလေးတွေနဲ့ သင်ကြားပေးကြရအောင်ပါ။ သီပွဲလို့ ပြောတော့ အရမ်းမြင့်တယ်၊ ကလေးတွေ သင်လို့ ဖြစ်ပါ့မလားလို့ ယူဆကြပါလိမ့်မယ်။ တကယ်တော့ သီပွဲဆိုတာ ပတ်ဝန်းကျင်မှာ ရှိနေတဲ့ အရာဝတ္ထု၊ တိရစ္ဆာန်၊ သစ်ပင် စတဲ့အရာတွေရဲ့ သဘောနဲ့သဘာဝကို လေ့လာတာ ဖြစ်တယ်။ အဲဒီလို လေ့လာနိုင်ဖို့... သဘောသဘာဝကို သတိပြုမိစေဖို့ မိဘဆရာတွေ အုပ်ထိန်းသူတွေက လမ်းသွယ်ညွှန်ပြပေးရမှာ ဖြစ်ပါတယ်။

### ရေပေါ်မှာပေါ်နေတဲ့ကြက်ဥ

အခု ပြောပြမှာက ရေပေါ်မှာ ပေါ်နေတဲ့ ကြက်ဥ စမ်းသပ်ချက်ပါ။

အဓိက ရည်ရွယ်ချက်က ရေရဲ့ သဘာဝ၊ ကြက်ဥရဲ့ သဘာဝအကြောင်း ကလေးတွေကို ပြောပြမှာပါ။

ကဲ... လေ့လာကြည့်ရအောင်ပါ။ ဖန်ခွက်ရှည်ရှည် တလုံး၊ ကြက်ဥတလုံး၊ ဆား ထမင်းစားဇွန်း ၅ ဇွန်းခန့်နဲ့ ရေချိုင့်တလုံးကို အသင့်ပြင်ထားပါ။

ပထမဆုံး ရေရဲ့ သဘာဝနဲ့ အသုံးဝင်ပုံတွေ အကြောင်း ပြောပြနိုင်သလို၊ ကြက်ဥရဲ့ သဘာဝနဲ့ အသုံးဝင်ပုံ၊ ဆားရဲ့ သဘာဝနဲ့ အသုံးဝင်ပုံတွေ အကြောင်း ကလေးတွေကို နည်းနည်းစီ ပြောပြဖို့ သင့်ပါတယ်။ ပြီးတော့မှ အခု စမ်းသပ်မှု အကြောင်း ပြောပြပါ။

ကလေးတို့ရေ... ဟောဒီ ဖန်ခွက်ထဲကို ရေတဝက် ဖြည့်လိုက်မယ်နော်၊ အဲဒီ ရေတဝက် ဖြည့်ထားထားတဲ့ ဖန်ခွက်ထဲကို ကြက်ဥလေးကို ထည့်လိုက် လိုက်ရင် ကြက်ဥလေးက မြုပ်သွားမလား၊ ရေပေါ် ပေါ်နေမလား... စဉ်းစား ကြည့်စမ်းကွယ်လို့ အမေးစကားနဲ့ ကလေးတွေကို စိတ်ဝင်စားအောင်ပြောပါ။

အမေးစကားအပေါ် အဖြေအမျိုးမျိုးကို တူရာအုပ်စုလေးတွေ ခွဲလိုက်ပါ။ မြုပ်သွားမယ်ဆိုတဲ့ အဖွဲ့နဲ့ ရေပေါ် ပေါ်နေမယ်ဆိုတဲ့ အဖွဲ့လေးတွေပေါ့။ အဲဒီလို အပြိုင်အဆိုင် သဘောက သူတို့ရဲ့ စိတ်အားထက်သန်မှုကို နှိုးဆွ ပေးတာ ဖြစ်တယ်။

ကဲ... ရေတဝက် ဖြည့်ထားတဲ့ ဖန်ခွက်ထဲကို ကြက်ဥလေး ဖြည်းညင်းစွာ ထည့်လိုက်ပါ။ ဘာတွေ တွေ့ရမလဲ။ ကြက်ဥလေးဟာ ရေအောက်မှာ မြုပ်နေတာ တွေ့ရလိမ့်မယ်။ အဲဒီမှာ မြုပ်သွားမယ်ဆိုတဲ့အဖွဲ့က သူတို့ မှန်တယ်ဆိုပြီး ဝမ်းသာအားရ ဖြစ်နေပါလိမ့်မယ်။

အဲဒီမှာ ဆရာက... "ဟုတ်ပြီ... မြုပ်နေတယ်နော်...၊ ဘာဖြစ်လို့လဲ ဆိုတော့ ရေရဲ့သိပ်သည်းဆက နည်းနေတော့ ကြက်ဥကို ပင့်မတင်နိုင်ဘဲ ဖြစ်နေတာကွဲ့။ တကယ်လို့ ဖော့တုံးလေး၊ သစ်သားတုံး အပိုင်းအစလေးတွေ ဆိုရင်တော့ ရေရဲ့ သိပ်သည်းဆက ပိုများတော့ သူတို့ကို ပင့်တင်နိုင်တာ ဖြစ်တယ်ကွဲ့။ ဒါပေမယ့် ကြက်ဥကျတော့ ရေထက် သိပ်သည်းဆ ပိုများ နေတော့ ရေက ပင့်မတင်နိုင်ဘူးလေ။ ဒါကြောင့် ကြက်ဥလေးက ရေထဲမှာ မြုပ်နေတာပေါ့" လို့ ရှင်းပြပါ။





အဲဒီမှာ ဆရာက စမ်းသပ်ချက်ကို ဆက်လုပ်ပြရမှာ ဖြစ်တယ်။ ဆရာက "ကဲ... စမ်းသပ်ချက်ကို ဆက်လုပ်ရအောင်"လို့ပြောပြီး ကြက်ဥလေးကို ရေထဲကနေ ဇွန်းနဲ့ ပြန်ခပ်ယူပြီး ရေထဲကို ဆားတွေကို ဖြည်းညင်းစွာနဲ့ ထည့်လိုက်ပါ။ ဘာတွေ ဖြစ်လာမလဲဆိုတာ ကလေးတွေကို စောင့်ကြည့် ခိုင်းပါ။ ရေထဲကို ဆားတွေ ပျော်ဝင်သွားတဲ့အထိ အနည်းငယ် မွှေပေးလိုက်ပါ။ ပြီးတော့မှ ကြက်ဥလေးကို ယခင်နည်းအတိုင်း ဖြည်းညင်းစွာ ပြန်ထည့်ပေး လိုက်ပါ။

ကြက်ဥလေးဟာ တဖြည်းဖြည်းနဲ့ ရေပေါ်ကို ပေါ်လာပါလိမ့်မယ်။ အဲဒီမှာ ရေပေါ်မှာ ပေါ်တယ်ဆိုတဲ့ ကလေးအုပ်စုရဲ့ ဟေး ဆိုပြီး အော်ဟစ်ပါ လိမ့်မယ်။ အဲဒါဟာ ကလေးတို့ရဲ့ သိချင်စိတ်ကို နှိုးဆွပေးတာဖြစ်ပြီး ဘာကြောင့် အခုလို ရေပေါ် ပေါ်လာရတာလဲဆိုတာ အသိချင်ဆုံးအချိန် ဖြစ်နေပါပြီ။

"ကဲ... ဆရာက ဘာကြောင့် ရေပေါ် ပေါ်လာတာလဲဆိုတာ ကလေး တို့ကို ရှင်းပြမယ်။ ဒါပေမယ့်... မင်းတို့ အရင် စဉ်းစားကြည့်ကြစမ်း။ ဘာကြောင့် ကြက်ဥက ရေပေါ် ပေါ်လာရတာလဲ"ဆိုပြီး ကလေးတွေကို မေးခွန်းထုတ်ပါ။

"ရေထဲကို ဆားထည့်လိုက်လို့ ရေပေါ်ကို ပေါ်လာတာပါ"

"ကြက်ဥလေးက ဆားကိုကြောက်လို့ ရေပေါ်ပြေးတက်လာတာပါ"

"ဆားက ကြက်ဥလေးကို မောင်းထုတ်လိုက်တာပါ"

"ဆားက ကြက်ဥလေးကို တွန်းတင်ပေးတာပါ" စသဖြင့် ကလေးတွေရဲ့ အဖြေအမျိုးမျိုးကို နားထောင်ပါ။ ပြီးတော့မှ ဆရာက -

"စောစောက ဆရာပြောခဲ့တဲ့ ရေရဲ့ သိပ်သည်းဆဆိုတာ မှတ်မိကြသေးလား။ ရိုးရိုးရေရဲ့သိပ်သည်းဆက ကြက်ဥလေးကို အပေါ်ကိုတွန်းမတင်ပေးနိုင်ဘူးကွဲ့။ ဒါပေမယ့် ဆားထည့်လိုက်တဲ့အခါ ရေရဲ့ သိပ်သည်းဆက ပိုများလာပြီး ကြက်ဥလေးကို တွန်းတင်ပေးနိုင်တာ ဖြစ်တယ်ကွဲ့။ ဒီတော့ ကြက်ဥလေး ရေထဲမှာ မြုပ်တယ်ဆိုတဲ့အဖွဲ့လည်း မှန်တယ်၊ ရေပေါ်ပေါ်တယ်ဆိုတဲ့ အဖွဲ့လည်း မှန်တယ်"

"ဟေး" (ကျောင်းသားတွေရဲ့ အသံ)

"ဒါပေမယ့်... ကလေးတို့ မှတ်ထားဖို့က ကြက်ဥလေးဟာ ရေရဲ့ သိပ်သည်းဆနည်းနေချိန်မှာ ရေထဲမှာမြုပ်ပြီး၊ ရေထဲကို ဆားတွေထည့်လိုက်တဲ့အခါ ရေရဲ့ သိပ်သည်းဆများလာပြီး ကြက်ဥလေးကို အပေါ်ကို တွန်းတင်ပေးတဲ့အခါမှာ ရေပေါ်မှာ ပေါ်တာဖြစ်တဲ့ အကြောင်းကို ကလေးတို့ မှတ်ထားကြနော်"

"ဟုတ်ကဲ့ပါ ဆရာ"

"နောက်တပတ်မှာ ဒီလို စိတ်ဝင်စားစရာကောင်းတဲ့ သိပ္ပံစမ်းသပ်မှုလေး ဆက်လုပ်ကြမယ်။ ဒီနေ့တော့ ဒီလောက်ပါပဲကွယ်"

အခုလို လက်တွေ့ စမ်းသပ်ချက်လေးတွေကနေ ကလေးတွေရဲ့ သိစမ်းချင်စိတ်၊ စူးစမ်းချင်စိတ်၊ စမ်းသပ်ချင်စိတ်ကို နှိုးဆွပေးပြီး ကလေးတွေ ဆက်လက်သင်ယူချင်စိတ်၊ လေ့လာချင်စိတ်ကို မွေးမြူပေးရမှာ ဖြစ်တယ်။

နောက်ပြီး ကလေးတွေကို သွန်သင်တဲ့အခါ သူတို့ကိုယ်တိုင် ပါဝင်နိုင်တဲ့ လုပ်ငန်းစဉ်လေးတွေလည်း ထည့်သွင်းဖို့ လိုပါတယ်။ ဥပမာ - အထက်ပါ စမ်းသပ်ချက်လေးမှာပဲ ကျောင်းသားကြီးတယောက်ကို ရှေ့က သင်ပုန်းပေါ်မှာ "ကြက်ဥ ရေထဲမြုပ်မယ်"ဆိုတဲ့ အဖွဲ့ကိုရေးပြီး အဲဒီအောက်မှာ ပါဝင်တဲ့ ကျောင်းသားကျောင်းသူတွေရဲ့ အမည်ကို ရေးပါ။ အဲဒီနောက် "ကြက်ဥရေပေါ် ပေါ်နေမယ်"ဆိုတဲ့အဖွဲ့ကို ခွဲရေးပြီး အဲဒီအောက်မှာ ပါဝင်တဲ့





ကျောင်းသား ကျောင်းသူတွေရဲ့အမည်ကို ရေးပါ။

အဲဒါ ပြီးတော့မှ စောစောက ပြောခဲ့တဲ့ စမ်းသပ်ချက်ကို တဆင့်ချင်း လုပ်ဆောင်ပြ၊ ပြောပြပေးဖို့ပါ။ ဒါဆိုရင် ကလေးတွေကို အသိပညာပေးတာ အောင်မြင်လာမှာ သေချာပါတယ်။ အဓိကအားဖြင့် ကလေးတွေကို သင်ကြားပေးရာမှာ မအောင်မမြင် ဖြစ်တတ်တဲ့ အကြောင်းရင်းက သူတို့ကို စိတ်ဝင်စားအောင် မဆွဲဆောင်နိုင်ခြင်းပါ။ ကလေးတွေရဲ့ စိတ်ဝင်စားမှု ရအောင် ဆွဲဆောင်တဲ့ အကောင်းဆုံးနည်းလမ်းက သူတို့လည်း ပါဝင်နိုင်တဲ့ သင်ကြားမှု နည်းလမ်းဖြစ်ဖို့ပါပဲ။

# အခန်း(၁၄၊ ၈)

## ကလေးနှင့်သီပွဲ

ဒီတပတ်မှာလည်း ကလေးတွေကို သီပွဲအကြောင်း ပြောပြသွားဖို့ ရည်ရွယ်ထားပါတယ်။ သီပွဲလို့ပြောတော့ သီပွဲစမ်းသပ်ခန်းမှာ ကုတ်အင်္ကျီဖြူကိုဝတ်ပြီး လက်တွေ့စမ်းသပ်ချက်တွေ လုပ်နေတဲ့ သီပွဲပညာရှင်တွေကိုပဲ ပြေးမြင်မိကြမယ် ထင်တယ်။ တကယ်တော့ သီပွဲဆိုတာ ပတ်ဝန်းကျင်မှာ ရှိနေတဲ့ အရာဝတ္ထု၊ တိရစ္ဆာန်၊ သစ်ပင် စတဲ့ အရာတွေရဲ့ သဘောနဲ့ သဘာဝကို လေ့လာတာဖြစ်တယ်။ အဲဒီလို လေ့လာနိုင်ဖို့... သဘောနဲ့ သဘာဝကို သတိပြုမိစေဖို့ မိဘဆရာတွေ အုပ်ထိန်းသူတွေက လမ်းသွယ်ညွှန်ပြပေးရမှာ ဖြစ်ပါတယ်။ တနည်းအားဖြင့် စမ်းသပ်ခန်းထဲက သီပွဲတွေ့ရှိချက်တွေကို လက်တွေ့ဘဝမှာ ဘယ်လိုယှဉ်ငင် ပေါင်းစပ်သုံးစွဲမလဲ ဆိုတာက သီပွဲပညာရပ် သင်ကြားပေးတာရဲ့ ရည်ရွယ်ရင်း အနှစ်သာရ

ဖြစ်ပါတယ်။

ကဲ ကလေးတွေရဲ့ စဉ်းစားတွေးခေါ်မှုကို မြှင့်တင်ပေးနိုင်မယ့်... ပြီးတော့ ကလေးတွေရဲ့ အသိမှာ အမြဲမှတ်မိသွားမယ့် လက်တွေ့စမ်းသပ်ချက်လေး လုပ်ကြရအောင်ပါ။ စမ်းသပ်ချက်လုပ်ဖို့ လိုအပ်တဲ့ ပစ္စည်းလေးတွေက လင်ပန်း တချပ်၊ အဂကျယ် ဇောက်နက် ဖန်ဖလားကြီး (သို့မဟုတ်) ဖန်မောင်းတောင်ခွက် (သို့မဟုတ်) အဂကျယ် ဖန်ရေကရား တစ်လုံး၊ ဖယောင်းတိုင် တစ်တိုင်၊ ဖယောင်တိုင် တင်ထွန်းမယ့် သစ်သားတုံး တစ်တုံး၊ မီးခြစ်နဲ့ ပိုက်ဆံအကြွေစေ့ တချို့ လိုပါမယ်။

ပထမဦးစွာ လင်ပန်းကို ခင်းပြီး အကြွေစေ့လေးတွေကို ထည့်ပါ။ အဲဒီနောက် လင်ပန်းထဲကို ရေထည့်လိုက်ပါ။ အကြွေစေ့တွေ ရေထဲမှာ နစ်မြုပ်နေပါလိမ့်မယ်။ အဲဒီအချိန်မှာ "အဲဒီ လင်ပန်းထဲက အကြွေစေ့ကို လက်ရေမစိုဘဲ ယူနိုင်အောင် ဘယ်လို လုပ်ကြမလဲ။ လက် ရေမစိုဘဲ အကြွေစေ့တွေ ယူနိုင်သူကို ဆုချမယ်"ဆိုပြီး ကလေးတွေကို ပြောပြပါ။

ဒီနေရာမှာ ကလေးတွေ အမျိုးမျိုး တွေးကြပါလိမ့်မယ်။ တချို့က လက်ကို ပလပ်စတစ်အိတ် စွပ်ပြီးယူမယ်ဆိုပြီး ပြောကြမှာဖြစ်သလို တချို့ ကလည်း တူနဲ့ ညှပ်ယူမယ်လို့လည်း ပြောနိုင်ပါတယ်။ တချို့ကလေးတွေက ရေတွေသွန်ပြီး ယူမှာပေါ့လို့လည်း ပြောနိုင်ပါတယ်။ အဲဒီကျမှ ရေတွေကိုလည်း သွန်မပစ်ဘဲ၊ ပလပ်စတစ်အိတ်လည်း မသုံးဘဲ၊ တူလည်း မသုံးဘဲ ယူမယ့် သိပ္ပံနည်းကို လက်တွေ့ပြမယ်ဆိုတဲ့အကြောင်း ကလေးတွေကို ပြောပြပါ။

နောက်ပြီး - ကလေးတို့ ဂန်းကျင်မှာရှိနေတဲ့ လေထုထဲမှာ အောက်စီဂျင်ဓာတ်ငွေ့ဆိုတာ ရှိတဲ့အကြောင်း၊ လူနဲ့ သက်ရှိ သတ္တဝါတွေအတွက် အရေးပါတဲ့ ဓာတ်ငွေ့ဖြစ်ကြောင်း စတဲ့ အောက်စီဂျင်ရဲ့ ဓာတ်ဂုဏ်သတ္တိတွေအကြောင်း ရှင်းပြပါ။ အဲဒါနဲ့ တဆက်တည်း တခြားဓာတ်ငွေ့တွေရဲ့ ရုပ်ဂုဏ်





သတ္တိနဲ့ ဓာတ်ဂုဏ်သတ္တိတွေ အကြောင်းလည်း အလျဉ်းသင့်သလို ရှင်းပြပေးပါ။

အဲသလို ရှင်းပြပြီးပြီဆိုရင်တော့ "ကလေးတို့ရေ ဟောဒီမှာ အောက်စီဂျင်ရဲ့ ဓာတ်ဂုဏ်သတ္တိက ကိုယ်တိုင် မီးလောင်သော်လည်း မီးလောင်ခြင်းကို အားမပေးဘူး ဆိုတဲ့အချက်ကို လက်တွေ့စမ်းသပ်ပြမှာကွဲ့။ အဲဒီလို စမ်းသပ်ရင်း ကလေးတွေ ဘာတွေ ဖြစ်လာမလဲဆိုတာ ကြည့်ကြအောင်..." ဆိုပြီး ကလေးတွေရဲ့ သိချင်စိတ်ကို မြှင့်တင်ပေးပါ။

အဲဒီနောက် မီးခြစ်ခြစ်ပြီး ဖယောင်းတိုင်လေးကိုထွန်းပါ။ သစ်သားတုံးလေးကို လင်ပန်းထဲချပြီး အဲဒီ သစ်သားတုံးအပေါ် ဖယောင်းတိုင်ကို တင်ထွန်းပါ။ အဲဒီနောက် အဂကျယ် ဇောက်နက် ဖန်ဖလားကြီး၊ ဒါမှမဟုတ် ဖန်မောင်းထောင်ခွက်၊ ဒါမှမဟုတ် အဂကျယ် ဖန်ရေကရားကို အဲဒီ သစ်သားတုံးပေါ်မှာ ထွန်းထားတဲ့ ဖယောင်းတိုင်ကို အုပ်လိုက်ပါ။ ဘာတွေ ဖြစ်လာမလဲ ကလေးတွေကို စောင့်ကြည့်ခိုင်းပါ။

ဖန်ရေကရား အုပ်ထားတဲ့ အောက်မှာ ဖယောင်းတိုင်လေး မီးတောက်နေတာ တွေ့ရမှာဖြစ်ပြီး တဖြည်းဖြည်းနဲ့ ဖန်ရေကရားအောက်ထဲကို အပြင် လင်ပန်းထဲက ရေတွေ တဖြည်းဖြည်း ဂင်ရောက်လာတာ တွေ့ရမှာပါ။ ဒီလိုနဲ့ နောက်ဆုံးမှာ ဖန်ကရား အတွင်းထဲကို ရေတွေ အကုန်လုံး ရောက်ရှိလာပြီးတဲ့နောက် ဖယောင်းတိုင်မီး သေသွားတာ တွေ့ရမှာပါ။

"ကဲ... အကြွေစေ့တွေကို ရေမစိုဘဲ ယူနိုင်ပြီးလား၊ ကြည့်ကြ"လို့လည်း ကလေးတွေကို ပြောရမှာ ဖြစ်သလို တဆက်တည်း ဒီလို ရေတွေ ဘာကြောင့် ဖန်ကရားထဲကို ဂင်သွားတာလဲ ဆိုတဲ့အကြောင်းကို ဆက်ပြီးရှင်းပြဖို့ လိုပါဦးမယ်။

တကယ်တော့ ဖယောင်းတိုင်လေးရဲ့ မီးတောက်က ပတ်ဂန်းကျင်မှာရှိတဲ့ အောက်စီဂျင်တွေကို လောင်ကျွမ်းနေတာ ဖြစ်ပါတယ်။ ဖယောင်းတိုင်လေး

အပေါ် ဖန်ကရားအုပ်လိုက်တဲ့အခါမှာ ဖန်ကရားထဲမှာရှိတဲ့ အောက်စီဂျင်တွေ လောင်ကျွမ်းသွားပြီး အဲဒီ လောင်ကျွမ်းသွားတဲ့ အောက်စီဂျင်တွေရဲ့ နေရာကို အပြင်ဘက်ကရေတွေက အစားထိုး ဝင်ရောက်လာတာ ဖြစ်တယ်ဆိုတဲ့ အကြောင်း ရှင်းပြပါ။

အဲဒီလို လက်တွေ့ စမ်းသပ်ချက်တွေနဲ့ သင်ကြားပေးတာဟာ ကလေးငယ်အတွက် ဘယ်တော့မှ မမေ့စေသလို ဆက်ပြီးတော့လည်း သူ့ရဲ့ သိစမ်းချင်စိတ်၊ စမ်းသပ်ချင်စိတ်နဲ့ ဖန်တီးချင်တဲ့စိတ်တွေ ဖြစ်စေပါတယ်။ ဒါဟာ သိပ္ပံကို လက်တွေ့နယ်ပယ်နဲ့ ပေါင်းစပ်ယူတာ ဖြစ်ပါတယ်။

တကယ်တော့ သိပ္ပံပညာကို လက်တွေ့နဲ့ ပေါင်းစပ်ယူပြီး အသုံးချနိုင်တာဟာ လူ့အဖွဲ့အစည်းတရပ်လုံးအထိ တိုးတက်စေတာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကလေးငယ်တွေကို သိပ္ပံနဲ့ လက်တွေ့ပေါင်းစပ်ပေးဖို့ တိုက်တွန်းရတာ ဖြစ်ပါတယ်။





## အခန်း(၂၀၊ ဆ)

### ကလေးနှင့်အနုပညာ

အနုပညာဖန်တီးမှုက ကလေးတို့ဘဝ ဖွံ့ဖြိုးစေတဲ့အကြောင်းနဲ့ ပတ်သက်ပြီး မိဘတဦးက - "အနုပညာဖန်တီးမှုနဲ့ ဘဝအောင်မြင်မှုက ဘာဆိုင်လို့လဲ"ဆိုပြီး မေးမြန်းလာပါတယ်။

"စာကျက်ချိန် စာမကျက်ဘဲ ရုပ်ပုံတွေ ပန်းချီတွေ လျှောက်ရေးနေရင် စာမေးပွဲကျမှာပေါ့။ အဲဒါက ဘဝတိုးတက်မှု ဘယ်လို ဖြစ်စေနိုင်ပါ့မလား" လို့ ထပ်ဆင့်ပြောလာပါတယ်။

တကယ်တော့ စာမေးပွဲဆိုတာ တနှစ်တတန်း တက်ပြီး ဖြေရတာ ဖြစ်ပြီး၊ တနှစ်စာ အောင်မြင်မှုကို သတ်မှတ်တာလို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် ဘဝတသက်စာ အောင်မြင်မှုနဲ့ဆိုရင် တနှစ်စာအောင်မြင်မှုက ဘာမှ ပြောပလောက်မယ် မထင်ပါ။ အနုပညာဖန်တီးမှု၊ အနုပညာခံစားမှုကို သင်ယူခြင်း၊

သင်ကြားခြင်းဟာ ကလေးတို့ ဘဝတသက်စာ အောင်မြင်မှုအတွက် အခြေခံကျပြီး အရေးပါပါတယ်။ ဒါကြောင့် အနုပညာ ဖန်တီးမှုအကြောင်း၊ အနုပညာ ခံစားမှုတို့အကြောင်း ကလေးတို့ကို ပြောပြပေးနေတာပါပဲ။

အနုပညာဆိုတာ ညီညွတ်ခြင်း၊ မျှတခြင်း၊ ပေါင်းစည်းခြင်းဆိုတဲ့ အဓိပ္ပာယ်တွေ ပေါင်းစပ်ပါဝင်နေပါတယ်။ အဲဒါတွေဟာ လှပမှုကို ဖော်ကျူးထားတာဖြစ်ပြီး၊ အဲဒီ ဖော်ကျူးမှုကို လူတွေအားလုံး ခံစားနိုင်ဖို့ မျှဝေတာလည်း ပါဝင်ပါတယ်။

အနုပညာ လက်ရာတခုကို ကြည့်လိုက်ရင် ပထမဆုံး မြင်တွေ့ရမှာက ညီညွတ်မျှတမှုပါ။ အရောင်တွေရဲ့ ညီညွတ်မှု၊ အရုပ်တွေရဲ့ ညီညွတ်မှုကို တွေ့မြင်ရမှာ ဖြစ်တယ်။ အရောင်တွေ တခုနဲ့တခု ဘယ်လိုပဲ တွန်းထိုးရုန်းကြွနေပါစေ အနုပညာ လက်ရာထဲမှာတော့ ညီညွတ်နေရမှာပါ၊ တခုနဲ့တခု မျှတနေရမှာပါ၊ ပြီးတော့ ပေါင်းစည်းနေရမှာ ဖြစ်တယ်။

အဲသလိုပဲ အရုပ်တွေ၊ ပုံတွေ၊ မျဉ်းတွေဟာလည်း ညီညွတ်၊ မျှတ၊ ပေါင်းစည်းနေတဲ့သဘော ရှိပါတယ်။ ကြည့်ရှုသူအနေနဲ့လည်း ဒီသဘောကို မြင်တွေ့ရမှာဖြစ်သလို ဖန်တီးသူအနေနဲ့ အဲဒီသဘောအတိုင်း ဖန်တီးတင်ပြပါတယ်။ အထူးသဖြင့် စိတ်ခံစားမှုကို ကျွမ်းကျင်မှုနဲ့ ပုံဖော်ပြတာ ပန်းချီဖြစ်တယ်။ တနည်းအားဖြင့် အနုပညာ ဖြစ်ပါတယ်။

အဲဒါကြောင့် "အနုပညာဆိုတာ တခုခုကို ရည်ရွယ်ပြီး ဖန်တီးတာတွေ၊ အကြောင်းပြချက် တခုခုကြောင့် ဖန်တီးတယ်ဆိုတာတွေမပါဘဲ ဖန်တီးမှုသက်သက်၊ အဲဒီလို ဖန်တီးနေရမှုမှာ ပျော်မွေ့နေမှုသက်သက်နဲ့ ဖန်တီးတာဟာ အနုပညာပါ"လို့ ပညာရှင်တဦးက ပြောပါတယ်။





## ကလေးတို့ဆွဲတဲ့ပန်းချီပုံလေးတွေ

တကယ်လို့ ကလေးတယောက်ဟာ ရုပ်ပုံတခု၊ လူပုံတခုကိုကို သူဆွဲတတ်သလို ဆွဲတယ် ဆိုပါတော့..၊ အဲဒီ ကလေးဟာ ကြည့်မြင်နိုင်စွမ်း (Visually)အရ တခြားသူတွေနဲ့ ဆက်သွယ် ဆက်စပ်တဲ့ ဖန်တီးမှုကို လုပ်နေတာပါပဲ။ အဲဒီလိုပဲ ကလေးတဦးဟာ ပန်းခြံထဲမှာ ကစားနေပုံဖြစ်ဖြစ်၊ သူရောက်ဖူး မြင်ဖူးခဲ့တဲ့ နေရာပဲဖြစ်ဖြစ် အရောင်စုံသုံးပြီး ဖန်တီးတာဟာ သူစိတ်ခံစားမှုကို ထင်ဟပ်ပြတဲ့ ဖန်တီးတာပဲ ဖြစ်ပါတယ်။

မင်းသမီး ဒိုင်ယာနာ (Diana) က "My kids express things through their art that they don't even have words for yet."လို့ ပြောခဲ့ဖူးတယ်။ ဆိုလိုတာက "ကျမတို့ရဲ့ ကလေးတွေဟာ သူတို့ဖန်တီးထားတဲ့ အနုပညာလက်ရာကနေပြီး စကားနဲ့ပြောလို့မရတဲ့ (လေးနက်မှု၊ နက်ရှိုင်းမှု) အရာတွေကို ထင်ဟပ်တင်ပြကြတယ်"လို့ ဆိုပါတယ်။

တကယ်လို့ ကလေးတို့အနေနဲ့ ဖန်တီးမှုတခုခုကို စမ်းသပ်ရေးဆွဲဖန်တီးနေတယ်ဆိုပါတော့ သူဟာ သိပ္ပံပညာရှင်တဦးလိုပဲ နောက်ဆုံးကျေနပ်မှုရလဒ်ရအောင် ကြိုးစားသွားမှာပါပဲ။ သိပ္ပံပညာနဲ့ ဆက်စပ်တဲ့ သင်္ချာပုစ္ဆာတွေမှာတော့ အဖြေမှန်က တခုပဲ ရှိတတ်ပါတယ်။ ဒါပေမယ့် အနုပညာဖန်တီးရာမှာတော့ အဖြေတခုထက် ပိုနိုင်တာတွေကို စဉ်းစားနားလည်ဖန်တီးယူနိုင်တာ တွေ့ရပါတယ်။

တနည်းပြောရရင် ဘယ်လို(how)နဲ့ ဘာကြောင့်(why)ဆိုတဲ့ ပုံမှန်စဉ်းစားတွေးတောနေကျထက် ပိုလွန်တဲ့ အတွေးအမြင် စိတ်ကူးတွေကိုပါ ရင့်သန်အားကောင်းစေပါတယ်။

လင်းဆေး (Lindsay) က "Art helps my kids feel willing to try new ideas, to experiment, to solve problems."လို့ ပြောပါတယ်။ သူပြောတာက "အနုပညာဖန်တီးမှုက ကျမရဲ့ ကလေးတွေကို အတွေး

စိတ်ကူးသစ်တွေ၊ စမ်းသပ်မှုတွေနဲ့ အခက်အခဲပြဿနာတွေအတွက် ဖြေရှင်းတာတွေအတွက် အားပေးကူညီ မြှင့်တင်ပေးပါတယ်” တဲ့။

အနုပညာ ဖန်တီးသူကလေးများ၊ အနုပညာလက်ရာတွေကို ကြည့်ရှုသူကလေးတွေအတွက် လူမှုဆက်ဆံရေးမှာ တဖက်သတ်မမြင်ဘဲ ဘက်ပေါင်းစုံက ကြည့်မြင်တတ်အောင် စေ့ဆော်ပေးတာ တွေ့ရတယ်။ ကိုယ့်လက်ရာကလည်း သူတပါးကို ခံစားနားလည်စေသလို၊ သူတပါး ဖန်တီးထားတာကိုလည်း ကိုယ့်စိတ်ကိုယ့်သဘော ကိုယ့်အတွေ့အကြုံနဲ့ယှဉ်ပြီး ခံစားနားလည်စေပါတယ်။ ဒါကြောင့် နိုင်ငံတကာမှာဆိုရင်.. ငယ်စဉ်ကလေးဘဝကတည်းကပန်းချီပြပွဲနဲ့အနုပညာလက်ရာပြပွဲတွေကိုသွားရောက်လည်ပတ်ကြည့်ရှုလေ့ ရှိကြတယ်။ ကြည့်ရှုနိုင်အောင်လည်း အစိုးရက စီစဉ်ပေးထားပါတယ်။

After my kids spend time creating process art, they focus better in math, science, and other academic assignments.

“ကျမရဲ့ ကလေးတွေ အနုပညာဖန်တီးမှုအချိန်တွေ လုပ်ဆောင်ပြီးနောက်ပိုင်းမှာတော့ သူတို့ဟာ သင်္ချာ၊ သိပ္ပံပညာနဲ့ တခြား အကဲဒမစ်ပညာရပ်တွေမှာလည်း ချဉ်းကပ်ယူပုံ ကောင်းမွန်လာတယ်”လို့ မာတာ (Marta)က ပြောတာ ဖြစ်ပါတယ်။

တကယ်တော့ မိဘတွေက သားသမီးတွေကို

ပေးတဲ့အရာတွေထဲမှာ (H) သုံးလုံး ဖြစ်ပါတယ်။

အဲဒီထက်လည်း အများကြီး ပိုနိုင်ပါသေးတယ်။

အခြေခံကျတဲ့ အဲဒီ H သုံးလုံးက

Healthy (ကျန်းမာရေး),

Happiness (ပျော်ရွှင်ရေး), နဲ့

Habitability (လူ့အသိုက်အဝန်းမှာ ပါဝင်ဝင်ဆံ့ ရှင်သန်နိုင်ရေး)တို့

ဖြစ်ပါတယ်။ ကိုယ့်သားသမီး ကျန်းမာဖို့အတွက်

မိဘတွေ လိုလားသလို

ပျော်ရွှင်စေချင်တာလည်း

မိဘတိုင်းရဲ့ အနှိုင်းမဲ့ လိုလားချက်ပါ။